# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ – ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ်(၁၂၉)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြင်သစ်နိုင်ငံမှ MEDEF International စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
# ပြင်သစ်နိုင်ငံမှ MEDEF International စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံတွင် ပြင်သစ်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Christian Lechervy ဦးဆောင်သော ပြင်သစ်နိုင်ငံမှ MEDEF International စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတို့နှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် ပြင်သစ်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး အခွင့်အလမ်းများနှင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် အခြေခံအဆောက်အဦကဏ္ဍတို့၌ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအလားအလာများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန စာမျက်နှာ ၃ ကော်လံ ၅ ❑

**ထူးခြားသည့် ညအပူချိန်များ** ၅-၂-၂၀၂၀

| | | | | | |
|---|---|---|---|---|---|
| ဟားခါးမြို့ | ၀ | ဒီဂရီစင်တီဂရိတ် | မိုးကုတ်မြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၁ | ဒီဂရီစင်တီဂရိတ် | လွိုင်လင်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၂ | ဒီဂရီစင်တီဂရိတ် | ပြင်ဦးလွင်မြို့ | ၃ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၂ | ဒီဂရီစင်တီဂရိတ် | သီပေါမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၂ | ဒီဂရီစင်တီဂရိတ် | လားရှိုးမြို့ | ၄ | ဒီဂရီစင်တီဂရိတ် |


စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်းစကားဝိုင်းဆွေးနွေးပွဲကျင်းပ စကားဝိုင်း စာ » ၁၀

ဂျပန်နိုင်ငံ၌ နိုင်ငံခြားသားလုပ်သားအရေးအတွက် မြင့်တက် နိုင်ငံတကာသတင်း စာ » ၁၄



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance

Awarded by Euromoney

Awarded by The FinanceAsia

# သမိုင်းကို သင်ခန်းစာယူ

ဒုတိယကမ္ဘာစစ်ကြီးသည် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ ကံကြမ္မာကို များစွာပြောင်းလဲသွားစေခဲ့သည်။ တစ်ချိန်က နယ်ချဲ့အင်ပါယာများ တစ်ခုပြီးတစ်ခု လဲပြိုသွားကြပြီး အင်ပါယာအရှင်သခင်နိုင်ငံများမှာလည်း လက်အောက်ခံကိုလိုနီနိုင်ငံများကို လက်လွှတ်ရကာ တစ်ချိန်က နေမဝင်အင်ပါယာသည်လည်း နိဂုံးချုပ်ခဲ့ရသည်။ မဟာမိတ်နိုင်ငံများဘက်မှ ဗြိတိန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် စစ်နိုင်သည့်ဘက်မှဖြစ်သော်လည်း စစ်ကြီးအပြီးတွင် ခြေကုန်လက်ပန်းကျကာ အင်ပါယာကို လက်လွှတ်ရအံ့အခြေသို့ ဆိုက်ရောက်လာခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံဆိုင်ရာ မူဝါဒဖြစ်သည့် စက္ကူဖြူစာတမ်းခေါ် Burma Statement of Policy By H. M. G, 1945 ကို ထုတ်ပြန်လိုက်ပြီး ယင်းစာတမ်းအရ ဘုရင်ခံတစ်ဦးတည်း အုပ်ချုပ်သည့်စနစ်ဖြင့် မြန်မာနိုင်ငံကို သုံးနှစ်မျှ ဆက်လက်အုပ်ချုပ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ နိုင်ငံရေးနိုးကြားတက်ကြွမှုများ ပြင်းထန်နေပြီဖြစ်သည့် မြန်မာပြည်သူလူထုက လွတ်လပ်ရေးကိုသာ အလိုရှိနေပြီဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းက "တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန်" ဗြိတိသျှအစိုးရကို အတိအလင်းတောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အခါတွင် တောင်တန်းဒေသများပါ တစ်ပါတည်း လွတ်လပ်ရေးရရှိရန်အတွက် အားထုတ်ကြိုးပမ်းခဲ့ရာမှ ပင်လုံညီလာခံဖြစ်ပေါ်လာရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အဓိကအရေးပါခဲ့သည့် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ရာတွင် လွယ်ကူချောမွေ့စွာ ပြီးမြောက်ခဲ့ရခြင်းမဟုတ်ဘဲ အနှောင့်အယှက်များစွာ၊ အဖျက်အမှောင့်များစွာတို့ကို ခက်ခက်ခဲခဲ ရင်ဆိုင်ကျော်လွှားခဲ့ကြရကြောင်း သမိုင်းမှတ်တမ်းများတွင် ပြန်လည်လေ့လာနိုင်သည်။ ပင်လုံညီလာခံကို ပထမအကြိမ်အဖြစ် ၁၉၄၆ ခုနှစ် မတ်လ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ရာတွင် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ရာတွင် လည်းကောင်း နယ်ချဲ့အစိုးရက စေလွှတ်ထားသည့် မျက်နှာဖြူအရာရှိကြီးများ၊ နယ်ချဲ့အစိုးရလက်အောက်တွင် ရာထူးနေရာရယူရေး မျှော်မှန်းထားကြသည့် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ၊ အာဏာကို လက်မလွှတ်လိုကြသည့် ပဒေသရာဇ်ဟောင်းများ စသည်တို့က လွတ်လပ်ရေးကို ဆန့်ကျင်အတိုက်အခံပြုလုပ်ခြင်း၊ တိုင်းရင်းသားအချင်းချင်း မယုံသင်္ကာ သံသယဝင်အောင် သွေးခွဲသပ်လျှိုမှုများ ပြုလုပ်ခြင်း စသည့် အဖျက်အမှောင့်ပယောဂမျိုးစုံတို့ကို ကမ်းကုန်အောင်ပြုလုပ်ကာ နှောင့်ယှက်ခဲ့ကြသည်။ သို့ရာတွင် တစ်ဖက်ကလည်း တိုင်းရင်းသားအပေါင်းတို့ စည်းလုံးညီညွတ်စွာ တန်းတူရည်တူ အတူတကွနေထိုင်ကြသည့် ပြည်ထောင်စုကြီးပေါ်ပေါက်လာရေး၊ မြန်မာနိုင်ငံ လုံးဝလွတ်လပ်ရေးတို့အတွက် တိုးတက်သည့် အင်အားစုများနှင့် တိုင်းရင်းသားပြည်သူလူထုကြီးတစ်ရပ်လုံးက နယ်ချဲ့၏ကိုယ်စားလှယ်တော်များနှင့် ၎င်းတို့၏ လက်ပါးစေများကို ဆန့်ကျင်ကာ စစ်မှန်သည့်ဆန္ဒနှင့် အင်အားတို့ကို ထုတ်ဖော်ပြသခဲ့ကြကာ နှလုံးရည်ဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။

နယ်ချဲ့တို့၏ သပ်လျှိုမှု၊ သွေးခွဲမှု၊ ခြေထိုးမှု၊ ပယောဂမီးမွှေးမှုတို့က ပဒေသရာဇ်အနွယ်တော်အချို့ကို နားယောင်စေခဲ့သော်လည်း တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုကြီးပေါ်ပေါက်လာရေးကို လိုလားသည့် တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးတို့က ပင်လုံမြေတွင် တွေ့ဆုံ၍ တစ်ခဲနက်စုစည်းခဲ့ကြကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပင်လုံစိတ်ဓာတ်ကို ပြသခဲ့ကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် သမိုင်းဝင်မည့် ပင်လုံစာချုပ်ကိုလည်း ချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာနိုင်ငံကို မဖြစ်မနေ လွတ်လပ်ရေးပေးရလျှင်သော်မှ တောင်တန်းဒေသများကို ချန်ထားရစ်ခဲ့ရန် ကြံစည်ထားသည့် နယ်ချဲ့တို့မှာလည်း ပင်လုံစိတ်ဓာတ်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသလို ပင်လုံစာချုပ်ကြောင့်လည်း လုံးဝလွတ်လပ်ရေးကို ပေးအပ်ခဲ့ရသည်။

သမိုင်းသည် သင်ခန်းစာယူရန်နှင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် မြော်မြင်ဆင်ခြင်ရန်အတွက်ပင် ဖြစ်သည်။ မိမိတို့၏ ဘိုးဘွားများ စည်းလုံးညီညွတ်ခဲ့မှု၊ ပြင်ပ ပယောဂတို့ကို တစ်စိတ်တည်း တစ်ဝမ်းတည်း တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်စွာ တွန်းလှန်ခဲ့မှု၊ သွေးရင်းသားရင်း ချစ်ခင်ရင်းနှီးမှုတို့ဖြင့် နိုင်ငံလွတ်လပ်ရေးကို ရယူပေးခဲ့မှုတို့မှာ နှောင်းလူတို့ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းခံယူသွားကြရမည့် စိတ်ဓာတ်ပင်ဖြစ်ပြီး ယင်းစိတ်ဓာတ်ဖြင့်ပင် ဘိုးဘွားအမွေ ပြည်ထောင်စုကြီးကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် စောင့်ရှောက်ကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၅

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၃ ဒသမ ၄၂ သန်း၊ နယ်စပ်ပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၆ ဒသမ ၈၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၀၀ ဒသမ ၂၉ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၉၁ ဒသမ ၃၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၄ ဒသမ ၂၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၆၅ ဒသမ ၅၈ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၆၅ ဒသမ ၈၇ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၇၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၅၁ ဒသမ ၅၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇၉ ဒသမ ၈၈ သန်းနှင့် စုစုပေါင်းပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၃၁ ဒသမ ၄၇ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၇၁ ဒသမ ၈၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂၅ ဒသမ ၇၄ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၉၇ ဒသမ ၆၂ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ နိုဝင်ဘာလအထိ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၄၂၉ ဒသမ ဝ၉ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၈၅ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (၁) ဦးထွန်းဇော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်<br>စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန |
| (၂) ဦးဝင်းဇော်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>အလုပ်သမား၊<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

# စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ ည ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**





❐ *ရွှေဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

### ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား

MEDEF International သည် ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များ ကွန်ဖက်ဒရေးရှင်းကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်းနှင့် ပြင်သစ်စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသည့် ပြင်သစ်ကုမ္ပဏီများမှ လုပ်ငန်းရှင်ကိုယ်စားလှယ် စုစုပေါင်း ၂၈ ဦး လိုက်ပါလာကြောင်း သိရှိရသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြင်သစ်နိုင်ငံမှ MEDEF International စီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး Mobile and Digital LiteracyTraining သင်တန်းဖွင့်ပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၅

**ပညာရေးဝန်ကြီးဌာနနှင့်The Asia Foundation တို့ပူးပေါင်းဖွင့်လှစ်သည့် Mobile and Digital Literacy Training သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ခေတ်တွင် အိုင်စီတီနည်းပညာသည် နေ့စဉ်လူမှုဘဝများတွင် တစ်နေ့တခြား အရေးပါလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ၂၁ ရာစုတွင် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် နည်းပညာနှင့် ပတ်သက်သည့်သင်တန်းများသည် အရေးကြီးပါကြောင်း၊ သင်တန်းများပေးခြင်းသည် မိမိတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပြီး လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေကာ ဝန်ကြီးဌာန၏ စွမ်းဆောင်ရည်လည်း ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း၊ ဌာနများတွင်လည်း အိုင်စီတီနည်းပညာများ အသုံးပြု၍ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ခြင်းကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရန် အားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ဝန်ထမ်းများအနေဖြင့် အိုင်စီတီနည်းပညာများ လုံခြုံစိတ်ချထိရောက်စွာ အသုံးပြုတတ်ကျွမ်းမှုရှိရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့် တိုးတက်လျက်ရှိသည့် အိုင်စီတီနည်းပညာများကို မိမိတို့လုပ်ငန်းခွင်များတွင် ထိထိရောက်ရောက် အသုံးပြုပြီး လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်သည်ထက် တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် EMIS စနစ်ကို အခြေခံပညာ၊ ကျောင်းပြင်ပ၊ နည်းပညာနှင့် သက်မွေး၊ တက္ကသိုလ်များနှင့် ဦးစီးဌာနများ၏ သတင်းအချက်အလက်များ စနစ်တကျရှိစေရန် အသုံးပြုလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ လူတိုင်းနီးပါး အင်တာနက်အသုံးပြုလာနိုင်ချိန်တွင် သတင်းအချက်အလက်များသည် အကန့်အသတ်မရှိ များပြားနေသည့်အတွက် အကောင်းအဆိုး၊ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရန် လိုအပ်ပါကြောင်း။

ယခုဖွင့်လှစ်သင်ကြားမည့် Mobile and Digital Literacy Training သင်တန်း၏ သင်ရိုးကို ကြည့်မည်ဆိုပါက ယနေ့ခေတ်တွင် မဖြစ်မနေသိသင့်သိထိုက်သည့် အကြောင်းအရာခေါင်းစဉ်များဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းမှ သင်ကြားပို့ချသည့် ပညာရပ်များကို သေချာစွာ လေ့လာကြိုးစားကြပြီး မိမိတို့ဌာနသို့ ပြန်ရောက်ရှိချိန်တွင် သင်ယူလေ့လာခဲ့သည့် အသိပညာဗဟုသုတများကို ပြန်လည်ဝေမျှရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် The Asia Foundation မှ Special Project Unit Manager ဒေါ်မစ်ကီကျော်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး Mobile and Digital Literacy Training သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

Mobile and Digital Literacy Training သင်တန်းတွင် အိုင်စီတီနှင့် Cloud Computing မိတ်ဆက်၊ အင်တာနက် ဘေးကင်းလုံခြုံမှုနှင့် လူမှုကွန်ရက်၏ ကျင့်ဝတ်၊ အီးမေးလ်ကို စနစ်တကျအသုံးပြုမှု၊ Productivity Tools များ အသုံးပြုနည်း၊ သတင်းအချက်အလက်များအား စနစ်တကျရှာဖွေမှု၊ သင်ခန်းစာအားလုံးပေါင်းစပ်လေ့လာခြင်းနှင့် အဖွဲ့အလိုက် ပြန်လည်လေ့ကျင့်ခြင်းများကို ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ အရာထမ်း သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

◆ ကျောဖုံးမှ

Changgyeonggung နန်းတော်တို့ရှိသော်လည်း Gyeongbokgung နန်းတော်သည် Joseon မင်းဆက်၏ အဓိက နန်းတော်ဖြစ်ကာ ယခု ဆိုးလ်မြို့ (ယခင် Hanyang မြို့) အလယ်တွင်တည်ရှိပြီး Joseon မင်းဆက်၏ အချုပ်အခြာအာဏာကို ကိုယ်စားပြုခြင်းဖြစ်ကြောင်း သိရသည်။

### ကြည့်ရှုလေ့လာ

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် Namsan Seoul Tower သို့ ရောက်ရှိကြပြီး ဆိုးလ်မြို့တော် ပတ်ဝန်းကျင်ရှုခင်းများအား ကြည့်ရှုလေ့လာကြသည်။

Namsan Seoul Tower သည် ၂၃၆ ဒသမ ၇ မီတာအမြင့်ရှိပြီး ၁၉၆၉ ခုနှစ်တွင် ရုပ်မြင်သံကြားထုတ်လွှင့်ရေး မျှော်စင်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ၁၉၈၀ ခုနှစ်တွင် အများပြည်သူတို့ အပန်းဖြေနားနေရာ နေရာအဖြစ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် Seoul Waterworks Authority သို့ ရောက်ရှိရာ ဆိုးလ်မြို့ လက်ထောက်မြို့တော်ဝန် Park Ho နှင့် တာဝန်ရှိသူတို့က ဆိုးလ်မြို့တော်အား ရေပေးဝေဖြန့်ဖြူးနေမှု၊ ရေစုဆောင်းထားရှိမှု၊ ရေသန့်စင်မှုနည်းစနစ်များ၊ ရေနှင့်ပတ်သက်သည့် နည်းပညာကူညီဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယသမ္မတသည် ရေပေးဝေမှု ပင်မထိန်းချုပ်ခန်းကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက ဆိုးလ်မြို့တော်ရေပေးဝေဖြန့်ဖြူးမှုလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါ Seoul Waterworks Authority သည် ဟန်မြစ်ရေကို စုပ်ယူ၍ အဆင့်ဆင့်သန့်စင်ကာ ဆိုးလ်မြို့တော်သို့ ရေပေးဝေဖြန့်ဖြူးနေခြင်း ဖြစ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် Waterworks Museum သို့ရောက်ရှိ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆိုးလ်မြို့ရှိ Gyeongbokgung နန်းတော်အတွင်း ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

## " Waterworks Museum ကို ၁၉၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဆိုးလ်မြို့တော်၏ အမွေအနှစ်အဖြစ် ထိန်းသိမ်းထားရှိကြောင်း သိရ"

လေ့လာရာ ပြတိုက်တာဝန်ရှိသူတစ်ဦးက Waterworks Museum ဆိုင်ရာ အချက်အလက်များကို လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ Waterworks Museum ကို ၁၉၀၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဆိုးလ်မြို့တော်၏ အမွေအနှစ်အဖြစ် ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး သံရုံးအတွင်း လှည့်လည်ကြည့်ရှု၍ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်က သံရုံးဆိုင်ရာအချက်အလက်များနှင့် မြန်မာ – ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်ရှိသည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကိုရီးယားနိုင်ငံရှိ မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆိုးလ်မြို့ရှိ Waterworks Museum အတွင်း ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက် ၉ နာရီက နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာ စံပြကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိစစ်ဆေးစဉ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် က စီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဒေသနေပြည်သူများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှုများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေတွင်းရေကန်၊ လမ်းတံတား၊ အဆောက်အအုံများ တည်ဆောက်ပေးသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်ရေးသာမက ဒေသနေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးတို့ကိုလည်း အလေးပေး ထည့်သွင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ အပါအဝင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ဖြန့်ဝေပေးခြင်းကိုပါ အလေးထားထည့်သွင်းဆောင်ရွက်မှသာ မိမိတို့အားလုံး မျှော်မှန်းထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော စံပြကျေးရွာများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ဒေသနေပြည်သူများ၏ ဝင်ငွေတိုးပွားရေးနှင့် လူနေမှုဘဝများ မြင့်မားတိုးတက်ရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများက လက်တွေ့အသုံးချ နည်းပညာပေး သင်တန်းများ ဆောင်ရွက်ပေးကြရန်နှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများအတွက် လိုအပ်သောကူညီဖြည့်ဆည်းပေးမှုများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်း၊ မီးဖိုချောင်သုံး အမှိုက်များအား သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်း စသည့် လူနေမှုစနစ်မြင့်မားရေး အခြေခံကောင်းများကို စံပြကျေးရွာများကစတင်ပြီး ရှေ့ဆောင်လမ်းပြ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ရစ်ခြင်းမရှိစေဘဲ အားလုံးတစ်ပြေးညီ ဖွံ့ဖြိုးစေရေးအတွက် သက်ဆိုင်သူအားလုံးတို့က ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးရွာသူကျေးရွာသားများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီး ကျေးရွာရေပေးရေးလုပ်ငန်း၊ ကျေးလက်ဆေးပေးခန်း၊ ကျေးရွာပျိုးဥယျာဉ် တည်ဆောက်ထားရှိမှုနှင့် အိမ်ထောင်စုအလိုက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်နေမှု (Home Garden) တို့ကိုလည်းကောင်း၊ စာသင်ကျောင်းဆောင်သစ် တည်ဆောက်ထားရှိမှု ၊ ကျေးလက်လမ်းများနှင့် စံပြဝက်မွေးမြူရေးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း French Business Confederation ကိုယ်စားပြုအဖွဲ့အစည်းဖြစ်သည့် MEDEF International ၏ Special Advisor to the Chairman of Michelin for International Affairs နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် French Business Confede-ration ကိုယ်စားပြုအဖွဲ့အစည်းဖြစ်သည့် MEDEF International ၏ Special Advisor to the Chairman of Michelin for International Affairs, Mr. Francois Corbin ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံရှိ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံလိုသည့်ကိစ္စ၊ အခြေခံအဆောက်အအုံ၊ အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးနှင့် စက်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခြေအနေများ၊ ဖွံ့ဖြိုးမှုအကူအညီပေးရေးဆိုင်ရာကိစ္စ၊ retail banking, export financing, SME financing နှင့် access to credit တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံလုပ်ငန်းစီမံကိန်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဘေးအန္တရာယ်ဖြစ်ပွားသည့် ဒေသများရှိ တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်ရေးအတွက် အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံလုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အထူးအလေးထားဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးသည် ဒုတိယသမ္မတ (၂) ဦးဆောင်သော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့် ဆက်စပ်ပါကြောင်း၊ ဘေးအန္တရာယ်ဖြစ်ပွားသော ဒေသများတွင်ရှိသည့် တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်ရေးဆောင်ရွက်နေသည့် အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ဖြစ်ပါကြောင်း၊ သဘာဝဘေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ပုံမှန်ခံစားနေရပါကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ပုံစံမတူသည့် ပိုမိုအားပြင်းသည့်ဘေးများကို ခံစားနေကြရကြောင်း၊ သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်များအပြင် လူကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များလည်း ရှိကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းသည် အစိုးရအနေဖြင့် ဝန်ကြီးဌာနအသီးသီး၊ ကော်မတီအသီးသီးက အထူးအလေးထားဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခု ဖြစ်လာရပါကြောင်း။

ဘေးဒဏ်ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းရှိသည့် လူ့အသိုက်အဝန်းဖြစ်ပေါ်ရေး၊ ဘေးကျရောက်ပါက အလျင်အမြန်တုံ့ပြန်နိုင်ရန် စနစ်တကျကြိုတင်ပြင်ဆင်ရေးအတွက် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနက Standard Operating Procedure (SOP) ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ဘေးဖြစ်ပွားပြီးပါက အလျင်အမြန် ပြန်လည်ထူထောင်ရေးသည်လည်း အရေးကြီးပါကြောင်း၊ အဓိကအားဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးကဏ္ဍသည် ရာသီဥတုအချိန်အခါနှင့် အချိန်မီဆောင်ရွက်ရပါကြောင်း၊ အလျင်အမြန် ပြန်လည်ထူထောင်ရေးသည် စနစ်တကျသော ထိရောက်သောလုပ်ငန်းများ ဖြစ်စေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားအနှောင့်အယှက်များကို လျော့နည်းစေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကိစ္စများကို မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံလုပ်ငန်းစီမံကိန်း (Southeast Asia Disaster Risk Insurance Facility-SEADRIF) သည် ကမ္ဘာ့ဘဏ်၏ ချေးငွေ အမေရိကန်ဒေါ်လာ ၁၁၆ သန်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် Southeast Asia Disaster Risk Management Project တွင် ပါဝင်သော လုပ်ငန်း ငါးခုအနက် အပိုင်း(၁)ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံလုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ညှိနှိုင်းဆွေးနွေး

၎င်းအရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံလုပ်ငန်းစီမံကိန်းကို ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဂျပန်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံက နားလည်မှုစာချွန်လွှာတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထိုစီမံကိန်းသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုအတွက် အာမခံပရီမီယံဝယ်ယူခြင်း၊ ဝယ်ယူသည့် အာမခံပရီမီယံမှ လျော်ကြေးများ ရရှိခြင်း၊ ရရှိသည့် အာမခံလျော်ကြေးများကို ရန်ပုံငွေအရေးပေါ်သုံးစွဲမှုအစီအစဉ် (Contingency Planning) အပေါ် အခြေခံပြီး ရေးဆွဲထားသည့် Disaster Risk Financing Strategy နှင့်အညီ သုံးစွဲခြင်းတို့အတွက် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဒေသတွင်းအာမခံလုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရန် စီစဉ်နေသကဲ့သို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီက ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်းပြီး တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုနှင့်ပတ်သက်၍ အချိန်မီအမြန်ဆုံး စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးနှင့် အခြားသီးနှံများ ချက်ချင်းထောက်ပံ့ပေးနိုင်ရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်ရေးအတွက် အာမခံလုပ်ငန်းဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ရေး၊ စနစ်ကျရေးတို့အတွက် မူဝါဒ၊ လုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်နိုင်ရေး လက်တွေ့ကျသော အကြံပြုချက်များကို အားလုံးက ညှိနှိုင်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံစပါးအသင်းချုပ်၊ Global World Insurance Company ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံလုပ်ငန်းစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဥပဒေမူဘောင်နှင့် လုပ်ထုံးလုပ်နည်းများဖော်ဆောင်၍ ပုဂ္ဂလိကအဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



ဒုတိယဝန်ကြီး
ဗိုလ်ချုပ် အောင်သူ



မိုင်းရှူးမဲဆန္ဒနယ်မှ
ဦးစိုင်းထွန်းအေး



ဒုတိယဝန်ကြီး
ဦးလှကျော်



ကလေး မဲဆန္ဒနယ်မှ
ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး

နေပြည်တော် ဖေဖော်ဝါရီ ၅

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၏ **ရှမ်းပြည်နယ်တွင် လက်နက်နှင့်သက်ဆိုင်သော ဥပဒေများအား မည်သို့ကျင့်သုံးလျက်ရှိသည်ကို ရှင်းလင်းစွာ ဖြေကြားပေးရန်နှင့် နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီ အာဏာသက်ရောက်စေမည့် လက်နက်နှင့် သက်ဆိုင်သော ဥပဒေတစ်ရပ်ကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ အသစ်ရေးဆွဲ ပြဋ္ဌာန်းသွားရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူက ၁၈၇၈ ခုနှစ် လက်နက်များ အက်ဥပဒေကို ရှမ်းပြည်နယ်တွင် တောင်ကြီး၊ ကလော၊ လားရှိုး၊ သီပေါ၊ အောင်ပန်း၊ ညောင်ရွှေ၊ လွိုင်လင်၊ ကျောက်မဲ၊ ပင်လုံ၊ မိုးနဲနှင့် ကျိုင်းတုံမြူနီစပါယ် အက်ဥပဒေပုဒ်မ ၂၄၆ အရ ကြေညာပြီးဒေသများ (ကျိုင်းတုံမြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်း)၊ မီးရထားဌာနပိုင်နယ်မြေများနှင့် လွယ်မွေမြို့မဒေသများတွင် ၁၈၇၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်အာဏာသက်ရောက်ခဲ့ပါကြောင်း၊ ၁၈၉၅ ခုနှစ် ကချင်တောင်တန်းဒေသ မျိုးရိုးတူစုများဆိုင်ရာ စည်းမျဉ်းဥပဒေတွင် လားရှိုးခရိုင်၊ မြောက်သိန္နီနယ်နှင့် မိုးမိတ်နယ် ကိုးတောင်တောင်တန်းဒေသများ အတွင်း၌ နေထိုင်သည့် တောင်တန်းမျိုးရိုးတူစုများဖြစ်ကြသည့် ကချင်၊ ယောရင်၊ နုံ၊ မရူး၊ လရှီး၊ အဇီး၊ ချင်း(နာဂ)၊ ရှမ်းနှင့် ဂေါ်ရခါးစသည့် မျိုးနွယ်စုများအပေါ် အာဏာသက်ရောက်သည်ဟု ပါရှိပါကြောင်း။

၁၉၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ်လက်နက်အမိန့်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုအမိန့်အရ ၁၈၇၈ ခုနှစ် လက်နက်ဥပဒေအာဏာ သက်ရောက်ပြီးဖြစ်သော တောင်ကြီး၊ ကလော၊ လားရှိုး၊ သီပေါ၊ အောင်ပန်း၊ ညောင်ရွှေ၊ လွိုင်လင်၊ ကျောက်မဲ၊ ပင်လုံ၊ မိုးနဲနှင့် ကျိုင်းတုံ (၁၁)မြို့နယ်မှ အပ ကျန်မြို့နယ် (၃၉) မြို့နယ်ကို အာဏာသက်ရောက်စေခဲ့ပါကြောင်း။

## လက်နက်အမှုများကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ

ထို့ကြောင့် ယင်း(၁၁)မြို့နယ် အတွင်းဖြစ်ပွားသော လက်နက်အမှုများနှင့် ပတ်သက်၍ ၁၈၇၈ ခုနှစ် လက်နက်ဥပဒေအရလည်းကောင်း၊ ကျန်မြို့နယ် (၃၉)မြို့နယ်တို့တွင် ဖြစ်ပွားသော လက်နက်အမှုများနှင့် ပတ်သက်၍ ရှမ်းလက်နက်ကိုင်အမိန့်ဖြင့်လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အစိုးရပိုင် (သို့မဟုတ်) ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် လက်နက်၊ ခဲယမ်းများကို ခိုးယူလျှင် (သို့မဟုတ်) ခိုးယူရန် ကြံစည်လျှင် (သို့မဟုတ်) ရောင်းချလျှင် ၁၉၄၉ ခုနှစ် လက်နက်အရေးပေါ် ပြစ်ဒဏ်စီရင်မှု (ယာယီ) အက်ဥပဒေအရ လည်းကောင်း၊ နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ရန်အကြံဖြင့် သေနတ်ကြီးများ၊ ပေါက်ကွဲပစ္စည်းများနှင့် ကျည်များ လက်ဝယ်ထားရှိလျှင် ၁၉၅၁ ခုနှစ် လက်နက်ယာယီ ပြင်ဆင်ချက် အက်ဥပဒေအရလည်းကောင်း အမှုဖွင့်အရေးယူဆောင်ရွက် လျက်ရှိပါကြောင်း။

သို့ပါ၍ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် လက်နက်နှင့် သက်ဆိုင်သော ဥပဒေများအား လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုရှိသော်လည်း ရှမ်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြေးညီ အာဏာသက်ရောက်စေရန် လက်နက်ဥပဒေအသစ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရေးဆွဲလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

လွိုင်သာယာ မဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ **လှိုင်သာယာမြို့နယ်တွင် ရွှေလင်ဗန်း စက်မှုဇုန်နယ်မြေရဲစခန်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လှိုင်သာယာမြို့နယ်တွင် ဖွဲ့စည်းပုံအရ ခွင့်ပြုပြီးဖြစ်သည့် နယ်မြေရဲစခန်း(ကစင်)အား ရွှေလင်ဗန်းစက်မှု ဇုန်နယ်မြေရဲစခန်းအဖြစ် အမည်ပြောင်းလဲဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွင့်လှစ်ခွင့်ရရှိပါက တပ်ဖွဲ့ပိုင်မြေအမည်ပေါက်ရရှိထားသော မြေဧရိယာ ၀ ဒသမ ၃၀၄ ဧကပေါ်တွင် နယ်မြေစခန်းရုံးနှင့် ဝန်ထမ်းအိမ်ရာများအား အနီးဆုံး ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ပူးပေါင်းပြီး ကွင်းဆင်းစူးစမ်းလေ့လာ ဆောင်ရွက်သွားမည့် အစီအစဉ်ရှိ

ကလေး မဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၏ **ကလေးမြို့နယ် အတွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိသော လယ်ယာချောင်းမြောင်းများအား မူလအနေအထား ပြန်လည်ရောက်ရှိရေးအတွက် နှစ်အပိုင်းအခြားတစ်ခုအတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ကလေးလွင်ပြင် ဒေသအတွင်းရှိ ရေပေးမြောင်း၊ ရေနုတ်မြောင်းများ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း တို့ကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေ ခွဲဝေရရှိမှု အခြေအနေအပေါ် မူတည်၍ ဦးစားပေးအလိုက် လျာထားသတ်မှတ် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်း ရေလျှံမှုများလျော့နည်းသက်သာစေရန်အတွက် အဓိက ရေနုတ်မြောင်းများဖြစ်သည့် ဆည်ကြီးချောင်းနှင့် ဇီးချောင်းတူးဖော်ခြင်း လုပ်ငန်းအပါအဝင် ကလေးလွင်ပြင်ဒေသအတွင်းရှိ လယ်ယာချောင်းမြောင်းများ မူလအနေအထားအတိုင်း ပြန်လည်ရောက်ရှိစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကလေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဦးဆောင်စီမံကြီးကြပ်မှုဖြင့် ပတ်သက်ဆက်နွှယ်သည့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ကွင်းဆင်းစူးစမ်းလေ့လာ ဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း၊ ကွင်းဆင်းလေ့လာတွေ့ရှိရသည့် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများ အပေါ် မူတည်၍ ဘဏ္ဍာရန်ပုံငွေကို အနီးဆုံးဘဏ္ဍာရေးနှစ်တွင် တောင်းခံပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြား သည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ **စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့ သောက်သုံးရေရရှိရေးတွက် မူးမြစ်အတွင်း စီးဝင်သော သိမ်ချောင်းမှ တစ်ဖက်ပိတ် ဆည်ပိတ်၍ ဆားတောင်မြို့သို့ စက်ဖြင့် သို့မဟုတ် လျှပ်စစ်သုံး၍ တင်ပို့နိုင်ရေး သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဆားတောင်မြို့ပြည်သူများ သောက်သုံးရေရရှိရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရပါကြောင်း၊ ဆားတောင်မြို့ သောက်သုံးရေရရှိရေးအတွက် မူးမြစ်အတွင်းစီးဝင်နေသည့် သိမ်ချောင်းကို တစ်ဖက်ပိတ်ဆည် ပိတ်ပြီး မြို့သို့ သောက်သုံးရေပေးပို့ရေးလုပ်ငန်းအတွက် စည်ပင်သာယာရေးရန်ပုံငွေတွင် မူလက ထည့်သွင်းလျာထားခဲ့ခြင်း မရှိသည်ကို သိရှိရပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆားတောင် မြို့ ရေပေးဝေရေးလုပ်ငန်းတွင် မြို့၏ဝင်ငွေအပေါ်တွင် ပြန်လည်သုံးစွဲပေးနိုင်မည့် လုပ်ငန်းများကို ခွဲဝေချထားဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၄ လက်မ PVC Pipe ၃၈၁ လုံးအတွက် ရန်ပုံငွေ ငွေကျပ် ၁၀ သန်း ခွင့်ပြု ဆောင်ရွက်ခဲ့ပါကြောင်း။

## ကွင်းဆင်းစစ်ဆေးရရှိမှု အပေါ်တွင်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်

ယခု ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင်လည်း ၄ လက်မ PVC Pipe ဝယ်ယူရေး အတွက် ငွေကျပ် သန်း ၂၀ ထည့်သွင်းလျာထားပါကြောင်း၊ ယခုလုပ်ငန်းနှင့် ပတ်သက်၍ မိမိဝန်ကြီးဌာနအနေဖြင့် ဖြစ်မြောက်နိုင်စွမ်းရှိ၊ မရှိ အပေါ်တွင် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းစစ်ဆေးရရှိမှု အပေါ်တွင် မူတည်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ် ပြီး ဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဝိုင်းမော် မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ **ဝိုင်းမော်မြို့နယ်ရှိ မိုင်းနား ကျေးရွာ၊ နောင်တာလောကျေးရွာ၊ မဒိန်ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်(၁/၂) တို့တွင် ပါဝင်သော လယ်ယာမြေများအား ပုံစံ(၇) ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဝိုင်းမော်မြို့နယ်ရှိ မိုင်းနားကျေးရွာ၊ နောင်တာလောကျေးရွာ၊ မဒိန်ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက် (၁/၂) စုစုပေါင်း ရပ်ကွက်၊ ကျေးရွာအုပ်စု (၅)ခုကို ယနေ့အထိ တောင်သူပေါင်း ၂၂၁၅ ဦး၊ ဦးပိုင်ပေါင်း ၂၄၁၅၊ ဧရိယာပေါင်း ၉၃၀၈ ဧကကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးရန် ကျန်ရှိနေသည့် ဧရိယာသည် ၄၉၀၄ ဧကရှိသည့် အနက် ၄၈၆၀ ဧကကို စက်မှုဇုန်၊ အိမ်တွင်းမှုဇုန် မြေနေရာ အဖြစ် အသုံးပြုဆောင်ရွက်ရန် ၂၀၁၃ ခုနှစ်မှစ၍ စီမံကိန်းနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

## ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် နှီးဆော်ဆောင်ရွက်လျက်ရှိ

အဆိုပါ စီမံကိန်းနယ်မြေအဖြစ် သတ်မှတ်ခဲ့သည့် ဧရိယာ ၄၈၆၀ အတွင်း တွင်ရှိသည့် တောင်သူများ၏ လယ်ယာမြေပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ယခင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်တွင် အမှန်တကယ်လိုအပ်နေသူ များကို လယ်ယာမြေမှတ်ပုံတင်ပေးရန် မှတ်ချက်ပြုညွှန်ကြားထားမှုများရှိ သည့်အလျောက် တောင်သူပေါင်း ၂၂၉ ဦး ၊ ဦးပိုင်ပေါင်း ၂၃၅ ၊ ဧရိယာ ဧက ၁၀၀၀ ကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးပြီးဖြစ်ပါ ကြောင်း၊ စီမံကိန်းနယ်မြေအဖြစ် သတ်မှတ်ထားရှိသည့် ကျန်ရှိသည့် လယ်မြေ များတွင် စီမံကိန်းနယ်မြေအဖြစ် ဆက်လက်တည်ရှိနေသည့်အတွက် ပုံစံ(၇) ထုတ်ပေးရန် မသင့်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအမံကို တင်ပြ အပ်ပါကြောင်း၊ စိစစ်ချက်အရ ကျန်ရှိနေသည့် အဆိုပါ ရပ်ကွက်၊ ကျေးရွာအုပ်စု (၅)အုပ်စုတွင်ရှိသည့် စီမံကိန်းနယ်မြေတွင် ပါဝင်မှုမရှိသည့် ပုံစံ(၇)ထုတ်ပေးရန် ကျန်သည့် ဧက ၄၀ ခန့်ရှိပါကြောင်း၊ သက်ဆိုင်ရာ တောင်သူများ ခရီးလွန်နေခြင်း နှင့် နယ်မြေဒေသအခြေအနေများကြောင့် လျှောက်ထားမှု ကျန်ရှိနေသေးသည့် ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး များမှတစ်ဆင့် နှီးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား သည်။

ဆက်လက်၍ စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့်၏ **ခေတ်စနစ် အချိန်ကာလ ရွေ့လျားတိုးတက်ပြောင်းလဲလာမှုဖြစ်စဉ်တို့နှင့် ဆီလျော်မှု မရှိတော့သော ၁၈၇၈ ခုနှစ်၊ လက်နက်ဥပဒေအား မဖြစ်မနေပြင်ဆင်ခြင်း(သို့) ပယ်ဖျက်ခြင်းများပြုလုပ်၍ အသစ်ပြန်လည်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက လည်းကောင်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု) မြို့နယ်၊ ပန်းတောင်းကျေးရွာ ဒေသခံပြည်သူများ ဓားမဦးချလုပ်ကိုင်ခဲ့သော မြေများတွင် စိုက်ပျိုးလုပ်ကိုင် ခဲ့သည့် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိရေးနှင့် အကယ်၍ ဒေသခံမဟုတ်သူများမှ အလားတူလုပ်ကိုင်ခွင့် လျှောက်ထားမှုများ ပေါ်ပေါက် လာပါက ဒေသခံပြည်သူများအား ပွင့်လင်းစွာ ချပြအသိပေးကာ သဘောတူညီမှု ရယူပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

## လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

ထို့နောက် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီက တင်သွင်းသည့် **အသေးစားငွေရေးကြေးရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် ၁၃၅ ချက်ကို အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အဆိုပါ ဥပဒေကြမ်း၏ အပိုဒ် ၅၈ နှင့်စပ်လျဉ်း၍ တပ်မတော် သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦးနှင့် ဥပဒေကြမ်းကော်မတီ တို့က ပြင်ဆင်ချက်အဆိုများ တင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **အသေးစားငွေရေးကြေးရေး ဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့် အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ၂၀၂၀ပြည့်နှစ် မတ် ၁၆ ရက်မှစ၍ ဈေးကွက်အတွင်းရှိ ကုန်စည်များအား ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်း အလေးထားဆောင်ရွက်သွားမည်


ဒုတိယဝန်ကြီး ဦးအောင်ထူး


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်


ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဝင်းအောင်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် **ဗိုလ်မှူး ဇဝန အစား ဗိုလ်မှူးချုပ် ဇော်မြင့်စန်း**အား လည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်အဖြစ် **ဗိုလ်မှူးကြီး ကောင်းကျော် အစား ဗိုလ်မှူးချုပ် နေမျိုးအောင်** အားလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

## အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ဖြည့်စွက် ပြင်ဆင်ခြင်းကို လွှတ်တော်သို့ အတည်ပြုချက်ရယူ

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့် ဖြည့်စွက်ပြင်ဆင်ခြင်း**ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် **ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်၏ တီးတိန်မြို့နယ် ဖာရ်တလန်းကျေးရွာ (ရွာသစ်) နယ်စပ်ဈေးနှင့် တွန်းဇံမြို့နယ် ကျီခါးမြို့ ခင်မန်းကျေးရွာ နယ်စပ်ဈေးစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖာရ်တလန်းကျေးရွာ(ရွာသစ်)စီမံကိန်းနှင့် ခင်မန်းကျေးရွာ နယ်စပ်ဈေးစီမံကိန်းတို့သည် ချင်းပြည်နယ်အတွင်းဖွင့်လှစ်ရန် လျာထားခဲ့သည့် နေရာငါးနေရာတွင် ပါဝင်ပါကြောင်း၊ အဆိုပါဖွင့်လှစ်ရန် လျာထားသည့် ငါးနေရာအနက် လေးနေရာဖြစ်သည့် ထန်တလန်မြို့နယ် ထာအိုကျေးရွာ၊ ဖလမ်းမြို့နယ် လေးလက်ကျေးရွာ၊ တီးတိန်မြို့နယ် ဖာရ်တလန်းကျေးရွာနှင့် တွန်းဇံမြို့နယ် ဒါရ်ခိုင်းကျေးရွာတို့တွင် နယ်စပ်ဈေးဖွင့်လှစ်နိုင်ရေးအတွက် တီအိုချောင်းနှင့် ကုလားတန်မြစ် (ဘွေနူး)မြစ်ကိုဖြတ်၍ နှစ်နိုင်ငံ နယ်စပ်ဈေးများအကြား တံတားလေးစင်းတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တွန်းဇံမြို့နယ် ကျီခါးမြို့ ခင်မန်းကျေးရွာတွင် နယ်စပ်ဈေးကနဦး စတင်ဖွင့်လှစ်လိုကြောင်း အကြောင်းကြားချက်ကို ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးသို့ သံတမန်စာအဖြစ် အကြောင်းကြားခဲ့ပြီး ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နယ်စပ်ဈေးများစီမံခန့်ခွဲရေးနည်းလမ်းမူကြမ်းကို နှစ်နိုင်ငံ အပြန်အလှန် ညှိနှိုင်းပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း။

## တီးတိန်မြို့နယ် ဖာရ်တလန်းကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ရန်ကိစ္စနှင့် ပတ်သက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိန္ဒိယနိုင်ငံနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်မည်

ထို့ကြောင့် မေးမြန်းချက်နှင့် ပတ်သက်၍ တွန်းဇံမြို့နယ် ကျီခါးမြို့ ခင်မန်းကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ရန် အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တီးတိန်မြို့နယ် ဖာရ်တလန်းကျေးရွာတွင် နယ်စပ်ဈေးဖွင့်လှစ်ရန်ကိစ္စနှင့် ပတ်သက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိန္ဒိယနိုင်ငံနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမာန်လောမောင်း၏ ချင်းပြည်နယ် မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံ ( Reception Counter) ရှိ ညှော်ကြိုနေ့စားဝန်ထမ်းများကို မည်သည့်အချိန်တွင် အတည်ပြုခန့်ထားပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မင်းတပ်ဆေးရုံတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခန့်ခဲ့သည့် နေ့စားဝန်ထမ်း ခြောက်ဦးအပါအဝင် ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂ရက် နောက်ပိုင်း ခန့်ထားခဲ့သော နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးနိုင်ရေးအတွက် ကုသရေးဦးစီးဌာန၏ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၅ ရက်စွဲပါ စာအမှတ်ဖြင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားစာရင်းများအား ပေးပို့ပေးပါရန် သက်ဆိုင်ရာဌာန၊ ဆေးရုံများသို့ အကြောင်းကြားထားခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကုသရေးဦးစီးဌာနရှိဆေးရုံများတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ခန့်အပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဝင်းအောင်၏ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့ရှိ ရွှေကျွန်းမြေအားကစားရုံနှင့် ဆက်စပ်အဆောက်အဦများအား အသစ်ဆောက်လုပ်ပေးခြင်း သို့မဟုတ် အကြီးစားပြင်ဆင်ထိန်းသိမ်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရွှေကျွန်းမြေအားကစားရုံကို ၁၉၉၇ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါကြောင်း၊ ထို့ကြောင့် တည်ဆောက်ခဲ့သည့် အချိန်ကြာမြင့်၍ ဟောင်းနွမ်းပျက်စီးနေပါသဖြင့် အားကစားရုံအသစ်ဆောက်လုပ်နိုင်ရန်အတွက် ၂၀၂၀ - ၂၀၂၁ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် အဆိုပြုလျာထားတင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအတွက် လိုအပ်သော ဆရာဝန်များနှင့် ဆေးဘက်ကျွမ်းကျင်(ဓာတ်ခွဲ) ဝန်ထမ်း ခန့်ထားပေးရန်နှင့် သားဖွားမီးယပ်ဆောင်တစ်ဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**တို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ၂၀၂၀ ပြည့်နှစ်တွင် ချင်းပြည်နယ်သို့ လက်ထောက်ဆရာဝန် စုစုပေါင်း ၈၈ ဦး ခန့်ထားပေးနိုင်ရန် စီစဉ်လျာထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ထောက်ဆရာဝန်များ ခန့်ထားနိုင်မည့်အချိန်တွင် ကန်ပက်လက်မြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်ခန့်ထားနိုင်ရေးကို ဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံ၌ မူလဆေးရုံအဆောက်အဦသည် လူနာခုတင် ၃၀ ထားရှိနိုင်ပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်ကာလတွင် စတင်ဆောက်လုပ်ခဲ့သည့် တိုးချဲ့နှစ်ထပ်လူနာကုသဆောင်တွင် ခွဲစိတ်ခန်း၊ မွေးဖွားခန်းများပါဝင်၍ ခွဲစိတ်ကုသလူနာနှင့် မိခင်ကလေးကုသလူနာ ခုတင် ၅၀ ထားရှိနိုင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဆောက်လုပ်ပြီးစီးချိန်တွင် လူနာခုတင်စုစုပေါင်း ၈၀ ဖြင့် လူနာများအား အဆင်ပြေစွာ ကုသပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကန်ပက်လက်မြို့ ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံ၌ ဓာတ်ခွဲဌာန၏ လက်ရှိဖွဲ့စည်းပုံမှာ ဓာတ်ခွဲကျွမ်းကျင်(၁) ခွင့်ပြုသော်လည်း လစ်လပ်နေပါကြောင်း၊ ဓာတ်ခွဲကျွမ်းကျင်(၄) နှစ်ဦးတွင် တစ်ဦးသာရှိပါကြောင်း၊ ထို့ကြောင့် လစ်လပ်နေသည့် ဓာတ်ခွဲကျွမ်းကျင်(၄) တစ်ဦးနေရာတွင် (၆၁)ကြိမ်မြောက် ဓာတ်ခွဲစစ်ဆေးသူ (ဒု) သင်တန်းဆင်း တစ်ဦးအား ၎င်းတို့သင်တန်းဆင်း၍ အလုပ်ဝင်သည့်အချိန်တွင် ခန့်ထားတာဝန်ပေးအပ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၏ ကမ္ဘာ့ဆေးဝါးလောကတွင် အသုံးပြုနေသည့် လစ်ကွာရှိုက် ( Liquorice) ခေါ် နွယ်ချို ဆေးပစ္စည်းကို ကျန်းမာရေးလောကတွင် ဆက်လက်သုံးစွဲရန် သင့်/မသင့် သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က သုံးသပ်ချက်အနေဖြင့် နွယ်ချို အပါအဝင် ပရဆေးပစ္စည်းများကို ဆေးမှုန့်အဖြစ် အသုံးပြုရာတွင် ဆေးဝါး၏ပုံစံ၊ ဆေးမှုန့်၊ ရေ(သို့မဟုတ်) solvent တစ်မျိုးမျိုးဖြင့် extract လုပ်ထားသော ပျော်ဝင်ဆေးနှစ်၊ ဆေးပစ္စည်းအသုံးပြုသည့်ပုံစံ၊ Pure compound တို့ အပေါ်တွင် မူတည်၍ အသုံးပြုရမည့် ဆေးပမာဏ၊ ဆေးအသုံးပြုသည့် ကာလအပိုင်းအခြားတို့သည် ရောဂါအမျိုးအစားနှင့် ရောဂါအနုအရင့်အလိုက် သက်ဆိုင်ရာ ဆေးပညာရှင်များမှ သုံးသပ်၍ ရောဂါသက်သာရန်နှင့် ရောဂါပျောက်ကင်းရန် ချင့်ချိန်ပြီး ဆေးညွှန်းပေးပါက လိုအပ်သော အကျိုးအာနိသင်ရရှိကာ ဘေးထွက်ဆိုးကျိုးနည်းနိုင်သမျှ နည်းမည်ဖြစ်ပါကြောင်း၊ မည်သည့်ဆေးမဆို သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဖြစ်နိုင်ကြောင်းကို မိမိတို့ သိရှိထားပါကြောင်း၊ ထို့ကြောင့် ရောဂါတစ်ခုခုကို ဆေးဝါးတစ်မျိုးမျိုးဖြင့် ကုသရာ၌ သက်ဆိုင်ရာ ကျွမ်းကျင်သူဆေးပညာရှင်များ၏ ညွှန်ကြားချက်ဖြင့် အသုံးပြုသင့်ပါကြောင်း ဖြေကြားသည်။

## လမ်းဘေးဈေးသည်များကို သင်တန်းပို့ချပေးလျက်ရှိ ဖြေဆိုအောင်မြင်သည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး၏ မြန်မာတစ်နိုင်ငံလုံး နေရာအနှံ့အပြားတွင် လမ်းဘေးနေရာများ၊ ဈေးများ၊ စာသင်ကျောင်းများ၌ ရောင်းချနေသော စားသောက်ဆိုင်များ စည်းစနစ်ကျန၍ ကျန်းမာရေးနှင့် ညီညွတ်စေရန် ပြင်ဆင်ရောင်းချနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်စီစဉ်ပေးရန်နှင့် သင်တန်းပြီးမြောက်၍ လက်မှတ်ရရှိမှသာ ရောင်းချခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မိမိတို့အနေဖြင့် လမ်းဘေးဈေးသည်များကို သင်တန်းပို့ချပေးလျက်ရှိပါကြောင်း၊ ယင်းသို့ သင်တန်းပို့ချရာတွင် ဦးစီးဌာနများနှင့် တွဲဖက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သင်တန်းမစမီ ကြိုတင်ဆန်းစစ်မေးခွန်းလွှာကို ဖြေဆိုခြင်း၊ သင်တန်းပြီးဆုံးသည့်အခါတွင် သင်တန်းပြီးဆုံးကြောင်းစစ်ဆေးခြင်းမေးခွန်းလွှာများကို ဖြေဆိုခြင်း၊ ဖြေဆိုအောင်မြင်သည့် ပိုင်ရှင်မဟုတ်သော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်း၊ ဆိုင်ပိုင်ရှင်များအား သင်တန်းတက်ရောက်ပြီးစီးကြောင်း အသိအမှတ်ပြုဗီနိုင်း ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် သင်တန်းတက်ရောက်ပြီးသော လမ်းဘေးဈေးဆိုင်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို နီးနွယ်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်း၊ လမ်းဘေးဈေးသည်များ မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် အချက်များပါဝင်သည့် စာရွက်စာတမ်းများ ဖြန့်ဝေခြင်း၊ လိုအပ်ချက်ရှိပါက ပြုပြင်ရန် ညွှန်ကြားခြင်း၊ ကောင်းမွန်သောရေ အလုံအလောက်ရရှိရေးနှင့် အမှိုက်သိမ်းစနစ် ကောင်းမွန်စွာရရှိရေးအတွက် သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနများနှင့် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဈေးကွက်အတွင်း ကုန်စည်များလုံခြုံစိတ်ချရမှု ရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ပြည့်နှစ် မတ် ၁၆ ရက်မှစ၍ ဈေးကွက်အတွင်းရှိ ကုန်စည်များအား ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိသော စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ကို တင်ပြထားပါကြောင်း။

ထို့ကြောင့် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ လမ်းဘေးဈေးသည်များ၊ ဈေးများ၊ စာသင်ကျောင်းများ၌ ရောင်းချသော စားသောက်ဆိုင်များ စည်းကမ်းကျန၍ ကျန်းမာရေးနှင့် ညီညွတ်စွာ ပြင်ဆင်ရောင်းချနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ပေးခြင်း၊ သင်တန်းဆင်းလက်မှတ်ရရှိမှသာ ရောင်းချခွင့်ပြုခြင်းတို့အား စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါက ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကျန်းမာရေးမှုးကောင်စီ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က **ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်လှငွေး(ခေါ်) ဒေါ်အုန်းကြည်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊စိုးဝင်းထွန်း**

# မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးနှင့် အရည်အသွေးရှိသော ခရီးသွားလုပ်ငန်းဖြစ်ရန် ဆောင်ရွက်နေမှုဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် Hanns Seidel Foundation မှ Resident Representative Mr. Achim Munz ၊ Myanmar Responsible Tourism Initiative (MRTI) ဥက္ကဋ္ဌ ဦးညွန့်ဝင်းနိုင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် Hanns Seidel Foundation မှ Resident Representative Mr. Achim Munz ၊ Myanmar Responsible Tourism Initiative (MRTI) ဥက္ကဋ္ဌ ဦးညွန့်ဝင်းနိုင်နှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးရှိသော ခရီးသွားလုပ်ငန်းဖြစ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနနှင့် Hanns Seidel Foundation တို့အကြား သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးဆောင်ရွက်မှု၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ Conference on Communities and Tourism အခမ်းအနားကျင်းပရေး ဆောင်ရွက်နေမှု၊ နိုင်ငံတကာခရီးသွားပြပွဲများသို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ဆောင်ရွက်နေမှုနှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။

သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များ အားလုံးပါဝင်သည့် လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

**၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်း အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။**

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာသည် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးတို့ ပူးပေါင်းတိုင်းတာ၍ ရရှိခဲ့သည့် ၂၀၁၉ ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်း ရလဒ်များကို တင်ပြသည့် အစီရင်ခံစာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းနှင့် ဘိန်းစိုက်ပျိုးရာဒေသရှိ ပြည်သူများ၏ လူမှုစီးပွားစစ်တမ်းကောက်ယူခြင်း လုပ်ငန်းများကို ၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၁၄ ခုနှစ်မှ စတင်၍ ယခုနှစ်အထိ ပြန်လည်ကျဆင်းခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဟက်တာ ၄၁၀၀၀၊ ၂၀၁၈ ခုနှစ်တွင် ဟက်တာ ၃၇၃၀၀ နှင့် ၂၀၁၉ ခုနှစ်တွင် ဟက်တာ ၃၃၁၀၀ အထိ နှစ်အလိုက် ဘိန်းစိုက်ပျိုးမှုများ ကျဆင်းလာခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဘိန်းစိုက်ပျိုးမှုနှင့် ၂၀၁၉ ခုနှစ် ဘိန်းစိုက်ပျိုးမှုကို နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပါကြောင်း၊ ဘိန်းစိုက်ပျိုးမှု လျော့ကျသကဲ့သို့ ဘိန်းထုတ်လုပ်မှုလည်း ဆက်လက်လျော့ကျခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၅၅၀ မက်ထရစ်တန်၊ ၂၀၁၈ ခုနှစ်တွင် ၅၂၀ မက်ထရစ်တန်နှင့် ၂၀၁၉ ခုနှစ်တွင် ၅၀၈ မက်ထရစ်တန်အထိ ထုတ်လုပ်မှုကျဆင်းခဲ့ပါကြောင်း၊ အထူးသဖြင့် ယခင်က မြန်မာနိုင်ငံ၏ ဘိန်းထုတ်လုပ်မှုသည် ကမ္ဘာပေါ်တွင် ဒုတိယအဆင့်ရှိခဲ့ရာမှ ယခုကာလတွင် တတိယအဆင့်သို့ လျော့ကျရောက်ရှိသွားပြီ ဖြစ်ကြောင်းကို ၂၀၁၉ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ မြန်မာပြည်သူများသို့ အသိပေးလိုပါကြောင်း။

ဘိန်းစိုက်ပျိုးမှုကို လမ်းပန်းဆက်သွယ်မှုခက်ခဲသော တောင်တန်းဒေသများဖြစ်သည့် ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးသည့် ဒေသများတွင် ဘိန်းစိုက်ပျိုးမှုများ လျော့နည်းပပျောက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့က ဘိန်းစိုက်ပျိုးရာ ဒေသများအတွင်း လမ်းတံတား တည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ရေနှင့် စွမ်းအင်ရရှိရေးနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများ တည်ဆောက်ပေးခြင်း လုပ်ငန်းများကို နှစ်အလိုက် ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လောင်းမြို့နယ် နောင်တရားဒေသတွင်လည်း အစားထိုးဖွံ့ဖြိုးရေး အထူးစီမံကိန်း Pilot Project အဖြစ် သတ်မှတ်၍ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ရေရှည်တည်တံ့သည့် အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘိန်းစိုက်ပျိုးရာဒေသများရှိ ဒေသခံတောင်သူများ အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် အစားထိုးသီးနှံစိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်းအပြင် ဈေးကွက်ရရှိရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ ဖော်ဆောင်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Troels Vester က အမှာစကားပြောကြားပြီး အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးဌာနေကိုယ်စားလှယ် Mr. Jeremy Douglas က အစီရင်ခံစာပါ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တာဝန်ရှိသူများနှင့် UNODC ရုံးမှ ကိုယ်စားလှယ်များက တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးစိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime)နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

❏ *ကျော်ဖုံးမှ*

အသင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထိပ်ဆုံးမှ ဦးဆောင်နေသည့် ဟံသာဝတီအသင်းသည် မကွေးအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်ပြီး နိုင်ပွဲရယူနိုင်မှသာ ဇယားထိပ်ဆုံး၌ ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သည်။ ဦးမျိုးမင်းထွန်း လက်ထက်တွင် ပုံစံကောင်းရနေသည့် ဟံသာဝတီအသင်းသည် ရာသီအစ လေးပွဲဆက် အနိုင်ရထားပြီး ယခုတစ်ပတ်တွင်လည်း နိုင်ပွဲဆက်ရန် အခြေအနေကောင်းနေသည်။ ယခုတစ်ပတ်၏ အကောင်းဆုံးပွဲမှာ ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲဖြစ်ပြီး ပြီးခဲ့သည့်ပွဲတွင် နှစ်သင်းစလုံး အရေးနိမ့်ထားသောကြောင့် ပိုမိုအားထုတ်ကစားဖွယ်ရှိနေသည်။ ရန်ကုန်အသင်းနှင့် ရှောဝတီအသင်းမှာမူ ယခုတစ်ပတ်တွင် အိမ်ကွင်းကစားရမည်ဖြစ်ပြီး ဇယားအောက်ပိုင်းမှအသင်းများနှင့် တွေ့ဆုံနေသောကြောင့် နိုင်ပွဲဆက်ဖွယ်ရှိနေသည်။ အဆင့် (၄) နေရာမှ ရခိုင်အသင်းမှာလည်း အိမ်ကွင်းထပ်မံကစားရမည်ဖြစ်ပြီး တန်းတက်ချင်းယူနိုက်တက်အသင်းနှင့် တွေ့ဆုံနေသည်။

ပွဲစဉ် (၄) အပြီးတွင် ဟံသာဝတီအသင်းက ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်နှင့် ရှောဝတီအသင်းက ၁၀ မှတ်စီ၊ ရခိုင်အသင်းက ကိုးမှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခြောက်မှတ်၊ ရတနာပုံနှင့် မကွေးအသင်းက ငါးမှတ်စီ၊ စစ်ကိုင်းအသင်းက လေးမှတ်၊ ချင်းယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းက သုံးမှတ်စီ၊ ဇွဲကပင်အသင်းက တစ်မှတ်ရရှိထားကာ Southern အသင်းမှာမူ လေးပွဲဆက်ရှုံးပြီး အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

❋ *ကျော်ဖုံးမှ*

VUC အသင်းက ထိပ်ဆုံးမှ ဦးဆောင်နေကာ MIU အသင်း က ဒုတိယနေရာတွင် ရပ်တည်နေသည်။

**အမှတ်ရရှိမှု**

ယင်းနှစ်သင်း၏ နောက်တွင် GV အသင်းက ၅၁ မှတ်၊ On Doctor အသင်းက ၃၂ မှတ်၊ Winner အသင်းက ၂၉ မှတ်၊ မြို့မ JY အသင်းက ၂၇ မှတ်၊ MFF ယူ-၁၉ အသင်းနှင့် Do Do Ko Ko အသင်းက ၂၂ မှတ်စီ၊ Dream Team အသင်းက ၂၁ မှတ်၊ AMM Brothers အသင်းက ၁၁ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခြောက်မှတ်၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ် ရရှိထားသည်။

**ရဲရင့်ရှိုင်း**

# 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၉/၂၀၂၀) ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၉/၂၀၂၀) ကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄၇)၌ ကျင်းပသည်။




### ရောဂါကာကွယ်ထိန်းချုပ်ဆောင်ရွက်မှု မဟာဗျူဟာဖြင့် ဆောင်ရွက်နေမှု

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်မှ နောက်ဆုံးထုတ်ပြန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ ရောဂါကုသမှုဆိုင်ရာအတွက် ကုသရေးရှုထောင့်မှ သုံးသပ်ချက်များ၊ ရောဂါဖြစ်ပွားမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နေ့စဉ်ဆက်လက်မြင့်မားနေမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သံသယလူနာများကို အားထုတ်ကြိုးပမ်းရှာဖွေပြီး ရောဂါကာကွယ်ထိန်းချုပ်ဆောင်ရွက်မှု မဟာဗျူဟာဖြင့် ဆောင်ရွက်နေမှု၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ သံသယလူနာများအား စောစီးစွာ ထောက်လှမ်းခြင်း၊ သံသယလူနာ/ အတည်ပြုလူနာများအား အခြားသူများနှင့် မထိတွေ့စေဘဲ သီးခြားခန်းတွင် ထားရှိကုသမှုပေးခြင်း၊ သံသယလူနာ/ လူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါထပ်မံပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သတင်းအချက်အလက်များ အပြန်အလှန်ဝေမျှခြင်းတို့ကို လုပ်ဆောင်နေမှု။

တိုင်းဒေသကြီး / ပြည်နယ် လေးခုမှ မြို့နယ် ၁၀ မြို့နယ်ရှိ တရားဝင်နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက် ၂၀ တွင် ခရီးသွားများ အားလုံးအား Health Declaration Card ဖြည့်စွက်စေ၍ ကျန်းမာရေးအချက်အလက်များနှင့် ၎င်းတို့ နေထိုင်သွားလာမည့် နေရာအချက်အလက်များ ရယူနိုင်ရေးအားဖြည့်ဆောင်ရွက်နေမှု၊ ဖေဖော်ဝါရီ ၄ ရက်စာရင်းအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်သည့် လေယာဉ်များ အပါအဝင် လေယာဉ်အားလုံးမှ ခရီးသည်များအား သေချာစွာစိစစ်ခဲ့မှုနှင့် အဖျားလူနာ မတွေ့ရှိမှုအခြေအနေ။

တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှ ပေးပို့လာသော ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆောင်ရွက်နေမှုနှင့် သတင်းပေးပို့နေမှု အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များအား တင်ပြခြင်း၊ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိရမှု၊ ဝေဘာဂီဆေးရုံရှိ စောင့်ကြည့်လူနာနှင့် သံသယလူနာများအား ဆေးကုသမှုအပါအဝင် လေယာဉ်အမှုထမ်း ငါးဦး၏ အခြေအနေ ကောင်းမွန်မှု။

### ထူးခြားဖြစ်စဉ်သတင်းပေးပို့မှုများကို ကွန်ရက်မှတစ်ဆင့် အဖွဲ့ဖွဲ့ဆက်သွယ်

နိုင်ငံတကာလေဆိပ် သုံးခု အပါအဝင် နယ်စပ်ဝင်ထွက်ပေါက်များမှ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲသို့ အချိန်နှင့်တစ်ပြေးညီ ထူးခြားဖြစ်စဉ်များအား သတင်းပေးပို့မှုများကို အင်တာနက်ကွန်ရက်မှတစ်ဆင့် အဖွဲ့ဖွဲ့ ဆက်သွယ်ဆောင်ရွက်နေမှု။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ပညာသင် ၅၉ ဦး၏ ကျန်းမာရေးအခြေအနေသည် (ယနေ့နံနက်ပိုင်းစစ်ဆေးချက်များအရ) ကောင်းမွန်နေမှု၊ ဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ရရှိမှု၊ ခွဲဝေဖြန့်ဖြူးထားမှု အခြေအနေနှင့် တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေးဝတ်စုံများ ထပ်မံဝယ်ယူရေး ဆောင်ရွက်ထားမှုအခြေအနေ၊ နေ့စဉ်ညနေ ၆ နာရီတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန နှစ်ခုအကြား သတင်းအချက်အလက် ဝေမျှဆောင်ရွက်မှုအခြေအနေ။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်းနှင့် ခရီးသွားလာမှုရာဇဝင် ကိုက်ညီသောလူနာ တွေ့ရှိပါက သံသယလူနာ သို့မဟုတ် စောင့်ကြည့်လူနာ သတ်မှတ်နိုင်ရေးအတွက် သတင်းပေးပို့ဆောင်ရွက်ရမည့် အခြေအနေအား ညှိနှိုင်းသတ်မှတ်ခဲ့မှု၊ ဝေဘာဂီကူးစက်ဆေးရုံ၌ Quarantine လူနာများထားရှိမှု အခြေအနေနှင့် တိုင်းဒေသနှင့် ပြည်နယ်များရှိ အသစ်ဆောက်လုပ်ထားသော တိုးချဲ့ဆောင်များအား အသုံးပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်မှု အခြေအနေ၊ ကောလာဟလသတင်းမှားများကို အချိန်နှင့် တစ်ပြေးညီစနစ်တကျ ပြန်လည်အသိပေးရှင်းလင်းနိုင်ရေးစသည်တို့ အပါအဝင် နောက်ဆုံးသတင်းအချက်အလက်များကို တင်ပြခြင်း၊ ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ယခု ဖြစ်ပွားနေသော 2019 – nCoV လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ပိုမိုမြင့်မားနေသည်ကို ဆက်လက် တွေ့ရှိနေရသည့်အတွက် မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အရှိန် (လုံးဝ) မလျှော့ဘဲ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဖြစ်ပွားမှုများတွင် အာရှနှင့် အာဆီယံနိုင်ငံများတွင်လည်း ဖြစ်ပွားမှုများ ရှိနေခြင်း၊ တစ်ဆင့်ခံခရီးစဉ်များမှ ခရီးသည်များရှိနေနိုင်ခြင်းကြောင့် သက်ဆိုင်ရာလေကြောင်း ခရီးသည်များကိုလည်း ဆက်လက် ဂရုပြုစောင့်ကြည့်ရန် လိုအပ်ပါကြောင်း၊ ရောဂါပိုးစတင်ကူးစက်ခံရချိန်မှ ရောဂါလက္ခဏာများ စတင်ပြသသည့်ကြားကာလ (ရောဂါပျိုးချိန်သည်) အနည်းဆုံး နှစ်ရက်မှ အများဆုံး ၁၀ ရက်အထိရှိသည်ဖြစ်၍ ကပ်ရောဂါဗေဒရှုထောင့်မှ ကြည့်ရှုလျှင် ယခုလက်ရှိအချိန်သည် အရေးကြီးသည့်အချိန်အခါ (crucial period) အခြေအနေဖြစ်ပါကြောင်း။

### လူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍စောင့်ကြပ်ကြည့်ရှု

မည်သည့်အချိန်တွင်မဆို ရုတ်ခြည်း လူအများကပ်အသွင် ကူးစက်ဖြစ်ပွားနိုင်သည်ကို အလေးအနက်ထားထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သံသယလူနာ/ လူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများ၊ နိုင်ငံတကာမီဒီယာများပေါ်သို့ ရောက်ရှိပျံ့နှံ့လာသည့် သတင်းများ၏ အတိမ်အနက်၊ အခြေအမြစ်ရှိသည်၊ မရှိသည်ကို ဆန်းစစ်သုံးသပ်ခြင်း၊ ခိုင်မာသည့် သတင်းရင်းမြစ်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အမေရိကန်နိုင်ငံ US CDC၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင်အင်တာနက်စာမျက်နှာများကို စောင့်ကြည့်လေ့လာနေရမည်ဖြစ်ပါကြောင်း။

မည်သည့်အဖွဲ့အစည်းမှ အကြံပြုချက်များကိုမဆို မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေ အရပ်ရပ်နှင့် ချိန်ထိုးကိုက်ညီမှုရှိစေရေး စဉ်းစားသုံးသပ်ပြီးမှ ဝိုင်းဝန်းစုစည်းတိုင်ပင်ကာ ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုလောလောဆယ် အချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိရသေးသော်လည်း ရောဂါပျိုးချိန်အတွင်းဖြစ်၍ ရောဂါလက္ခဏာမပြသေးသူများ ရှိနေနိုင်သည့် အချက်ကို နောက်ခံထား၍ လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့သော၊ ဆောင်ရွက်နေသောလုပ်ငန်းများကို စောင့်ကြည့်သုံးသပ်မှု အမြဲမပြတ်ပြုလုပ်ကာ လိုအပ်သည်များအားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ အားလုံးကို မှတ်တမ်းပြုစုကာ စုစည်းထားရှိရမည် ဖြစ်ပါကြောင်း။

### ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ကာကွယ်တားဆီးရေးဆောင်ရွက်နေ

ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေသူများ အားလုံးအကြားတွင် ဆက်သွယ်မှုလမ်းကြောင်းကို တိကျပြတ်သားစွာဖြင့် သတင်းပေးပို့ဖလှယ်မှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် တက်ရောက်သူများ၊ လုပ်ငန်းဆောင်ရွက်နေသူများ အားလုံးသည် ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို နှလုံးသွင်း၍ ကြိုးပမ်းလုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ စောင့်ကြည့်လူနာများနှင့် သံသယလူနာများ၏ အခြေအနေသတင်းများနှင့် ထူးခြားဖြစ်စဉ်သတင်းများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) မှ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးရန်ဖြစ်ပါကြောင်း။

ဓာတ်ခွဲအတည်ပြုရောဂါရှိသူများ တွေ့ရှိပါက ၎င်းတို့ကို ထိရောက်သည့်ကုသမှုပေးရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားနိုင်ငံများမှ ကုထုံးသစ်များ စမ်းသပ်နေမှုများကို မျက်ခြည်မပြတ် ဆက်လက်စောင့်ကြည့်လေ့လာနေရမည်ဖြစ်ပါကြောင်း၊ ဓာတ်ခွဲအတည်ပြုရောဂါရှိသူများ ကုသမှုခံယူပြီး သက်သာပျောက်ကင်းသည့်အခါ ၎င်းတို့ထံမှ ရောဂါဆက်လက်ပြန့်ပွားနိုင်ခြေ လုံးဝမရှိသည့် အချိန်တွင်မှ ဆေးရုံမှ ပေးဆင်းရန်နှင့် ထိုသို့ ဆေးရုံဆင်းရာတွင် ၎င်းတို့အနေဖြင့် ဆက်လက်လုပ်ဆောင်ရမည့် အချက်များကို လက်ကမ်းစာစောင် ပြုစုပေးအပ်ရမည်ဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နှင့် ထိစပ်လျက်ရှိသောနယ်စပ်ဒေသများရှိ တရားဝင် ဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုများ အထူးအလေးပေး ဆက်လက်အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ သတင်းပေးပို့မှုများအပေါ် အားသာချက်၊ အားနည်းချက်များသုံးသပ်၍ပြန်လည်ပေးပို့ (feedback) ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်များအား သိရှိနားလည်နိုင် ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများနှင့် ဆက်သွယ်ရေးကွန်ရက်အသုံးပြုဆွေးနွေးပြောဆိုမှုကို နေ့စဉ်ပြုလုပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်မလာစေရေး အဓိကတာဝန်သတ်မှတ်

အိမ်နီးချင်းနိုင်ငံများတွင် ရောဂါဖြစ်ပွားနေမှုများကို ကိုယ်ချင်းစာနာသော်လည်း မိမိတို့နိုင်ငံတွင် ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်မလာစေရေးအတွက်သည်သာ အဓိကတာဝန်အဖြစ်သတ်မှတ်ကာ အားလုံးမှ ဦးစားပေး အားထုတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကပ်ရောဂါဗေဒရှုထောင့်၊ ဓာတ်ခွဲစမ်းသပ်မှုဆိုင်ရာရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့် စသည့်ကျွမ်းကျင်မှုပိုင်းဆိုင်ရာရှုထောင့်များအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်နေသော ပထဝီအနေအထား၊ ဒေသတွင်းရောဂါကူးစက်ပြန့်ပွားမှု၊ လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး စသည့်အခြေအနေအရပ်ရပ်ကို ဘက်စုံထည့်သွင်းစဉ်းစား၍ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့်အညီ တုံ့ပြန်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူး ရေး)၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)၊ နေပြည်တော်ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ကူးစက်ရောဂါ ကုသရေးဆိုင်ရာ ပါမောက္ခများ၊ ဆေးပညာပါမောက္ခများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ eHealthကဏ္ဍ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။ **သတင်းစဉ်**

## ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ)စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ သံသယလူနာ နှစ်ဦးအပါအဝင် လူနာ ၁၀ ဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် ဆက်လက်၍ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး အဆိုပါလူနာများထံမှ ဓာတ်ခွဲနမူနာများရယူကာ နှာခေါင်းတို့ဖတ်နမူနာများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ကြောင်း၊ ယနေ့ညပိုင်းတွင် လူနာလေးဦး၏ ဓာတ်ခွဲအဖြေများကို ရရှိခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ည ၁၀နာရီက ထုတ်ပြန်ထားသည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါလူနာများမှာ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး ကျိုင်းတုံပြည်သူ့ဆေးရုံ၌ စောင့်ကြပ်ကြည့်ရှုကုသမှုခံယူလျက်ရှိသော အသက် တစ်နှစ် နှစ်လအရွယ်ကလေးငယ်(မ)တစ်ဦး၊ တရုတ်(တိုင်ပေ)မှ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ဝေဘာဂီအထူးကုဆေးရုံ၌ စောင့်ကြပ်ကြည့်ရှုကုသမှုခံယူလျက်ရှိသော အသက် ၁၅ နှစ်အရွယ်ကလေး (ကျား) တစ်ဦး၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ စောင့်ကြပ်ကြည့်ရှုကုသမှုခံယူလျက်ရှိသော မြန်မာနိုင်ငံသား အသက် နှစ်နှစ် နှစ်လအရွယ် ကလေးငယ်(မ)တစ်ဦးနှင့် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး နေပြည်တော်ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ စောင့်ကြပ်ကြည့်ရှုကုသမှုခံယူလျက်ရှိသော တရုတ်နိုင်ငံသား အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးတို့တွင် (မည်သူ့တွင်မှ) ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ)ပိုးမရှိ (မရှိကြောင်း)ဟု စစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**

# စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

တာရာ

စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးသူရိန်လွင်က အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး(စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု အထောက်အကူပြုအဖွဲ့ အဖွဲ့ခေါင်းဆောင်)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်(စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းအညွှန်းကိန်းနှင့် အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ခေါင်းဆောင်)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး(ဆောက်လုပ်ခွင့်ရယူခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ခေါင်းဆောင်)နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်(ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်)တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။


ဦးအောင်ထူး (ဒုတိယဝန်ကြီး)
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန


ဦးသန့်စင်လွင် (ညွှန်ကြားရေးမှူးချုပ်)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီး


ဒေါ်လှိုင်မော်ဦး (အတွင်းရေးမှူး)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


ဒေါ်ခိုင်ခိုင်နွယ် (တွဲဖက်အထွေထွေအတွင်းရေးမှူး)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်


သုရိန်လွင် (MRTV)

**အစီအစဉ်မှူး။ ။ ပထမဆုံးအနေနဲ့ Ease of Doing Business ရဲ့ အဓိပ္ပာယ်ကို ဒုတိယဝန်ကြီးက ရှင်းပြပေးပါဦးခင်ဗျာ။**

**ဦးအောင်ထူး ။** ။ ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးရာမှာ အဓိကအရေးပါတဲ့ အခန်းကဏ္ဍက ပုဂ္ဂလိကကဏ္ဍဖြစ်ပါတယ်။ ဒါကြောင့် ပုဂ္ဂလိကကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ်လို့ ကျွန်တော်တို့ ခံယူထားပါတယ်။ အဲဒီလို ခံယူတဲ့အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ခေါင်းဆောင်ပြီး ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီအနေနဲ့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးဖို့ စီးပွားရေးအခွင့်အလမ်းကောင်းတွေ၊ ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးဖို့လိုအပ်တယ်လို့ ခံယူတဲ့အတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှုအထောက်အကူပြုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကျွန်တော်တို့အနေနဲ့ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းမှာ နိုင်ငံပိုင် ရုပ်မြင်သံကြားနဲ့ သတင်းစာတွေကနေ တစ်ဆင့် လုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြခဲ့ပါတယ်။

အဲဒီလိုရှင်းပြခဲ့ပြီး ကျွန်တော်တို့ရဲ့ အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့က အဖွဲ့အလိုက် ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် တစ်နှစ် နှစ်လကြာတဲ့အချိန်မှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့ဘဏ်ရဲ့စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရလွယ်ကူမှု အညွှန်းကိန်းမှာ အဆင့် ၁၇၁ ကနေ ၁၆၅ အထိ ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့တွေကို ဒုတိယသမ္မတက ချမှတ်ထားတဲ့ မူလရည်မှန်းချက် အညွှန်းကိန်းဟာ ၁၀၀ အောက်ကို ကျရောက်ရမယ်လို့ ချမှတ်ထားပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့တွေအနေနဲ့ ၁၀၀ အောက်ကိုရောက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ အရင် နှစ်ကထက် အဆင့် ၆ ဆင့် တက်လာပါတယ်။ ဒီလိုတက်လာအောင် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ရတယ် ဆိုတာကိုလည်း ရှင်းပြပေးပါဦးခင်ဗျာ။**

**ဦးအောင်ထူး ။** ။ ပထမ အဆင့်မှာ အထောက်အကူပြုအဖွဲ့တွေကို ပြန်လည်ပြုပြင်ဖွဲ့စည်းတာ ဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းရာမှာ သက်ဆိုင်ရာ အထောက်အကူပြုအဖွဲ့ခေါင်းဆောင်တွေကို အမြဲတမ်းအတွင်းဝန်တွေ၊ ညွှန်ကြားရေးမှူးချုပ်တွေနဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတွေက ခေါင်းဆောင်ပြီး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်စေခြင်းဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ကျွန်တော်တို့အနေနဲ့ အထောက်အကူပြုအဖွဲ့ရဲ့ ရုံးအဖွဲ့ကို ထူထောင်ပြီး ကမ္ဘာ့ဘဏ်က အတိုင်ပင်ခံတွေနဲ့ တိုင်ပင်ပြီး နှစ်ပတ်တစ်ကြိမ် အစည်းအဝေးတွေကို အကြိမ်ကြိမ်ကျင်းပပြီး လုပ်ငန်းတွေ အောင်မြင်အောင် လုပ်ငန်းအစီအစဉ် Action Plan ကို ရေးဆွဲပြီး ကာလတို၊ ကာလလတ်နဲ့ ကာလရှည် ရည်မှန်းချက်တွေကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

**အစီအစဉ်မှူး ။ ။ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း (Starting a Business Indicator) ဆိုင်ရာ အထောက်အကူပြုအဖွဲ့မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ဘယ်လိုအခန်းကဏ္ဍက ပါဝင်ပြီး အဆင့်နဲ့ရမှတ်တွေ တိုးတက်အောင် ဆောင်ရွက်ခဲ့ရတယ်ဆိုတာကို ပြည်သူတွေသိရှိအောင် ရှင်းပြပေးပါဦးခင်ဗျာ။**

**ဦးသန့်စင်လွင် ။** ။ ကျွန်တော်တို့ ဌာနက Starting a Business လို့ ခေါ်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခု စတင်တယ်ဆိုရင် မြန်မာနိုင်ငံမှာ ကုမ္ပဏီတည်ထောင်ပြီး စီးပွားရေးလုပ်ငန်းစတင်ရတာဖြစ်ပါတယ်။ အဲဒီတော့ ကုမ္ပဏီတည်ထောင်မှတ်ပုံတင်ဖို့ ရှေးယခင်က တစ်လလောက်၊ နှစ်ပတ်လောက်၊ တစ်ပတ်လောက် အချိန်ယူဆောင်ရွက်ခဲ့ရတာတွေ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက Ease of Doing Business Score မှာ ပါဝင်ဆောင်ရွက်တဲ့ အချိန်ကစပြီး ရင်းနှီးမြှုပ်နှံမှုအတွက် စီးပွားရေးလုပ်ငန်းတစ်ခု စတင်တဲ့အပိုင်းမှာ အဆင့်က ၁၄၀ နဲ့၁၈၆ အကြားမှာ ရှိခဲ့ပါတယ်။

မနှစ်က ၁၅၂ ရရှိခဲ့ပြီး ဒီနှစ်မှာ အဆင့် ၇၀ ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အဆင့် ၈၂ ဆင့် တိုးတက်ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီလို တိုးတက်ရောက်ရှိခဲ့တာကို ကြည့်မယ်ဆိုရင် အာဆီယံ၁၀နိုင်ငံထဲမှာ ၂၀၁၉ ခုနှစ်ရဲ့ Starting a Business စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းက ကျွန်တော်တို့နိုင်ငံတစ်နိုင်ငံတည်း တိုးတက်တာဖြစ်ပါတယ်။ ကျန်တဲ့နိုင်ငံတွေက အဆင့် ၁ ဆင့်ကနေ အဆင့် ၁၆ ဆင့်ကြားထဲကို လျော့ကျသွားခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ စီးပွားလုပ်ငန်းတစ်ခု စတင်ဖို့အတွက် ဆောင်ရွက်မှုတွေဟာ အောင်မြင်မှုရှိတယ်ဆိုတာကို တင်ပြလိုပါတယ်။

**“မနှစ်က ၁၅၂ ရရှိခဲ့ပြီး ဒီနှစ်မှာ အဆင့် ၇၀ ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အဆင့် ၈၂ ဆင့် တိုးတက်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဒီလို တိုးတက်ရောက်ရှိခဲ့တာကို ကြည့်မယ်ဆိုရင် အာဆီယံ ၁၀ နိုင်ငံ ထဲမှာ ၂၀၁၉ ခုနှစ်ရဲ့ Starting a Business စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းက ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံတည်း တိုးတက်တာဖြစ်”**

**အစီအစဉ်မှူး ။ ။ ဆောက်လုပ်ခွင့်ရယူခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ဘယ်လိုအခန်းကဏ္ဍက ပါဝင်ပြုပြင်ပြောင်းလဲပြီး အခုလို အဆင့်တွေ တိုးတက်အောင် ဘယ်လိုဆောင်ရွက်ခဲ့ရတယ် ဆိုတာကို ရှင်းပြပေးပါဦးခင်ဗျာ။**

**ဒေါ်လှိုင်မော်ဦး ။** ။ ကမ္ဘာ့ဘဏ်မှာ အဆောက်အဦ ဆောက်လုပ်ခွင့်နဲ့ပတ်သက်ပြီး အညွှန်းကိန်းကို စောင့်ကြည့်ရာမှာ လူဦးရေ သန်း ၁၀၀ အောက်ရှိတဲ့ နိုင်ငံတွေအတွက် အကြီးဆုံးမြို့ကြီးတစ်မြို့မှာ ပေးနေတဲ့ ဆောက်လုပ်ခွင့်ပြုမိန့်တွေနဲ့ ပတ်သက်ပြီး အကဲဖြတ်ပါတယ်။ ဒါကြောင့် လူဦးရေသန်း ၁၀၀ အောက်မှာရှိတဲ့ မြန်မာနိုင်ငံအတွက် လူဦးရေအများဆုံးဖြစ်တဲ့ ရန်ကုန်မြို့ရဲ့ဆောက်လုပ်ခွင့်ပြုအမိန့်နဲ့ ပတ်သက်တဲ့ ပါမစ်တွေပေးတဲ့ စနစ်တွေကို သူတို့က စောင့်ကြည့်အကဲဖြတ်ခြင်းဖြစ်ပါတယ်။

အဲဒါကြောင့် ဒီလိုဆောက်လုပ်ခွင့်တွေ ပေးနေတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဓိကထားပြီး ပေးနေတာဖြစ်တဲ့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ကျွန်မက ပါဝင်ဆောင်ရွက်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ခွင့်ပြုမိန့်တွေကို ထုတ်ပေးတဲ့အချိန်မှာ လက်ရှိကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ဆောင်ရွက်နေတဲ့ လုပ်ငန်းအဆင့်ဆင့်တွေ၊ တောင်းခံနေရတဲ့ ထောက်ခံစာတွေ၊ ပေါင်းစပ်ရတဲ့ဌာနတွေနဲ့ အဖွဲ့အစည်းတွေ ပေါင်းစပ်နေတဲ့အခြေအနေတွေကို ကျွန်မတို့အနေနဲ့ ပြန်လည်ဆန်းစစ်သုံးသပ်ခဲ့ပါတယ်။ အဲဒီလို သုံးသပ်ပြီးတဲ့နောက် ခွင့်ပြုမိန့်ထုတ်ပေးရာမှာ ပိုမိုမြန်ဆန်ချောမွေ့မှုရှိပြီး လုပ်ရ၊ ကိုင်ရ လွယ်ကူရိုးရှင်းအောင် လျှော့သင့်တဲ့အဆင့်တွေကို လျှော့ချခဲ့ပါတယ်။

ထောက်ခံစာတောင်းခံရာမှာ ဖြုတ်နိုင်တဲ့ ထောက်ခံစာတွေကို ဖြုတ်ခဲ့ပါတယ်။ ပြုပြင်သင့်တဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း ပြုပြင်သလို ညှိနှိုင်းပေါင်းစပ်ရာမှာလည်း ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ်မှုတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ဒီလိုဆောင်ရွက်နေတဲ့ကိစ္စတွေကို အများပြည်သူနဲ့ ပညာရှင်တွေ သိရှိအောင် ပွင့်လင်းမြင်သာစွာ အသိပေးသင့်တဲ့ အချက်တွေ၊ အသိပေးနိုင်မယ့် နည်းလမ်းတွေကိုလည်း ဖော်ထုတ်ခဲ့ပါတယ်။

ဦးစားပေး အစီအစဉ်အလိုက်လည်း တစ်ဆင့်ချင်း လက်တွေ့အကောင်အထည် ဖော်ခဲ့ပါတယ်။ ဆက်လက်ပြီး ဖော်ဆောင်လျက်ရှိပါတယ်။ ဒါကြောင့် Doing Business ၂၀၁၉ ခုနှစ်တုန်းက အညွှန်းကိန်းရဲ့ အဆင့် ၈၁ ရှိခဲ့ရာကနေ Doing Business ၂၀၂၀ ပြည့်နှစ်မှာ အဆင့် ၄၆ ကို ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ တစ်နှစ်ထဲမှာ အဆင့် ၃၅ ဆင့်တိုးခဲ့ခြင်းဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ နောက်ထပ် Protecting Minority Investors ဆိုင်ရာ အထောက်အကူပြုအဖွဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ဘယ်လိုအခန်းကဏ္ဍက ပါဝင်ပြီး ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့လို့ အခုလို အဆင့်တွေ တိုးတက်ရရှိခဲ့တယ်ဆိုတာကိုလည်း ရှင်းပြပေးပါဦး။**

**ဦးသန့်စင်လွင် ။** ။ Protecting Minority Investors ဆိုတာ အနည်းစုရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်းဖြစ်ပါတယ်။ အနည်းစု ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးခြင်းနဲ့ပတ်သက်လို့ ကျွန်တော် တို့ဌာနက တာဝန်ယူဆောင်ရွက်ရာမှာ ၂၀၁၄ ခုနှစ်ကစပြီး ၂၀၁၉ ခုနှစ်အထိ အဆင့် ၁၇၀ အောက်ကို မရောက်ခဲ့ပါဘူး။ မနှစ်က အဆင့် ၁၈၅ ကနေ အဆင့် ၁၇၆ ကို အဆင့် ၉ ဆင့် လျော့ပြီး ရောက်ရှိခဲ့ပါတယ်။

ဒါက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကို စတင်ကျင့်သုံး ထုတ်ပြန်တာကြောင့် ဒီဥပဒေရဲ့ ပေးထားချက်များအရ ဥပဒေက အကာအကွယ်ပေးတဲ့အချက်တွေ ပေါ်ပေါက်လာလို့ ဒီလိုအဆင့် ၉ ဆင့်ကို လျော့ကျရောက်ရှိခဲ့တာဖြစ်ပါတယ်။ အဓိကကတော့ ကုမ္ပဏီများဥပဒေမှာပါတဲ့ ရင်းနှီးမြှုပ်နှံသူတွေ၊ ဒါရိုက်တာတွေ၊ စီမံခန့်ခွဲမှုတွေ၊ အစည်းအဝေးများ လုပ်ဆောင်မှုတွေ၊ ပွင့်လင်းမြင်သာမှုတွေ စတဲ့အချက်တွေကို အကဲဖြတ်ပြီး လုပ်ဆောင်တာဖြစ်ပါတယ်။ ကုမ္ပဏီများဥပဒေ ထုတ်ပြန်နိုင်တာကြောင့် အဆင့် ၉ ဆင့်လျော့ပြီး ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ပုဂ္ဂလိက ကဏ္ဍဘက်ကရော အဆင့်နဲ့ ရမှတ်တွေတိုးတက်အောင် ဘယ်လိုပါဝင်ခဲ့ရသလဲ။ ပုဂ္ဂလိကကဏ္ဍဘက်က ဘယ်လိုပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ရတယ်ဆိုတာကို ရှင်းပြပေးပါဦး။**

**ဒေါ်ခိုင်ခိုင်နွယ် ။** ။ တကယ်တော့ Doing Business ဆိုတာ လုပ်ငန်းလုပ်ကိုင်ရလွယ်ကူမှုကို ကမ္ဘာ့ဘဏ်ကနေ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံတွေကို တိုင်းတာတာဖြစ်ပါတယ်။ မူဝါဒတွေ၊ လုပ်ငန်းအဆင့်တွေ ပြောင်းလဲအောင်လုပ်ရမှာက အစိုးရဌာနရဲ့ တာဝန်ပါ။ ဒါကို အသုံးပြုတဲ့အခါ လုပ်ငန်းရှင် ပြည်သူဘက်က အသုံးပြုရပါတယ်။ ပြောင်းလဲမှုကို အသုံးပြုတဲ့သူကလည်း သိဖို့ အရေးကြီးပါတယ်။

ပြောင်းလဲနေပြီး ကိုယ်အသုံးမပြုဘူးဆိုရင် ဒီအမှတ်ကလည်း မတက်ပါဘူး။ ဒါကို ကျွန်မတို့က သိတဲ့အတွက် ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးလုပ်ခဲ့ပါတယ်။ ဒုတိယဝန်ကြီးလည်း ပြောခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ အစိုးရ-ပုဂ္ဂလိက ရင်းနှီးစွာ ဆွေးနွေးပြောဆိုမှုတွေ ပြုလုပ်ပြီး လုပ်ငန်းလုပ်ဖို့အတွက် အခက်အခဲတွေရှိနေတယ်။ ဒါလေးကို ကူညီပါ။ အဲဒီကနေပြီး ဝန်ကြီးဌာနတွေဘက်ကလည်း ပြုပြင်ပြောင်းလဲရမယ့်အချက်တွေကို ပြောင်းလဲဖို့ Initiate လုပ်လာပါတယ်။ ပြောင်းလည်း ပြောင်းလဲလာကြပါတယ်။

ကျွန်မတို့က အတူပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ ပြောင်းလဲမှုနဲ့ သုံးစွဲသူ အသိချင်း ကိုက်သွားတဲ့အခါ အမှတ်က တက်လာတာဖြစ်ပါတယ်။ အရေးကြီးတာကလည်း အဲဒါပါ။ တစ်ဖက်တည်း ပြောင်းလို့လည်းမရ၊ တစ်ဖက်တည်းသိလို့လည်း မရပါဘူး။ ဒီလိုလုပ်ခဲ့ရာမှာ ဥပမာ- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဆိုရင် လိုင်စင်အွန်လိုင်းစနစ်ပေးပါတယ်။ အခုဆိုရင် အကုန်လုံးအွန်လိုင်းစနစ်နဲ့ လိုင်စင်လျှောက်လို့ရနေပြီဖြစ်ပါတယ်။

ကျွန်မတို့ ၂၀၁၅- ၂၀၁၆ ကတည်းက ဒီစနစ်အသုံးပြုဖို့ စတင်ပြင်ဆင်ခဲ့ပြီး စမ်းသပ်မှုကို အထည်ချုပ်လုပ်ငန်းနဲ့ စခဲ့တာပါ။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ စက်ရုံ ၁၀ ရုံလောက်နဲ့ စမ်းသပ်ပါတယ်။ နောက် စက်ရုံ ၄၇ ရုံဖြစ်လာပါတယ်။၂၀၁၈ ခုနှစ်မှာ Fully အွန်လိုင်းစနစ်ကို သွားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုအွန်လိုင်းစနစ်ကို လုပ်တဲ့အတွက် Step တွေလည်း လျော့လာပါတယ်။ Web Page စနစ်ဖြစ်တဲ့အတွက် လုပ်ငန်းရှင်တွေက ဝန်ကြီးဌာနကို သွားစရာ မလိုပါဘူး။

ဘယ်အချိန်ပဲဖြစ်ဖြစ်၊ ဘယ်နေရာပဲဖြစ်ဖြစ် အင်တာနက်ရှိရင် လိုင်စင်ကို လျှောက်လို့ရပါပြီ။ ပြီးတော့ သူ့မှာ Password ရှိတယ်၊ Username ရှိတယ်ဆိုရင် သူကြိုက်တဲ့အချိန် စစ်လို့ရပါပြီ။ အဲဒီလိုတွေ အရမ်းလွယ်ကူလာပါတယ်။ လွယ်ကူလာတော့ လုပ်ငန်းရှင်တွေဘက်က စရိတ်လည်း သက်သာလာပါတယ်။ စက္ကူအသုံးပြုမှုဆိုရင် ကျွန်မတို့ ၇၀ ရာခိုင်နှုန်းအထိ ကျလာပါတယ်။ Costing တွေလျော့လာတာဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဒီလိုဖြစ်လာတော့ GSP ရပြီး၂၀၁၄-၂၀၁၅ ခုနှစ်မှာ စက်ရုံ ၆၀ကျော်၊၂၀၁၉ ခုနှစ်မှာ၇၅ ရုံတိုးလာပါတယ်။ ပျမ်းမျှဆိုရင် တစ်လကို စက်ရုံ ၆ ရုံလောက်တက်လာပါတယ်။ ဒါတွေက ခုနကလို လုပ်ငန်းတွေလုပ်တဲ့အခါ ပိုမိုလွယ်ကူလာတာကြောင့်လည်း ဖြစ်ပါတယ်။ ပြီးတော့ မူဝါဒအပြောင်းအလဲကို အသိအမှတ်ပြုလာတာလည်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့အနေနဲ့ ဒါကို ထပ်ပြီးတိုးတက်မှုရှိအောင် ပူးပေါင်းဆောင်ရွက်သွားဖို့အတွက် ဝန်ကြီးဌာနနဲ့ပြောပြီး ဆောင်ရွက်နေပါတယ်။ အခုလည်း ဆောင်ရွက်နေတာတွေ ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ အခုလို အနေအထား မျိုးရောက်လာတာ လွယ်လွယ်ကူကူနဲ့ ရောက်လာတာ မဟုတ်ပါဘူး။ အခုလို ပြုပြင်ပြောင်းလဲမှုလုပ်ဖို့အတွက် ဘယ်လို အခက်အခဲတွေ တွေ့ကြုံရမလဲဆိုတာကို ပြည်သူတွေသိရှိအောင် ရှင်းပြပေးပါဦး။**

**ဦးအောင်ထူး ။ ။** အခက်အခဲတွေက အများကြီးပါ။ ပထမအချက်က Mindset စိတ်ရဲ့ ခံယူချက်တွေလည်း ပြောင်းလာတာဖြစ်ပါတယ်။ ဆိုလိုတာက အရင်တုန်းက အစိုးရလုပ်ငန်းတွေကို လုပ်ကိုင်ရတာ တော်တော်ကိုခက်ခဲတယ်ဆိုပြီး ပြည်သူတွေက ခံယူထားပါတယ်။ အစိုးရဌာနတွေမှာ တာဝန်ယူတဲ့သူတွေကလည်း ပြည်သူတွေရဲ့အခြေအနေတွေကို သေသေချာချာ နားလည်သဘောပေါက်မှုမရှိခဲ့ပါဘူး။ အဲဒီတော့ဒီခံယူချက်ကို ပြောင်းလဲခဲ့ရတာဖြစ်ပါတယ်။ဒါဟာအခက်အခဲဆုံးပြဿနာကြီးပါ။ အစိုးရရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ပြည်သူတွေအတွက် အကျိုးပြုမယ်ဆိုတဲ့ စိတ်ထားမျိုးဖြစ်ပေါ်လာအောင် ကျွန်တော်တို့အနေနဲ့ပြောင်းလဲပြီး ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ခဲ့ပါတယ်။

တကယ်တော့ ပြုပြင်ပြောင်းလဲမှုတွေကို ၂၀၁၁ ခုနှစ်ကတည်းက လုပ်ခဲ့တာပါ။ လုပ်ပေမယ့် အစိုးရဘက်က ပြောင်းလဲမှုတွေကို ပြည်သူတွေက မသိရှိကြဘူးဖြစ်နေပါတယ်။ ဒီနေရာမှာ ကွာဟမှုလေးဖြစ်နေတာပါ။ အဲဒီလိုဖြစ်တဲ့အခါ စီးပွားရေးလုပ်ငန်းတွေလွယ်ကူအောင် လုပ်တဲ့အခါ ဘာလိုလဲဆိုတာကို တွေ့လာရပါတယ်။ အဲဒါကဘာလဲဆိုတော့ အများပြည်သူသိရှိအောင်လုပ်ဆောင်တဲ့ လုပ်ငန်းတွေက အရေးပါတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အများပြည်သူကို အသိပေးတဲ့လုပ်ငန်းတွေ အများကြီးလုပ်လာရပါတယ်။

ကျွန်တော်တို့မှာ Communication Plan လို့ခေါ်တဲ့ အများပြည်သူနဲ့ဆက်သွယ်ဆောင်ရွက်တဲ့လုပ်ငန်းတွေကို အလေးထားပြီး လုပ်ဆောင်လာခဲ့ရတယ်ဆိုတာကို တွေ့ရပါတယ်။နောက်တစ်ခု ကမ္ဘာ့ဘဏ်က Ranking ကိုအမှတ်ပေးရာမှာ ပြုပြင်ပြောင်းလဲသူအပိုင်းကသာ ကြည့်တာမဟုတ်ဘဲ ပြုပြင်ပြောင်းလဲမှုကို အကျိုးခံစားရတဲ့ပုဂ္ဂလိကကဏ္ဍကိုလည်း ကြည့်ပါတယ်။ အဲဒီလိုကြည့်ရာမှာ သူကမေးခွန်းလွှာတွေကို မေးပါတယ်။ ဖြေတဲ့ပုဂ္ဂလိကကဏ္ဍအနေနဲ့ အစိုးရက ဘာတွေပြုပြင်ပြောင်းလဲလိုက်တယ်ဆိုတာကို သူတို့တွေ မသိရှိဘူး ဖြစ်နေတယ်။ ဒါကို သိရှိအောင် ကျွန်တော်တို့အနေနဲ့ Seminar တွေ၊ ဟောပြောပွဲတွေလုပ်ပါတယ်။ ပြောင်းလဲမှုတွေက ဒါတွေရှိပါတယ်ဆိုတာကို ပုဂ္ဂလိကကဏ္ဍကို ရှင်းပြခဲ့ပါတယ်။ ပုဂ္ဂလိကကဏ္ဍကလည်း အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို နားလည်လာပြီး ကမ္ဘာ့ဘဏ်ကမေးတဲ့ မေးခွန်းတွေကို ပိုမိုပြီး မှန်မှန်ကန်ကန်ဖြေဆိုလာတာကို တွေ့ရပါတယ်။ အဲဒီလိုဖြေဆိုလာတဲ့အတွက် ကျွန်တော်တို့ရဲ့ အမှတ်တက်လာတဲ့အပိုင်းလည်း ဖြစ်ပါတယ်။

အများပြည်သူသိရှိအောင် ကျွန်တော်တို့ဘာတွေလုပ်ခဲ့ရသလဲဆိုရင် Ease of Doing Business စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု အင်တာနက်စာမျက်နှာကို ထူထောင်ရပါတယ်။ ဒါကို ထူထောင်ပြီး ပြုပြင်ပြောင်းလဲမှုမှာ ဘယ်သူတွေက ဦးဆောင်ပြီးလုပ်ဆောင်နေသလဲ၊ ဘာတွေကို ပြုပြင်ပြောင်းနေသလဲဆိုတာကို တင်ပြရပါတယ်။

ကျွန်တော်တို့ အစိုးရရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပြုပြင်ပြောင်းလဲမှုက အဓိကအချက်သုံးချက်ပါ။ တစ်ချက်က အစိုးရရဲ့ခွင့်ပြုချက်တစ်ခုကို ရဖို့ဆိုရင် အချိန် ဘယ်လောက်ကြာမလဲ။ ဒီအချိန်ကို ကျွန်တော်တို့ တတ်နိုင်သလောက် လျှော့ချရမယ်။ နောက်ပြီး အဆင့်တွေ ဘယ်လောက်လုပ်ရမလဲ။ အဆင့် ၁၀ဆင့်လုပ်ရမလား။ အဆင့် ၁၅ ဆင့် လုပ်ရမလား။ အဲဒါကို ကျွန်တော်တို့က တတ်နိုင်သလောက် အနည်းဆုံးဖြစ်အောင် လျှော့ချရမယ်။

နောက်ပြီး အစိုးရထံက ခွင့်ပြုချက်တွေ ရရှိဖို့ဆိုရင် ငွေကြေးကုန်ကျမှု ဘယ်လောက်ရှိမလဲ။ ဒါတွေကို ကျွန်တော်တို့က လျှော့ချရမယ်။ အချိန်လျှော့ချရမယ်။ ငွေကြေးကုန်ကျမှုကို လျှော့ချရမယ်။ အဆင့်တွေကို လျှော့ချရမယ်။နောက်ပြီးအစိုးရရဲ့ဝန်ဆောင်မှုလုပ်ငန်းတွေက တတ်နိုင်သမျှ ရိုးရှင်းလွယ်ကူမှုရှိရမယ်။ ဒီအပိုင်းတွေကို ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**ဒေါ်လှိုင်မော်ဦး။ ။** ကျွန်မအနေနဲ့ ဒုတိယဝန်ကြီးပြောတာရော၊ ပုဂ္ဂလိကကဏ္ဍက ပြောတာရော နည်းနည်းဖြည့်စွက်ပြီး ပြောပြချင်ပါတယ်။ ဒါက ကိုယ့်ရဲ့အတွေ့အကြုံပါ။ တစ်ဖက်က ကျွန်မတို့ဘက်က ပြုပြင်ပြောင်းလဲမှုတွေ ဘယ်လောက်ပဲလုပ်လုပ် ကမ္ဘာ့ဘဏ်က ဘယ်လိုအမှတ်ပေးနေသလဲ။ သူများ နိုင်ငံတွေက ဘယ်လိုလုပ်နေသလဲဆိုတာ မသိရင် ကျွန်မတို့ လုပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုက လိုအပ်တဲ့လမ်းကြောင်းပေါ်ကို မရောက်နိုင်တာရှိပါတယ်။ အဲဒီတော့အဆင့်နဲ့ ရမှတ်တိုးတက်အောင် ကမ္ဘာ့ဘဏ်ကနိုင်ငံတွေကို ဘယ်လို အကဲဖြတ်နေသလဲ။ သူများနိုင်ငံတွေကရော ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေကို လုပ်နေသလဲဆိုတာ ကျွန်မတို့ လေ့လာခဲ့ရပါတယ်။

အဲဒီလိုလေ့လာပြီး ကမ္ဘာ့ဘဏ်ကပုဂ္ဂိုလ်တွေနဲ့လည်း ဆွေးနွေးရသလို Communication မှာနှစ်ပိုင်းရှိပါတယ်။ ကမ္ဘာ့ဘဏ်က အမှတ်ပေးတဲ့ ပုဂ္ဂိုလ်တွေက ကျွန်မတို့နိုင်ငံမှာလုပ်နေတဲ့ လုပ်ထုံးလုပ်နည်းတွေကို တကယ်အမှန်အတိုင်း နားလည်ဖို့ပြောပြရတာရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍကလည်း ကျွန်မတို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို သိရှိအောင် ဆောင်ရွက်ရတဲ့အပိုင်း နှစ်ပိုင်းရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ကမ္ဘာ့ဘဏ်ရဲ့ ဆောင်ရွက်မှုက ကျွန်မတို့ရဲ့ အဆင့်တွေကို လျှော့ချတယ်လို့ ထင်ပါတယ်။ သူတို့ရဲ့အဆင့်တွက်ပုံတွက်နည်းက ကျွန်မတို့ မထင်တဲ့ နည်းတွေဖြစ်နေရင် အခြားနိုင်ငံတွေနဲ့ ယှဉ်ရင် ကျွန်မတို့ဘက်က ပြုပြင်ပြောင်းလဲမှုမဖြစ်ပါဘူး။

ဥပမာ ကျွန်မတို့ ကဏ္ဍမှာဆိုရင် အပိုင်း ၄ ပိုင်းကို သူတို့က အမှတ်ပေးပါတယ်။ ပထမတစ်ပိုင်းက ဒုတိယဝန်ကြီး ပြောသလိုပါပဲ လုပ်ငန်းအဆင့် ဘယ်လောက်ရှိသလဲ၊ အချိန် ဘယ်လောက်ကုန်သလဲ၊ ကုန်ကျစရိတ် ဘယ်လောက်ရှိသလဲ၊ အဲဒီအပြင်အာမခံချက် ဘယ်လောက်ရှိသလဲ၊ အရည်အသွေးပိုင်းနဲ့ ပတ်သက်ပြီး ဘယ်လောက်ရှိသလဲဆိုတဲ့ အပိုင်း ၄ ပိုင်းကို သူတို့က အမှတ်ပေးပါတယ်။

ဒါတွေကို သူများနိုင်ငံတွေက ဘယ်လိုလုပ်သလဲဆိုတာ ကျွန်မတို့က ကြည့်ရပါတယ်။ အဆင့်တွေလျှော့ချနိုင်ဖို့ ဘာတွေလုပ်သလဲ၊ အဆင့်တစ်ဆင့်ကို ဘယ်လိုတွက်သလဲ၊ အရင်တုန်းက ကျွန်မတို့အဆင့်က ဒါလောက်ပဲရှိတယ်လို့ ထင်တယ်။ ကမ္ဘာ့ဘဏ်အနေနဲ့ တွက်လိုက်ရင် အဲဒီအဆင့်တွေက များနေတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရဌာနနဲ့ ထိတွေ့တိုင်း၊ ထိတွေ့တိုင်း သူတို့က အဆင့်တစ်ဆင့်အနေနဲ့ ယူဆပါတယ်။ ဌာနတစ်ခုက နှစ်ခု၊ သုံးခုတစ်ပြိုင်နက်တည်း စုစည်းပြီး တွေ့ထိနိုင်ရင် အဆင့်တစ်ဆင့်တည်း ဖြစ်သွားပါတယ်။

ဒါကြောင့် ပုဂ္ဂလိကကဏ္ဍက ပြောသလို အွန်လိုင်းလုပ်နိုင်ရင်အဆင့်က လျှော့သွားပါတယ်။ အချိန်လည်း ထိုနည်းလည်းကောင်းပါ။ ကျွန်မတို့က အချိန်ဒီလောက်ပဲ ရှိတယ်လို့ ထင်တယ်။ ဒါပေမယ့် သူတို့က တွက်တယ်။ ထောက်ခံစာတစ်ခုယူတိုင်းမှာ အနည်းဆုံး အချိန်တစ်ရက် ကုန်တယ်လို့ ယူဆပါတယ်။ တစ်နေရာကနေ တစ်နေရာကို ခရီးသွားရတဲ့ အချိန်ကို သူတို့က ထည့်တွက်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကျွန်မတို့က ထောက်ခံစာတွေကို လျှော့ချပေးတယ်ဆိုရင် အချိန်က လျှော့သွားပါတယ်။

နောက်ပြီး အွန်လိုင်းက လျှောက်တယ်ဆိုရင်တစ်ရက်တည်းနဲ့ သွားလို့ရတယ်ဆိုတဲ့ သူတို့ရဲ့ အမှတ်ပေးတဲ့ နည်းလမ်းလေးတွေကိုလည်း ကျွန်မတို့က နားလည်ဖို့လိုသလို ကျွန်မတို့ရဲ့ ပုဂ္ဂလိကကဏ္ဍကို မေးတဲ့အခါ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပြန်ဖြေတာအပေါ်မူတည်ပြီး သူတို့ မရှင်းလင်းတာကို ကျွန်မတို့က ပြန်ပြီး မဖြေရှင်းနိုင်ရင်လည်း အမှတ်မရနိုင်ပါဘူး။

နောက်ပြီး သူများနိုင်ငံတွေက အဲဒီလို ပြုပြင်ပြောင်းလဲတဲ့အချိန်မှာ အဆင့်တက်အောင် ဘာတွေလုပ်သလဲဆိုတာ လေ့လာရင် ကျွန်မတို့ နည်းလမ်းပိုရပါတယ်။ ဒါလေးတစ်ခုကို ဖြည့်စွက်ဆွေးနွေးချင်တာ ဖြစ်ပါတယ်။ Communication ကနှစ်ဖက်ပါ။ ကမ္ဘာ့ဘဏ်နဲ့ အခြားနိုင်ငံတွေနဲ့ယှဉ်တဲ့ Communication တစ်ပိုင်းရှိပါတယ်။ ကျွန်မတို့ရဲ့ ခွင့်ပြုမိန့်ကို တောင်းခံတဲ့ ဒါမှမဟုတ် ဆောင်ရွက်နေတဲ့ ခုနပုဂ္ဂိုလ်တွေ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ သူတို့တွေ ဘယ်လောက်အထိ နားလည်သလဲဆိုတဲ့ သူတို့ နားလည်အောင်ပေးနိုင်တဲ့အပိုင်းက တစ်ပိုင်းဖြစ်ပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်။ ။** ခုနက အတွင်းရေးမှူးနဲ့ ဒုတိယဝန်ကြီးတို့ ပြောသလိုပါပဲ။ အဓိကကတော့ ချိတ်ဆက်ဆောင်ရွက်မှုဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရဌာနတွေက ဘယ်လောက်ပဲပြောင်းပြောင်း ပုဂ္ဂလိကကဏ္ဍမှာ ဒါကိုပြောင်းတာမသိဘူးဆိုရင် အမှတ်က မတက်ပါဘူး။ ပုဂ္ဂလိကကဏ္ဍမှာ အခက်အခဲဖြစ်နေတာလည်း အစိုးရဝန်ကြီးဌာနက မသိဘူးဆိုရင်လည်း ဒါဟာ ဘာမှ လုပ်လို့မရပါဘူး။ Ease of Doing Business တက်လာတာကို ကျွန်မ တော်တော် ဝမ်းသာပါတယ်။တစ်ပြည်လုံးလည်း ဝမ်းသာမှာပါ။ ဘာကို သက်သေထူတာလဲဆိုတော့ အစိုးရ – ပုဂ္ဂလိက ဆက်ဆံရေး အားကောင်းလာတယ်။ ကျွန်မတို့ ချိတ်ဆက်မှု အားကောင်းလာတယ်ဆိုတာ ဒါက သက်သေပြနေတာပါ။ နိုင်ငံတော်အစိုးရဝန်ကြီးဌာနက ပြောင်းလဲတာကို ကျွန်မတို့ လိုက်ပြီး သိနေပါတယ်။

ကျွန်မဆိုရင် ဒီတစ်ခေါက်မှာ နှစ်ခုဖြေခဲ့ရပါတယ်။ Starting a business နဲ့ Protecting Minority Investors ကို ဖြေရပါတယ်။ မေးခွန်းတွေက ရှည်တဲ့အတွက် စိတ်ရှည်လက်ရှည်ဖြေရပါတယ်။ အဲဒီမှာ သူတို့ဆီက ပြန်လာတဲ့ မရှင်းလင်းတဲ့မေးခွန်းရှိရင် ပြန်မေးပါမယ်ဆိုပြီး မေးခွန်းပြန်လာပါတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ဒီလိုပြန်လာတဲ့အခါမှာ ပြန်ဖြေနိုင်ဖို့အရေးကြီးပါတယ်။ ပြန်ဖြေနိုင်ဖို့အတွက် ပြောင်းလဲမှုကို တကယ်သိဖို့က အရေးကြီးပါတယ်။

ကျွန်မဆီပြန်လာတဲ့မေးခွန်းဆိုရင် ဥပမာအနေနဲ့ DG တို့ဘက်က Starting a Business က Registration လုပ်တဲ့အခါ ကုမ္ပဏီ Seal ပေးစရာမလိုတော့ဘူး။ ဒါပေမယ့် အဲဒီမေးခွန်းကအချို့သောသူများကုမ္ပဏီ Seal ကို ပေးနေရတယ်လို့ ပြောပါတယ်။ကျွန်မက ပြောပါတယ်။ ဥပဒေမှာလည်း မလိုအပ်ဘူး။ ဌာနကလည်းမတောင်းဘူး။ ဒါပေမယ့် လုပ်ငန်းရှင်တွေမှာ Identity အစွဲတစ်ခုရှိပါတယ်။ ကိုယ့်ရဲ့အမှတ်တံဆိပ်လိုအစွဲနဲ့ Seal ကိုတင်လာရင် ဥပဒေက ဒါကိုငြင်းပါလို့ မပြောထားဘူး။ အဲဒီတော့ ဒါက လုပ်ငန်းရှင်ရဲ့ဆန္ဒဖြစ်ပါတယ်။

နောက်ပြီး Bank Account တစ်ခု သူတို့မေးပါတယ်။ မှတ်မှတ်သားသားလေးပါ။ အခုဆိုရင် Registration လုပ်ရင် အွန်လိုင်းတက်သွားတာဆိုတော့ ဘာမှ ပြန်စရာမလိုပါဘူး။ ဘဏ်အကောင့်လည်း မလိုပါဘူး။ အဲဒီတော့ သူတို့က ပြန်မေးပါတယ်။ လုပ်ငန်းတစ်ခု ထူထောင်တဲ့အခါ ဘဏ်အကောင့်တစ်ခု မရှိဘူးဆိုရင် ဒါကို ဘယ်လို ယုံကြည်စိတ်ချရမလဲဆိုပြီး မေးပါတယ်။ အဲဒီတော့ ကျွန်မက ပြန်ဖြေလိုက်ပါတယ်။ Registration ကာလမှာသာ မလိုတာပါ။ လုပ်ငန်းတကယ်လည်ပတ်ပြီဆိုရင်သူရဲ့ Commercial Activities တို့၊ သူ့ရဲ့ Day to Day Operation တို့မှာ သူသည် ဘဏ်အကောင့်မရှိရင် မရပါဘူးဆိုတာကို ပြန်ဖြေလိုက်တော့ သူတို့ ကျေနပ်သွားပါတယ်။

အမှတ်တက်သွားခြင်းသည် ကိုယ့်အဖြေကြောင့် ဟုတ်ချင်မှ ဟုတ်မယ်။ ကျွန်မက ဘာကို ပြောချင်တာလဲဆိုတော့ အားလုံးက အစိုးရဌာနရဲ့ ပြုပြင်ပြောင်းလဲတဲ့အပိုင်းကို ပုဂ္ဂလိကကဏ္ဍကလည်း သိရှိပြီး အတူတူ တက်ညီလက်ညီ ဆောင်ရွက်တယ်ဆိုရင် အမှတ်တက်ပါတယ်။ ကျွန်မလည်း အမှန်အတိုင်းပြောရင် ဒီနှစ်ထက်ကို ထပ်ပြီး အမှတ်တက်ချင်တာပါ။

**အစီအစဉ်မှူး။ ။ ဒါက အစိုးရနဲ့ ပုဂ္ဂလိကနှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်တဲ့အပိုင်းဖြစ်ပါတယ်။ အခုလို Ease of Doing Business အဆင့်တွေ တိုးတက်အောင် Starting a Business Indicator ဆိုင်ရာအထောက်အကူပြုအဖွဲ့အနေနဲ့ ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက် လုပ်ဆောင်သွားဖို့ရှိသလဲဆိုတာကို ရှင်းပြပေးပါဦး။**

**ဦးသန့်စင်လွင်။ ။** Starting a Business စီးပွားရေးလုပ်ငန်းတစ်ခု စတင်မယ်ဆိုရင် ဒုတိယဝန်ကြီး ပြောသွားသလိုပဲ အဆင့်ရှိပါတယ်။ အချိန်ရှိပါတယ်။ ငွေရှိပါတယ်။ ဒီအဆင့်ရယ်၊ အချိန်ရယ်၊ ငွေရယ်ဆိုတာ ကုမ္ပဏီကနေ လုပ်ငန်းတစ်ခုစတင်တဲ့ သူရဲ့ ကုန်ကျစရိတ်ပါ။ ဒါပေမယ့်အဲဒီမှာ နောက်တစ်ခုက စီးပွားရေးလုပ်ငန်းတစ်ခု စတင်တာ ကျွန်တော်တို့နိုင်ငံက ငွေအရင်းအနှီး ဘယ်လောက်ရှိတယ်ဆိုတာ ဖော်ပြစရာမလိုဘဲ ကုမ္ပဏီထောင်ခွင့်ရှိပါတယ်။ ဒီအပိုင်းကို ပြန်ကြည့်မယ်ဆိုရင် လုပ်ငန်းအဆင့်ကြာမှုက ၈၀ ကျော်ရှိပါတယ်။ အချိန်နဲ့က အမှတ် ၉၀ ကျော်လောက် ရှိပါတယ်။ လုပ်ငန်းရဲ့ကုန်ကျစရိတ်ကအမှတ် ၉၀ ကျော်လောက်ရှိပါတယ်။

အဲဒီမှာ ထူးခြားတာကစီးပွားရေးလုပ်ငန်းတစ်ခုစတင်ရင် မတည်ငွေပြစရာ မလိုတာက အမှတ်၁၀၀ ကျွန်တော်တို့က ရထားတာရှိပါတယ်။ ဒီစီးပွားရေးလုပ်ငန်းတစ်ခု စတင်တယ်ဆိုရာမှာ ဒီအဆင့်တွေကို လျှော့ချဖို့ဆိုတာ ကျွန်တော်တို့ သုံးခုပဲ လျှော့ချရတော့မှာ ဖြစ်ပါတယ်။ အဲဒီ သုံးခုထဲမှာ စီးပွားရေးလုပ်ငန်းစဖို့ ပေးသွင်းရတဲ့ ငွေပြစရာမလိုပါဘူး။ အွန်လိုင်းကနေ ငွေသွင်းလို့ရပါတယ်။ ကတ်နဲ့ဖြစ်ဖြစ်၊ အခြားငွေပေးသွင်းမှုစနစ်တစ်ခုနဲ့ဖြစ်ဖြစ် ကျွန်တော်တို့က သုံးလို့ရပါတယ်။

ဒါပေမယ့် ဒီဘက်က ကျွန်တော်တို့အဆင့်တွေကို လျှော့ချရာမှာ ယခင်က ကုမ္ပဏီတစ်ခုမှတ်ပုံတင်မယ်ဆိုရင် ငွေကျပ် ၁၀သိန်း၊ နောက်တစ်ခါ ငွေကျပ် ၄းသိန်း၊ မနှစ်က စက်တင်ဘာ ၃၀ ရက်အထိကို ငွေကျပ် နှစ်သိန်းခွဲပါ။ အောက်တိုဘာ ၁ ရက်ကစပြီး ငွေကျပ်တစ်သိန်းခွဲအထိ ထပ်လျှော့ထားပါတယ်။ ဆိုလိုတာက တတ်နိုင်သမျှ နိုင်ငံတော်ရဲ့ ရငွေလည်း မနစ်နာအောင်၊ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရတာလည်း လွယ်ကူအောင် နောက်ပြီး အများပြည်သူပါ လွယ်ကူစွာဆောင်ရွက်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျွန်တော်တို့က ဆောင်ရွက်တာဖြစ်ပါ တယ်။

အခုကျွန်တော်တို့က ၉၃ မှတ်လောက်ရထားတာ ဒီနှစ်မှာ ထပ်ကျမယ်လို့မျှော်မှန်းပါတယ်။ ဒါက ကျွန်တော်တို့ တာဝန်ခံဆောင်ရွက်ရတဲ့ အခန်းကဏ္ဍတစ်ခုမှာပါတဲ့ အဓိကကျတဲ့အချက် လေးချက်မှာ နှစ်ချက်ကိုဆောင်ရွက်မှုဖြစ်ပါတယ်။ နောက်နှစ်ခုကလုပ်ငန်းအဆင့်တွေ ဖြစ်ပါတယ်။ လုပ်ငန်းအဆင့် ဖြစ်တဲ့အတွက် ကျွန်တော်တို့ဌာနတစ်ခုတည်းနဲ့ မပြီးတော့ပါဘူး။ အခြားဌာနတွေပါ လိုအပ်လာတာတွေ ရှိပါတယ်။

အခြားဌာနတွေကိုလည်း ကျွန်တော်တို့ လက်ရှိအသုံးပြုနေတဲ့ Electronic Online Registration စနစ်မှာပါဝင်အောင် ကျွန်တော်တို့က ဆောင်ရွက်ရပါတယ်။ တချို့က ပါဝင်အောင် ဆောင်ရွက်ရသလို၊ တချို့ကပါဝင်မယ်ဆိုပြီး ဆောင်ရွက်လာတာရှိပါတယ်။ ဥပမာ – စီးပွားရေးလုပ်ငန်းတစ်ခုစတင်ဖို့အတွက် ကုမ္ပဏီထောင်ပြီးပါပြီ။ ဘဏ်စာရင်းလည်း ဖွင့်ပြီးပါပြီဆိုရင် ဒီကုမ္ပဏီက သွင်းကုန်လုပ်မလား၊ ပို့ကုန်လုပ်မလား ဒါဆိုရင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ သွင်းကုန်ပို့ကုန်အတွက် လိုပါတယ်။

အဲဒါဆိုရင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ဌာနနဲ့Link ချိတ်ထားပြီဆိုရင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကျွန်တော်တို့ရဲ့ကုမ္ပဏီ Registration ကို ပြလို့ရသလို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သွင်းကုန်ပို့ကုန်ပေးလိုက်တာကိုလည်း ကျွန်တော်တို့ဌာနက သိရမှာ ဖြစ်ပါတယ်။ ဒါက Link တစ်ခုပဲဖြစ်ပါတယ်။

ထိုနည်းတူပဲ စီးပွားရေးလုပ်ငန်းစပြီး အလုပ်တစ်ခု လုပ်တော့မယ်၊ နောက်ဆုံး အခွန်ဆောင်ရမှုအပိုင်းမှာလည်း ပြည်တွင်းအခွန်များ ဦးစီးဌာနနဲ့ ကျွန်တော်တို့ ချိတ်ဆက်ပြီးပါပြီ။ ကျန်တဲ့ အလုပ်သမားကိစ္စဆိုရင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူမှုဖူလုံရေးဦးစီးဌာန စတဲ့လုပ်ငန်းတွေနဲ့လည်း ကျွန်တော်တို့ ချိတ်ဆက်မှုရှိပါတယ်။ ဒါတွေကိုလည်း ဆက်လက်ချိတ်ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒါဆိုရင် ကျွန်တော်တို့အဆင့်တွေ လျှော့သွားမှာ ဖြစ်ပါတယ်။ ဒီအဆင့်တွေသာလျှော့သွားရင် ဒုတိယဝန်ကြီး ပြောသွားတဲ့ ဒုတိယအချက်ဖြစ်တဲ့ အချိန်က အလိုလို လျှော့ကျသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ ဒီအဆင့်တွေ လျှော့ကျဖို့ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရာမှာ ပါဝင်ရမယ့် အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်နေပါတယ်။

အခုဆိုရင် ကိုယ်က ချိတ်ဆက်စရာမလိုဘဲ သက်ဆိုင်ရာဌာနက ချိတ်ဆက်လာတာဖြစ်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာစွာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။အခြားဌာနများကိုလည်း ဆက်လက် ညှိနှိုင်းဆောင်ရွက်နေပါတယ်။ နည်းပညာခေတ်ဖြစ်တဲ့အတွက် နည်းပညာကိုသုံးပြီး ကျန်တဲ့အခက်အခဲတွေကို ကျွန်တော်တို့က ကျော်လွှားနိုင်တယ်လို့ ယူဆဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ အခုကျွန်တော်တို့ စကားဝိုင်းကလည်း အချိန်တစ်ခုရောက်လာပြီဆိုတော့ ပထမပိုင်းအနေနဲ့ ခေတ္တခဏရပ်နားပါမယ်။ ကျွန်တော်တို့အခုဆွေးနွေးသွားတာကတော့ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးဖို့အတွက် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရလွယ်ကူမှုဆိုတဲ့ Ease of Doing Business ရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကို ကျွန်တော်တို့ ဆွေးနွေးသွားတာ ဖြစ်ပါတယ်။**

ဆက်လက်ပြီး ဒုတိယပိုင်းမှာလည်း စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရလွယ်ကူမှုအညွှန်းကိန်းဆိုတဲ့ Ease of Doing Business အဆင့်တိုးတက်အောင်ဆောင်ရွက်ခဲ့ရမှုအခြေအနေနဲ့ ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ရတယ်။ ပြုပြင်ပြောင်းလဲမှုအကျိုးရလဒ်တွေကို ဘယ်လိုခံစားရတယ်။ ရှေ့အနာဂတ်အလားအလာ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာကိုလည်း ဆက်လက်ပြီး တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ။

# ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

**နေပြည်တော်၌ ဝန်ကြီးဌာနများ စုပေါင်း၍ "ဒုတိယအကြိမ် မြန်မာ့ ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ" အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။**




ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဝန်ကြီးဌာနများစုပေါင်း၍ ဒုတိယအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲ ရွှင်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယမန်နှစ်မှ စတင်၍ ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း။

ဒုတိယအကြိမ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယနေ့ ညှိနှိုင်းဆွေးနွေးကြခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဇန်နဝါရီ ၂၄ ရက်ကလည်း ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပါကြောင်း၊ အဆိုပါ အစည်းအဝေးမှ တစ်ဆင့် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို လာမည့် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရန် သတ်မှတ်ခဲ့ကြပါကြောင်း။

ယနေ့ အစည်းအဝေးတွင် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များ၊ အမှတ်ပေးစည်းမျဉ်းများ အပါအဝင် ကျန်ကိစ္စရပ်များအားလုံးကို ပြီးပြတ်အောင် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များ၊ ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများ၊ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပေးရန်အချက်များ၊ ထမနဲထိုးပြိုင်ပွဲတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီတို့မှ တာဝန်ရှိသူများက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် လှူပ်ရှားမှုနှင့် အချိန်အမှတ်ပေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အရည်အသွေးအမှတ်ပေး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အစည်းအဝေး တက်ရောက်သူများက အထွေထွေဆွေးနွေးတင်ပြကြ သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ချစ်ခင်ရင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြည်ထောင်စုကြီး အိမ်နီးချင်းနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်မယ်လို့ ယုံကြည်ပါတယ်

ဒေါ်နန်းယုယုသက်
(ရှမ်းပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)



ဒေါ်နန်းယုယုသက်



ဦးခွန်ဆော



လဖိုင်နန်ဒွဲ



စောရှားထူးဝေါ်



ဦးဇော်ထွန်းသောင်း



မောင်မာရ်ကုအောင်ငံ

၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရပြည့်ဝစွာ ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များသည်လည်း နေပြည်တော်သို့ ရောက်ရှိနေကြပြီဖြစ်ရာ ၎င်းတို့၏ ပြည်ထောင်စုနေ့ အမှတ်တရစကားသံများကို ဖော်ပြလိုက်ပါသည်။

**ဒေါ်နန်းယုယုသက်(ကြီးကြပ်သူ၊ ရှမ်းပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့ ရှမ်းတိုင်းရင်းသားအဖွဲ့မှာ အဖွဲ့ဝင်သုံးဆယ်ကျော် ပါပါတယ်။ ရှမ်းပြည်နယ်ရဲ့ ရိုးရာယဉ်ကျေးမှုဖြစ်တဲ့ ကိန္နရီကိန္နရာ၊ တိုးနယားဓားသိုင်းနဲ့ ရှမ်းပျိုဖြူလေးများက ယိမ်းအကနဲ့ ပါဝင်ဖျော်ဖြေမှာပါ။ ပြည်ထောင်စုအတွင်းမှာနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးအတူတကွ စည်းလုံးညီညွတ်ချစ်ခင်စွာနဲ့ ဥမကွဲ၊ သိုက်မပျက်နေထိုင်ကြမယ်ဆိုရင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီး အိမ်နီးချင်းနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်မယ်လို့ ယုံကြည်ပါတယ်။

**ဦးဝိုင်းဗိုလ် (အုပ်ချုပ်သူ၊ ဓနုတိုင်းရင်းသားရိုးရာအဖွဲ့)**

ကျွန်တော့်အဖွဲ့မှာ လူ ၄၀ ပါဝင်ပါတယ်။ ပြည်ထောင်စုနေ့မှာ ကျွန်တော်တို့ရဲ့ ရိုးရာအကအပြင် ရိုးရာလုပ်ငန်းဖြစ်တဲ့ လက်ဖက်လုပ်ငန်းကိုပုံဖော်တဲ့ ကကွက်နဲ့ တင်ဆက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်က နေပြည်တော်ကို ရောက်ဖူးတာ အခုအကြိမ်နဲ့ဆို ခုနစ်ကြိမ်ရှိပါပြီ။ အခုလို ပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့နိုင်ငံက ပြည်ထောင်စုစိတ်ဓာတ်ရှိဖို့က အင်မတန် အရေးကြီးပါတယ်။ ပြည်ထောင်စု အတွင်းမှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမောင်နှမတွေအားလုံး ညီညီညွတ်ညွတ်ချစ်ချစ်ခင်ခင်နဲ့ အားလုံးတက်ညီလက်ညီလက်တွဲပြီး ကြိုးပမ်းသွား မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်လာမှာပါ။ တိုင်းရင်းသားအားလုံးခံယူချက်၊ ယုံကြည်ချက်တွေကို တစ်ဖက်နဲ့တစ်ဖက် ဖြေလျှော့ပြီး ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ထာဝရငြိမ်းချမ်းရေးရရှိနိုင်မှာပါ။

**ဦးခွန်ဆော(အုပ်ချုပ်သူ၊ ချင်းပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

မျိုးနွယ်စုနှစ်ခုဖြစ်တဲ့ငရော့နဲ့ဒါးရင်ဒူးမျိုးနွယ်စုအကတွေနဲ့ ပြည်ထောင်စုနေ့မှာ ဂုဏ်ပြုဖျော်ဖြေတင်ဆက်သွားမှာပါ။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး သွေးစည်းညီညွတ်မှ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးအစစအရာရာခေတ်မီဖွံ့ဖြိုးတိုးတက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အခုလိုမျိုး တစ်နေရာတည်းမှာ ဒေသအသီးသီးက တိုင်းရင်းသားတွေကို မြင်တွေ့ရတာ အင်မတန်မှ ပျော်ရွှင်ပီတိဖြစ်ရပါတယ်။ အဲဒီလိုပဲ မငြိမ်းချမ်းသေးတဲ့ ဒေသတွေက ကျွန်တော်တို့ရဲ့ ပြည်သူတွေကိုလည်း ငြိမ်းချမ်းရေးအမြန်ရရှိပြီး ပျော်ရွှင်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**အေးဆုမြတ်မွန်(ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့)**

ကျွန်မက စစ်တွေတက္ကသိုလ်မှာ ဓာတုဗေဒဘာသာရပ်နဲ့ ဒုတိယနှစ်တက်နေတာပါ။ ပြည်ထောင်စုနေ့မှာ ရခိုင်ရိုးရာယဉ်ကျေးမှုအကနဲ့ ကပြဖျော်ဖြေသွားမှာပါ။ တက္ကသိုလ်မေဂျာပေါင်းစုံက ရွေးချယ်ပြီး အခုလိုနေပြည်တော်ကို ပထမဦးဆုံးအကြိမ် လာရောက်ခွင့်ရတဲ့အတွက် ကံကောင်းတယ်လို့ ခံယူပါတယ်။ နေပြည်တော်ရောက်နေစဉ်မှာလည်း ဒီမှာရှိတဲ့ အထင်ကရနေရာတွေကို လိုက်ပို့ပေးမယ်လို့လည်း သိရပါတယ်။ အခုဒီမှာ တိုင်းရင်းသားပေါင်းစုံနဲ့ ဆုံစည်းပြီး သိခွင့်၊ ခင်မင်ခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာရပါတယ်။

**လဖိုင်နန်ဒွဲ(ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

အခုလို ပြည်ထောင်စုနေ့ကို တက်ရောက်ခွင့်ရတာ နှစ်နှစ်ရှိပါပြီ။ ကျွန်မတို့အဖွဲ့မှာ အဖွဲ့ဝင် ငါးဆယ်ကျော်ပါဝင်ပြီး ကချင်ရိုးရာအကနဲ့ပဲ ကပြဖျော်ဖြေသွားမှာပါ။ တိုင်းရင်းသားပေါင်းစုံနဲ့အတူဆုံစည်းခွင့်ရတဲ့အတွက် အတွေ့အကြုံဗဟုသုတတွေ အများကြီးရသလို စည်းလုံးညီညွတ်မှုလည်း ပိုမိုရရှိပါတယ်။ အမှတ်တရဓာတ်ပုံတွေ ရိုက်ခွင့်ရတာ အင်မတန်မှ ပျော်စရာကောင်းပါတယ်။ ကျွန်မအခုလို ပျော်ရွှင်နိုင်သလို ကျွန်မတို့ပြည်နယ်က မိသားစုတွေကိုလည်း ငြိမ်းချမ်းရေးအမြန်ရပြီး ပျော်ရွှင်စေချင်ပါတယ်။ ငြိမ်းချမ်းရေးရမှလည်း တိုင်းပြည်တိုးတက်နိုင်မှာပါ။

**စောရှားထူးဝေါ်(ကရင်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့မှာ အဖွဲ့ဝင်စုစုပေါင်း ၄၀ ပါပါတယ်။ ဖျော်ဖြေရေးအနေနဲ့ ကရင်ရိုးရာ ဒုံးယိမ်းအကကိုပဲ အဓိက ကပြတင်ဆက်မှာပါ။ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့နိုင်ငံဖြစ်တဲ့အတွက် သူများနိုင်ငံနဲ့စာရင် ပိုပြီးတော့ ထင်ပေါ်တာတွေ့ရပါတယ်။ အခုလို ပြည်ထောင်စုနေ့မှာ တိုင်းရင်းသားပေါင်းစုံ လာရောက်တွေ့ဆုံတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ အထူးပင် ဝမ်းသာတယ်။ သူတို့ရဲ့ ရိုးရာဝတ်စုံတွေကို တွေ့ရတဲ့အတွက်လည်း ကြည်နူးမှုကို ခံစားရတယ်။ ပြည်ထောင်စုနေ့မှာ တိုင်းရင်းသားပေါင်းစုံ လာရောက်တွေ့ဆုံပြီး တစ်ယောက်နဲ့ တစ်ယောက် အသိပညာဖလှယ်ခွင့်ရတဲ့အတွက် ပြည်ထောင်စုနေ့ရဲ့ အနှစ်သာရအပြင် ကျွန်တော်တို့ရဲ့ စည်းလုံးမှုနဲ့အတူ ငြိမ်းချမ်းသော ပြည်ထောင်စုနိုင်ငံကြီးကို တည်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ပိုပြီးခိုင်မာစေပါတယ်။ ကျွန်တော်တို့ရဲ့ ကရင်ပြည်နယ်ဟာ တစ်ချိန်တုန်းက မငြိမ်းချမ်းခဲ့ပါဘူး။ အခုဆိုရင် အများကြီး ငြိမ်းချမ်းနေပြီဖြစ်သလို အများကြီးလည်း တိုးတက်ပြောင်းလဲနေပါပြီ။ ထို့အတူပဲ မငြိမ်းချမ်းသေးတဲ့ ဒေသတွေကိုလည်း ငြိမ်းချမ်းရေးရရှိဖို့ ဆုတောင်းပေးပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးကို ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**ဦးဇော်ထွန်းသောင်း (အဖွဲ့ခေါင်းဆောင်၊ တနင်္သာရီတိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့အဖွဲ့မှာ စုစုပေါင်း ၄၅ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ထားဝယ်ရိုးရာယဉ်ကျေးမှုအကတွေကို ပေါင်းစပ်ပြီးတော့ ထားဝယ်မြေက ဖိတ်ခေါ်သံဆိုတဲ့ တေးသီချင်းနဲ့ ဖျော်ဖြေတင်ဆက်မှာပါ။ မတူကွဲပြားတဲ့ အရာအားလုံးပါဝင်ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဆိုတဲ့အရာကို ဖြစ်တည်စေပါတယ်။ မတူကွဲပြားတဲ့ ပေါင်းစည်းဆောင်ရွက်မှုကနေ ပြည်ထောင်စုဆိုတဲ့ စည်းလုံးမှုအပိုင်းကို သွားမယ်ဆိုရင် ငြိမ်းချမ်းတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပေါ်လာမှာပါ။ဒါကြောင့် ညီအစ်ကိုမောင်နှမများ၊ သွေးချင်းများပီပီ အားလုံးစုပေါင်းပြီးတော့ ကျရာကဏ္ဍကနေ ပါဝင်ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံရင်း ငြိမ်းချမ်းသောပြည်ထောင်စုကြီးဆီသို့ လှမ်းချီကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။

**မခိုင်သဇင်ထွန်း (မွန်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့)**

ကျွန်မက မွန်ယဉ်ကျေးမှုအဖွဲ့နဲ့အတူ နှစ်ကြိမ်ပါဝင်ပြီး ဖျော်ဖြေဖူးပါတယ်။ နေပြည်တော်လိုသာယာလှပတဲ့ အစိုးရရုံးစိုက်တဲ့မြို့ကို လာရောက်ပြီး ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြသခွင့်ရတာ ဂုဏ်ယူစရာပါ။ ဒီမှာလည်း ပြည်ထောင်စုအတွင်းက တိုင်းရင်းသားပေါင်းစုံတွေ့ဆုံခွင့်ရတယ်၊ ယဉ်ကျေးမှုတွေ ဖလှယ်ခွင့်ရတယ်၊ အချင်းချင်းနှုတ်ဆက်ခွင့်နဲ့ သိရှိခွင့်ရတာလည်း ဘာနဲ့မှ မလဲနိုင်တဲ့ အတွေ့အကြုံသစ်တွေ ဖြစ်ပါတယ်။

**မောင်မာရ်ကုအောင်ငံ (ကယောယဉ်ကျေးမှုအဖွဲ့)**

ကျွန်တော်တို့အဖွဲ့မှာ မိန်းကလေး ၂၀ နဲ့ ယောကျ်ားလေး ၂၀ စုစုပေါင်း ၄၀ ပါပါတယ်။ ကယားမျိုးနွယ်စု ၉ စုထဲက ကယောယဉ်ကျေးမှုအကနဲ့ ပါဝင်ဖျော်ဖြေမှာ ဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုနေ့မှာ ပါဝင်ဖျော်ဖြေခွင့်ရတာ ပထမဆုံးအကြိမ်ပါ။ ဒေသအသီးသီးက တိုင်းရင်းသားတွေ ဆုံဖို့ဆိုတာ မလွယ်ကူပါဘူး။ အခုလိုမျိုး တစ်နေရာတည်းမှာ တွေ့ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာရပါတယ်။ ကိုယ့်လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ရိုးရာဂုဏ်ကို ဖော်ဆောင်ခွင့်ရတဲ့အတွက်လည်း ပီတိဖြစ်ရသလို ဂုဏ်လည်း ဂုဏ်ယူပါတယ်။ ပြည်ထောင်စုဆိုတာက မတူညီကွဲပြားတဲ့နေရာအသီးသီးကနေ စုပေါင်းနေထိုင်နိုင်တာ ကို ပြည်ထောင်စုစိတ်ဓာတ်လို့ ခံယူပါတယ်။ စာနာထောက်ထားမှု၊ တစ်ဦးအပေါ် တစ်ဦးချစ်ခြင်း မေတ္တာတွေနဲ့ ခွဲခြားဆက်ဆံတာတွေ မရှိရင် ပြည်ထောင်စုကြီး အမြန်ဆုံးငြိမ်းချမ်းရေးရမယ် ထင်ပါတယ်။

**သတင်း-ဟန်လင်းနိုင်၊ ဟိန်းမင်းစိုး၊ ဓာတ်ပုံ-ထန်းဖုန်**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဥပဒေရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ် ဖွင့်



**ရန်ကုန် ဖေဖော်ဝါရီ ၅**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဥပဒေရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါဥပဒေရုံးသစ်နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်တို့၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့ တက်ရောက်ကာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်ဥပဒေရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ယာပုံ)** ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သစ်ပင်များ စိုက်ပျိုးခဲ့ကြပြီး မြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်မျိုးကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အဆောက်အအုံများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၉ ခုနှစ် မတ် ၁၉ ရက်က လုပ်ငန်းများစတင်ခဲ့ကာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် လုပ်ငန်းများအားလုံးပြီးစီး၍ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန် /ဆက်)**

# ညောင်လေးပင်မြို့ ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော် ရက်ရွှေ့ဆိုင်း

**ညောင်လေးပင် ဖေဖော်ဝါရီ ၅**

နှစ်စဉ် ဘုရားဖူး သိန်းချီလာရောက်ကြသည့် ညောင်လေးပင်မြို့ ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော်အား ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

"လူက တစ်သိန်းနီးပါးလောက် ဒီပွဲတော်ကြီးကို လာတယ်။ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါအတွက် စိုးရိမ်ပူပန်မှုတွေ ရှိနေတာကြောင့်ရယ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ပွဲတွေ ကြီးကြီးကျယ်ကျယ် မလုပ်ဖို့ စိတ်ဆန္ဒရှိတယ်လို့ ဆရာတော်ကြီးအဖွဲ့က ကြားတဲ့အတွက်ကြောင့် ဒီပွဲကို မြန်မာနိုင်ငံဆရာတော်ကြီးများအဖွဲ့ချုပ်(CBCM) ကနေ ဒီနေ့မနက် ၉ နာရီမှာ ယာယီ ရပ်ဆိုင်းတယ်လို့ အကြောင်းကြားလာတာပါ" ဟု ညောင်လေးပင်မြို့ လုဒ်မယ်တော်သခင်မ ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာဂျူဒ်က ပြောသည်။

အဆိုပါပွဲတော်ကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပရန် ပြင်ဆင်ထားပြီးချိန်တွင် ယခုကဲ့သို့ ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ပြီး ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော် ပြန်လည်ကျင်းပမည့်ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်လွင်(ညောင်လေးပင်)**

## မြန်မာ့ရုပ်မြင်သံကြား

၆-၂-၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (ဗမာ)
- ၈:၄၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ(ရန်ကုန်)
- ၁၀:၃၅ - "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (မွန်)
- ၁၀:၄၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ(မန္တလေး)
- ၁၂:၃၅ - "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (ရခိုင်)
- ၁၂:၄၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ (တိုင်းရင်းသား)
- ၁၂:၄၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း-၂)

**ညပိုင်း**

- ၁၆: ၃၅- ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ(လွှတ်တော်)
- ၁၆:၄၀ - "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (ရှမ်း)
- ၁၆:၄၅ - "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀) ပိတ်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်"
- ၁၉:၁၅ - "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (ပအိုဝ်း)
- ၁၉:၂၀ - ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ(ရန်ကုန်)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (ကိုးကန့်)
- ပြည်ထောင်စုနေ့နှင့် ပြည်သူ့စကားသံ(မန္တလေး)
- "ပြည်ထောင်စုငြိမ်းချမ်းရေး နှင့် အနုပညာစကားဝိုင်း" (အပိုင်း -၁)
- တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်များ "စိမ်းစိုသာမောတဲ့ မြကျွန်းညိုတောတစ်ခွင်မှာ"
- သမိုင်းကိုဖော်ပြသောဝါကျများ "အုပ်စုံတီးဆရာကြီး ဦးစိန် သိန်းမောင်နှင့် တွေ့ဆုံခြင်း"
- ပြည်သူ့နီတိ "ညစောင့်"

# ကျိုင်းတုံမြို့နယ်တွင် လူကုန်ကူးမှုကျူးလွန်သူ အမျိုးသမီးအား ထောင်ဒဏ်တစ်သက် ချမှတ်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ပှေကွယ်အုပ်စု ဖားရုံလုံရွာနေ လူကုန်ကူးမှု ကျူးလွန်သူ မမိုးသူဇာ (ခ) စန္ဒာလင်းအား ကျိုင်းတုံ ဒုတိယခရိုင်တရားရုံးက ဇန်နဝါရီ ၃၀ ရက်တွင် ထောင်ဒဏ်တစ်သက် ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါအမှုမှာ ကျိုင်းတုံမြို့နယ် ပှေကွယ်အုပ်စု ဖားရုံလုံရွာနေ ဦးဖားရန်(အမည်လွဲ)က ၎င်း၏တူမ ပျောက်ဆုံးနေကြောင်း သတင်းပေးတိုင်ကြားရာမှ ကျိုင်းတုံမြို့ အမှတ်(၁၈) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ စုံစမ်းဖော်ထုတ်ရမိခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူ မမိုးသူဇာသည် ယခင်နှစ် ဧပြီလက မိုင်းယန်းမြို့သို့ ရောက်ရှိနေစဉ် ၎င်းထံသို့ ကျိုင်းတုံမြို့ ပှေကွယ်အုပ်စု ဖားရုံလုံရွာနေ အသက်(၂၀ နှစ်)အရွယ် တူမဖြစ်သူ မ.... လာရောက် လည်ပတ်ခဲ့ကြောင်း၊ မမိုးသူဇာသည် တူမဖြစ်သူအား အိမ်ထောင်ပြုရန် စည်းရုံး၍ မိုင်းလားမြို့ ဆီလူးရွာနေ ဒေါ်ဒီဘောလာ၏ ဆက်သွယ်မှုဖြင့် တရုတ်အမျိုးသားတစ်ဦးထံ တရုတ်ယွမ်ငွေ ကိုးသောင်းဖြင့် ရောင်းခဲ့ကြောင်း၊ ဒေါ်ဒီဘောလာအား ယွမ်ငွေ တစ်သောင်း၊ တူမဖြစ်သူအား ယွမ်ငွေ ငါးရာ ပေးခဲ့ကြောင်းနှင့် ဒေါ်ဒီဘောလာမှာ တိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

"ကျိုင်းတုံမြို့နယ် အတွင်းက လူကုန်ကူးမှုတွေနဲ့ ပတ်သက်လို့ တရားရုံးက ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချတာ မိုးသူဇာက ပထမဆုံး ဖြစ်ပါတယ်" ဟု ကျိုင်းတုံမြို့ အမှတ်(၁၈) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲမှူးမီမီကိုက ပြောကြားသည်။

"မမိုးသူဇာ (ခ) စန္ဒာလင်းဟာ အရင်ကလည်း တာချီလိတ်မြို့မှာ လူကုန်ကူးမှုနဲ့ ထောင် ၁၀ နှစ် ကျခဲ့တယ်။ အခုအမှုက တူမဖြစ်သူကို တရုတ်အမျိုးသားတစ်ဦးထံ ယွမ်ငွေ ကိုးသောင်းနဲ့ ရောင်းစားခဲ့လို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးပုဒ်မ ၂၄/၃၁ နဲ့ အမှုဖွင့်ခဲ့တာ။ ရောင်းစားခံရသူနဲ့ အဆက်အသွယ်မရသေးဘူး။ တရုတ်နိုင်ငံက တာဝန်ရှိသူတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# နမ့်စန်၊ ဟိုပုံးနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက နမ့်စန်မြို့နယ် ဝမ်ကျီးအစ်ကျေးရွာအနီး နမ့်စန်-ပန်လင်းဆိုင်ကျေးရွာသွားလမ်းတွင် စိုင်းပန်းလူ မောင်းနှင်ပြီး စိုင်းလုံ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၃၃ ပြားကိုလည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၃ ရက် ည ၉ နာရီက ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စု ညောင်ဖြူးကျေးရွာအနီး ဟိုပုံး-တောင်ကြီးသွားကားလမ်း နေမင်းရောင် တိုးဂိတ်အနီးတွင် ခွန်ထွန်းဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ ကိုလည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် တင့်ဝေဦး(ခ)လူလူ မောင်းနှင်ပြီး ဝင်းအောင်(ခ)ဝဏ္ဏစိုး လိုက်ပါလာသည့် Nissan Wingroad အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၃ ကီလိုနှင့် ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကန့်သတ်ကုန်ပစ္စည်း ကွမ်းစားဆေးမွှေးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးရေးစခန်းတို့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ဖေဖော်ဝါရီ ၄ ရက်က မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီး/ဖမ်းဆီးမှု လေးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁ ဒသမ ၅၈၅ သန်းအား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၄ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ Nissan Condor Truck(6W) ယာဉ်တစ်စီးပေါ်တွင် တရားမဝင် သိုဝှက်တင်ဆောင်ထားသည့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ကွမ်းစားဆေးမွှေး (1x10x30)115 Pkg နှင့် ပစ္စည်း သယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခင်ဦးမြို့နယ်တွင် တရားမဝင်သစ်ဖောင်တစ်စင်း သိမ်းဆည်းရမိ

**ခင်ဦး ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရောဝတီမြစ်ကြောင်းအတွင်းတွင် ဖေဖော်ဝါရီ ၄ ရက် ညနေ ၆ နာရီခန့်က သစ်ဖောင်တစ်စင်း ကမ်းကပ်ထားကြောင်း သတင်းအရ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အဆိုပါဖောင်အနီးတွင် လူတစ်ဦးတစ်ယောက်မှမတွေ့ရှိဘဲ ကျွန်းသစ်ဆိုက်စုံ ၅၅ လုံး (၈ ဒသမ ၀၅၆၈ တန်) နှင့် ပျဉ်းကတိုးဆိုက်စုံ ခြောက်လုံး(၀ ဒသမ ၉၀၅၆ တန်)တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# မိုးညှင်း၌ အမျိုးသားတစ်ဦး ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရှိ

**မိုးညှင်း ဖေဖော်ဝါရီ ၅**

ကချင်ပြည်နယ် မိုးညှင်းမြို့ နားခါရပ်ကွက် ရေလည်ကျွန်းအောက်ချိုင့်ရပ်တွင် ဖေဖော်ဝါရီ ၄ ရက် ည ၇ နာရီခွဲခန့်က မိုးညှင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်မင်းနိုင် တာဝန်မှူးတာဝန် ထမ်းဆောင်နေစဉ် ရေလည်ကျွန်းရပ်ကွက်တွင် အမျိုးသားတစ်ဦးသွေးအိုင်ထဲ၌ သေဆုံးနေကြောင်း သတင်းအရ တာဝန်ရှိသူများနှင့် သွားရောက်စစ်ဆေးကြည့်ရှုရာ သေဆုံးသူမှာ နားခါရပ်ကွက် ရေလည်ကျွန်းအောက်ချိုင့်ရပ်နေ တောက်ထွန်းညို (ခ) ဗိုလ်တောက်(၂၅ နှစ်)ဖြစ်ပြီး ယာဘက်လည်ပင်းတွင် သုံးလက်မခန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်ပခုံးတွင် နှစ်လက်မခန့် ပြတ်ရှဒဏ်ရာတစ်ချက်တို့ဖြင့် မှောက်လျက်သေဆုံးနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောက်ထွန်းညို(ခ)ဗိုလ်တောက် သေဆုံးမှုအား စုံစမ်းဖော်ထုတ်နိုင်ရန် မိုးညှင်းမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် တန် ၉၀၀ ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃၇၈ ဒသမ ၁၀၅၂ တန်၊ သစ်မာ ၂၂၂ ဒသမ ၆၀၁၇ တန်၊ အခြား ၃၃၄ ဒသမ ၉၉၆၉ တန် စုစုပေါင်း ၉၃၅ ဒသမ ၇၀၃၈ တန်၊ ပြစ်မှုကျူးလွန်သူ ၁၀၅ ဦး၊ ယာဉ်/ယန္တရား အစီး ၆၀ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ဂျပန်ကမ်းခြေရှိ ဇိမ်ခံသင်္ဘောပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀ ဦးထက်မနည်း စစ်ဆေးတွေ့ရှိ



ဂျပန်ကမ်းခြေတွင် ဆိုက်ကပ်ထားသည့် ဇိမ်ခံသင်္ဘောကြီးကို တွေ့ရစဉ်။

**တိုကျို ဖေဖော်ဝါရီ ၅**

ဂျပန်ကမ်းခြေရှိ ဇိမ်ခံသင်္ဘောတစ်စင်းပေါ်၌ လူ ၁၀ ဦးထက်မနည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသည်ကို စစ်ဆေးသိရှိခဲ့ရကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးက ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားခဲ့သည်။

**သီးသန့်ခွဲထား**

ဟောင်ကောင်၌ ဆင်းသွားသည့် ခရီးသည်တစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း သိရှိပြီးနောက် လူ ၃၇၁၁ ဦးလိုက်ပါလာသည့် အဆိုပါ သင်္ဘောကို ဂျပန်က သီးသန့်ခွဲထားပြီး သင်္ဘောပေါ်လိုက်ပါလာကြသည့် ခရီးသည်များတွင် ဗိုင်းရပ်စ်ကူးစက်ခံရခြင်း ရှိ မရှိ စတင်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျန်းမာရေးစစ်ဆေး**

ဟောင်ကောင်၌ ကမ်းကပ် ရပ်နားခဲ့သည့် ဇိမ်ခံသင်္ဘောတစ်စင်း ပေါ်တွင်လိုက်ပါလာသည့် ရာနှင့်ချီသော ခရီးသည်များကို ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ပြီးမှသာ အဆိုပါ သင်္ဘောကို ဆက်လက်ထွက်ခွာခွင့်ပေးမည်ဖြစ်ကြောင်း အော်ပရေတာက ပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံပေါင်း ၂၀ကျော်အထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေပြီး လူ ၅၀၀ နီးပါး သေဆုံးခဲ့ကာ တရုတ်ပြည်မကြီး၌ ကူးစက်ခံရသူ ၂၄၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာထားသည်။

**အေအက်ဖ်ပီ**

# အဘူဆေးယက်ဖ် စစ်သွေးကြွအဖွဲ့ ဖိလစ်ပိုင်ဆရာဝန်တစ်ဦးကို ပြန်ပေးဆွဲ

**မနီလာ ဖေဖော်ဝါရီ ၅**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း စူးလူးပြည်နယ်ရှိ ဝေးလံခေါင်ဖျားသည့် ဂျိုလိုမြို့၌အဘူဆေးယက်ဖ်စစ်သွေးကြွအဖွဲ့က ဖိလစ်ပိုင် ဆရာဝန်တစ်ဦးကို ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ကြောင်း ဖိလစ်ပိုင်စစ်တပ်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်ဆရာဝန် ဒယ်နီရယ်လ်မိုရန်နို ပြန်ပေးဆွဲခံရမှုအပါအဝင် အဆိုပါအဖွဲ့မှ ပြန်ပေးဆွဲသွားသူ ခြောက်ဦးရှိသွားပြီ ဖြစ်ကြောင်း ဖိလစ်ပိုင်အနောက်ပိုင်း မင်ဒါနာအို စစ်ဌာနချုပ်အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး စီရီလီတို ဆိုဘီဂျာနာက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် မိုရီနိုကို ဂျိုလိုမြို့ ကျေးရွာတစ်ရွာရှိ ၎င်း၏ဆေးပေးခန်း၌ ရှိနေစဉ် သေနတ်သမားလေးဦးက ပြန်ပေးဆွဲသွားခဲ့ကြောင်းနှင့် ပြန်ပေးဆွဲရန် စီစဉ်ခဲ့သူများမှာ အဘူဆေးယက်ဖ် စစ်သွေးကြွအဖွဲ့ဝင်များ ဖြစ်ကြောင်း ဆိုဘီဂျာနာက ပြောကြားခဲ့သည်။ ရရှိသည့် သတင်းအပေါ်မူတည်ကာ ကယ်ဆယ်ရေး ဆောင်ရွက်ရန် ကြိုးပမ်းနေကြောင်း၊ တည်နေရာကို အတည်ပြုနိုင်ပြီ ဆိုပါက ဘေးကင်းစွာ ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် အထူးယူနစ်အဖွဲ့များက အသင့်ပြင်ဆင်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်က အဘူဆေးယက်ဖ်စစ်သွေးကြွအဖွဲ့ဝင်များသည် မလေးရှားနိုင်ငံ ဆာဘာ၌ အင်ဒိုနီးရှား ငါးဖမ်းလုပ်သားငါးဦးကို ဖမ်းဆီးကာ စူးလူးသို့ ခေါ်ဆောင်သွားခဲ့သည်။ အဘူဆေးယက်ဖ်အဖွဲ့သည် ဖိလစ်ပိုင်တောင်ပိုင်းရှိ အသေးငယ်ဆုံး အုပ်စုတစ်ခုဟု ထင်ရသော်လည်း အပြင်းထန်ဆုံး အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ နိုင်ငံခြားသားလုပ်သားအရေအတွက် မြင့်တက်

**တိုကျို ဖေဖော်ဝါရီ ၅**

ဂျပန်နိုင်ငံတွင် နိုင်ငံခြားသားလုပ်သား အရေအတွက်မှာ လွန်ခဲ့သည့် နှစ်က ၁ ဒသမ ၆၅ သန်းကျော် စံချိန်တင် မြင့်တက်လာခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၅ ရက်က ဖော်ပြခဲ့သည်။

အလုပ်သင် လုပ်သားများအဖြစ် ဂျပန်နိုင်ငံကို လာကြသူများပြားလာခြင်းက ယခုလို နိုင်ငံခြားသား လုပ်သားအရေအတွက် များပြားလာသည့် အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သိရသည်။

အလုပ်ရှင်များထံမှ ရရှိသော သတင်း အချက်အလက်များကို အခြေခံပြီး ဂျပန်အလုပ်သမားဝန်ကြီးဌာနက ပြုစုထားသော စာရင်းများအရ ဂျပန်နိုင်ငံတွင် အလုပ်လုပ်နေသည့် နိုင်ငံခြားသား အရေအတွက်သည် လွန်ခဲ့သည့် အောက်တိုဘာလကုန်တွင် ၁၆၅၈၈၀၄ ဦး ရှိခဲ့ကြောင်း သိရသည်။

ယခုစာရင်းသည် ယခင်နှစ်ထက် ၁၉၈၀၀၀ ပိုများလာပြီး ရာခိုင်နှုန်းအားဖြင့် ၁၃ ရာခိုင်နှုန်းတိုးလာခြင်း ဖြစ်ကြောင်း သိရသည်။



ဂျပန်နိုင်ငံ၏ လုပ်ငန်းခွင်တစ်နေရာ၌ နိုင်ငံခြားသားလုပ်သား အချို့ကို တွေ့ရစဉ်။

နိုင်ငံအလိုက်ကြည့်မည်ဆိုပါက တရုတ်လူမျိုး ၄၁၈၀၀၀ ဖြင့် အများဆုံးဖြစ်ကာ ဗီယက်နမ်လူမျိုး ၄၀၁၀၀၀ ဖြင့် ဒုတိယ အများဆုံးဖြစ်ပြီး တတိယနေရာတွင် လုပ်သားဦးရေ ၁၇၉၀၀၀ ဖြင့် ဖိလစ်ပိုင်လူမျိုးများက နေရာယူထားကြောင်း သိရသည်။

နိုင်ငံခြားသား လုပ်သားများထဲတွင် ၅၃၁၀၀၀ သည် ဂျပန်မျိုးနွယ်သို့မဟုတ် ဂျပန်လူမျိုးများ၏ အိမ်ထောင်ဖက်များ ဖြစ်ကြသည်။ လုပ်သား ၃၈၃၀၀၀ ခန့်သည် အလုပ်သင် လုပ်သားများဖြစ်ပြီး ၃၂၉၀၀၀ သည် အင်ဂျင်နီယာများနှင့် သုတေသီကဲ့သို့ အထူးကျွမ်းကျင်သည့် လုပ်သားများ ဖြစ်ကြသည်။

ဂျပန်နိုင်ငံသည် လွန်ခဲ့သည့်နှစ်ဧပြီလတွင် အထူးသတ်မှတ်ထားသည့် ကျွမ်းကျင်လုပ်သားနေထိုင်ခွင့် ဗီဇာအမျိုးအစားသစ် တစ်မျိုးကို သတ်မှတ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့ကို တရုတ်သို့စေလွှတ်

**ဂျီနီဗာ ဖေဖော်ဝါရီ ၅**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (ဒဗလျူအိတ်ချ်အို)က ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို ယခုသီတင်းပတ် အစောပိုင်းမှာ တရုတ်နိုင်ငံကို စေလွှတ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးသစ်ကြောင့် ဖြစ်ပွားနေသည့် ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်နိုင်ရန် နည်းလမ်းများ ရှာဖွေလေ့လာရန်အတွက် ဖြစ်ကြောင်း သိရသည်။

ကူးစက်ပြန့်ပွားမှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဓာတ်ခွဲခန်းသုတေသနအဖွဲ့များပါဝင်သည့် နိုင်ငံတကာပညာရှင်အဖွဲ့သည် တရုတ်ကျွမ်းကျင်ပညာရှင်များနှင့်အတူ လက်တွဲကာ ဗိုင်းရပ်စ်ပိုးနှင့်ပတ်သက်သည့် အသေးစိတ်လေ့လာမှုများကို လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကူးစက်ပြန့်ပွားမှုများကို ထိန်းချုပ်နိုင်မည့် အရေးယူဆောင်ရွက်ချက်များကိုလည်း စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နိုင်စွမ်းအား အပါအဝင် သွင်ပြင်လက္ခဏာများကိုလည်း ပူးတွဲသုတေသနပြုလုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို အက်ဒါနွန် ဂီဘရီယက်ဆုက တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် လွန်ခဲ့သည့်သီတင်းပတ်က သဘောတူခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဂျေရုဆလင်ကို ပါလက်စတိုင်းမြို့တော်အဖြစ် ထောက်ခံမည်ဟု အီရန်ပြော

**တီဟီရန် ဖေဖော်ဝါရီ ၅**

အီရန်နိုင်ငံသည် ဂျေရုဆလင်ကို ပါလက်စတိုင်း၏ မြို့တော်အဖြစ် သတ်မှတ်ကာ ပါလက်စတိုင်းအရေးကို ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ် ပြောကြားခဲ့သည်ဟု ပရက်စ်တီဗွီသတင်းက ဖေဖော်ဝါရီ ၅ ရက်တွင် ဖော်ပြခဲ့သည်။

အီရန်နိုင်ငံသည် ပါလက်စတိုင်း ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်ရေးနှင့် ဂျေရုဆလင်မြို့ကို ပါလက်စတိုင်း၏ မြို့တော်အဖြစ် သတ်မှတ်မှုနှင့်အတူ ပါလက်စတိုင်းအစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရေး ပါလက်စတိုင်းပြည်သူများ၏ အခွင့်အရေးကို ခုခံကာကွယ်ပေးသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်က ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်နှင့် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့မှုအတွင်း ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အစီအစဉ်ကိုလည်း ၎င်းကရှုတ်ချခဲ့ပြီး ထိုကဲ့သို့ အကြံအစည်မျိုးမှာ ရှုံးနိမ့်ရစမြဲသာဖြစ်ကြောင်း ပြောကြားလိုက်သည်။ **ဆင်ဟွာ**



အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်။

# ဟူဘေးပြည်နယ်မှ ပြည်သူများအားကယ်ထုတ်ရန် လေးစင်းမြောက် လေယာဉ်ကို ဂျပန်စေလွှတ်

**တိုကျို ဖေဖော်ဝါရီ ၅**

ဂျပန်အစိုးရသည် တရုတ်နိုင်ငံရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဖြစ်ပွားရာ ဟူဘေးပြည်နယ်မှ ဂျပန်ပြည်သူများအား ဖေဖော်ဝါရီ ၆ ရက်တွင် ကယ်ဆယ်ရွှေ့ပြောင်းမှုပြုလုပ်ရန် လေးစင်းမြောက်လေယာဉ်ကို စေလွှတ်ရေးအတွက် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းပြည်နယ်ဖြစ်သည့် ဟူဘေး၌ ကိုရိုနာဗိုင်းရပ်စ်အသစ် ကူးစက်ခံရသူအရေအတွက်မှာ မြင့်တက်လာလျက်ရှိသည်။

ကယ်ဆယ်ရွှေ့ပြောင်းရေးဆောင်ရွက်မည့် လေးစင်းမြောက် လေယာဉ်သည် လူ ၂၀၀ ခန့်ကို ဂျပန်သို့ပြန်လည်ခေါ်ဆောင်လာမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်စု မိုတီဂျီက ဖေဖော်ဝါရီ ၅ ရက်တွင် တိုကျို၌ သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံသား ၁၄၀ ခန့်က လေယာဉ်ဖြင့် နေရပ်သို့ပြန်လိုသည့် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်ဟု ၎င်းက ပြောသည်။

လူသားချင်းစာနာထောက်ထားမှု ရှုထောင့်မှစဉ်းစားကာ ဂျပန်နှင့် တရုတ်အစိုးရနှစ်ရပ်တို့သည် ဂျပန်နိုင်ငံသားများ၏ဇနီး၊ ခင်ပွန်းများကဲ့သို့ ဂျပန်နှင့်ချိတ်ဆက်နေသည့် ပြည်သူများကို လေယာဉ်ပေါ်တွင် လိုက်ပါခွင့်ပြုရန်အတွက် အတူလက်တွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဂျပန်အစိုးရသည် မကြာသေးမီက တရုတ်နိုင်ငံသို့ လေယာဉ်သုံးစင်း စေလွှတ်ခဲ့ပြီး ပြည်သူ ၅၆၅ ဦးကို ပြန်လည်ခေါ်ဆောင်လာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေ လုပ်ရတော့မယ့် ၂၀၂၀ ပြည့်နှစ်

**ထွန်းသစ်စ**

အင်္ဂလန်မှာ အစိုးရအစီအစဉ်နဲ့ ဓာတ်ဆီ၊ ဒီဇယ်ကားတွေနဲ့ မျိုးစပ်ကားတွေ ရောင်းချခြင်းကို ၂၀၃၅ ခုနှစ်မှ ၂၀၄၀ ပြည့်နှစ်အထိ နောက်ဆုံးထား၍ ပိတ်ပင်သွားတော့မယ်လို့ သတင်းတွေမှာ ဖော်ပြလိုက်ပါတယ်။ အင်္ဂလန်နိုင်ငံအနေနဲ့ အခုလိုမျိုး မူဝါဒတစ်ရပ်ဘာကြောင့် ချမှတ်ခဲ့တာလဲ။ အဖြေကတော့ ရှင်းပါတယ်။ အင်္ဂလန်ဟာ ၂၀၅၀ ပြည့်နှစ်မှာ ကာဗွန်ထုတ်လွှတ်မှု သုညဖြစ်ရမယ်လို့ ရည်မှန်းချက်ထားထားလို့ပဲ ဖြစ်ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာ အခုအစီအစဉ်ကို လွှန်ခဲ့တဲ့နိုဝင်ဘာလက ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ အစည်းအဝေးမှာကတည်းက ပြောခဲ့တာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်ဟာ ရာသီဥတုနဲ့ဆိုင်တဲ့ အရေးယူဆောင်ရွက်မှုတွေကို မဖြစ်မနေလုပ်ကို လုပ်ရမယ့် တာဝန်တစ်ခုပါပဲလို့ ဘောရစ်ဂျွန်ဆင်က ပြောခဲ့ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ဟာ တတ်နိုင်သလောက် ကမ္ဘာ့ရာသီဥတုနဲ့ဆိုင်တဲ့ အရေးတွေကို မဖြစ်မနေလုပ်ရတော့မှာ ဖြစ်ပါတယ်။

### အတူတကွကြိုးစားရမယ်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်နဲ့ပတ်သက်ပြီး ဆွီဒင်ဆယ်ကျော်သက် ဂရီတာသွန်းဘာ့ဂ်ျဟာ တက်ကြွစွာ ဆန္ဒပြခဲ့သလို ရုပ်ကြွင်းလောင်စာသုံးစွဲမှုတွေကို ချက်ချင်းမရပ်တန့်ဘူးဆိုရင် ကမ္ဘာကြီးဟာ ရာသီဥတု ဘေးအန္တရာယ်ကို ခံစားရမယ်လို့ နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အကဲဖြတ်မှတ်တမ်းမှာ ကုလသမဂ္ဂက ပြောခဲ့တာလည်း ရှိပါတယ်။

ကမ္ဘာ့နိုင်ငံတွေအနေနဲ့ အမျိုးမျိုးသောဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို မလျှော့ချဘူးဆိုရင် ကမ္ဘာကြီးဟာ အနွေးနဲ့အမြန် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု ဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ရတော့မယ့်အနေအထားပါ။ ဒါဟာဒီနေ့ ကမ္ဘာကြီးကို အမှီသဟဲပြု နေထိုင်သူတွေအတွက် ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းသလို သတိပြုဖွယ်ရာ အခြေအနေနဲ့လည်း ရင်ဆိုင်ကြုံတွေ့ရမယ့် အနေအထားဖြစ်ပါတယ်။

ပါရီသဘောတူညီချက်ကနေ အပူချိန်မြင့်တက်နေမှုတွေကို စက်မှုမတိုင်မီအဆင့်ဖြစ်တဲ့ ၂ ဒီဂရီ စင်တီဂရိတ် အဲဒီထက် ပိုပြီးအန္တရာယ်ကင်းတဲ့အဆင့်ဖြစ်တဲ့ ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အဆင့်အထိ လျှော့ချဖို့ နိုင်ငံတွေကို ကတိပေးထားပါတယ်။ အဲဒီလိုဖြစ်ဖို့ဆိုရင် နိုင်ငံတွေအနေနဲ့ ဆယ်စုနှစ်အတွင်း ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ လျှော့ချဖို့လိုအပ်ပြီး ကာဗွန်ကင်းစင်တဲ့ သို့မဟုတ် လျော့နည်းသွားတဲ့ ကမ္ဘာကြီးဆီကို ချီတက်ဖို့ အတူတကွ ကြိုးစားကြရမှာပဲဖြစ်ပါတယ်။

### စံချိန်တင်ရောက်ရှိခဲ့

အပူချိန်မြင့်တက်နေမှုတွေကို ၁ ဒသမ ၅ အဆင့်အထိလျှော့ချဖို့ဆိုတဲ့ ရည်မှန်းချက်ဟာ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း လောင်စာဆီနဲ့ ဓာတ်ငွေ့သုံးစွဲမှု မြင့်တက်လာတဲ့ ကမ္ဘာ့စီးပွားရေးအခြေအနေမှာ အခုကိစ္စဟာ ကြုံတောင့်ကြုံခဲကိစ္စတစ်ခုလို့ ရှုမြင်မိပါတယ်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်က ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို တစ်နှစ်ချင်းစီ



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

အလိုက် ၇ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချရမယ်လို့ ဆိုပါတယ်။ လျှော့ချရုံနဲ့တင်မပြီးဘဲ အဲဒီနှုန်းအတိုင်း ၂၀၃၀ အထိလုပ်ဆောင်ရမှာဖြစ်ပါတယ်လို့ အဲဒီအဖွဲ့က ပြောပါတယ်။ အဲဒီလိုလုပ်ခြင်းဟာ ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဆဲလ်စီးရပ် ပမာဏမြင့်တက်လာမှုကို ကန့်သတ်နိုင်လိမ့်မယ်လို့ ဆိုပါတယ်။ ဒီလိုမှမဟုတ်ပါက ကမ္ဘာကြီးဟာ တစ်နေ့တခြားပိုပူလာမှာပဲ ဖြစ်ပါတယ်။

တကယ့်လက်တွေ့မှာတော့ လွန်ခဲ့တဲ့ ဆယ်စုနှစ်က စပြီး ကမ္ဘာလုံးဆိုင်ရာ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေဟာ နှစ်စဉ်နှစ်တိုင်း ၁ ဒသမ ၅ ရာခိုင်နှုန်းထက်ပိုခဲ့ပါတယ်။ အကျိုးဆက်အားဖြင့် ၂၀၁၈ခုနှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့သို့မဟုတ် ၎င်းနဲ့တူတဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေဟာ ၅၅ ဒသမ ၃ ဘီလီယံတန်အထိ စံချိန်တင်ရောက်ရှိခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၉၅နိုင်ငံက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး သုံးနှစ်အကြာမှာ အဲဒီလိုစံချိန်တင်ရောက်ရှိခဲ့တာပဲဖြစ်ပါတယ်။

### လုပ်ဆောင်သွားရမယ်

ကမ္ဘာ့နိုင်ငံတွေဟာ ပါရီသဘောတူညီချက်မှာ ပေးခဲ့တဲ့ ကတိတွေအတိုင်း ကောင်းစွာစောင့်ထိန်းအကောင်အထည်ဖော်မယ်ဆိုရင်တောင် သတ်မှတ်ထားတဲ့ အပူချိန်အဆင့်အောက်မှာပဲ ဆက်လက်ရှိနေမယ့် သဘောကိုလည်း တွေ့ရပါတယ်။ လက်ရှိပါရီသဘောတူညီချက်ကိုသာ အကောင်အထည် မဖော်နိုင်သေးဘူးဆိုရင် ကမ္ဘာကြီးဟာ အပူချိန် ၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ် မြင့်တက်လာမယ့် အခြေအနေဖြစ်ပါတယ်။ အဲဒီအခြေအနေဟာ သိပ္ပံပညာရှင်တွေ ခန့်မှန်းပုံအရဆိုရင် လူ့အသိုင်းအဝိုင်းကြီးကို ဘေးအန္တရာယ်ဖြစ်စေမယ့်အနေအထား ဖြစ်ပါတယ်။

မိမိတို့အနေနဲ့ ကမ္ဘာ့ရာသီဥတု ဘေးအန္တရာယ်အပေါ်နဲ့ ကမ္ဘာ့ဓာတ်ငွေ့ထုတ်လွှတ်မှုအပေါ် သတ်မှတ်ထားတဲ့ ပမာဏအထိ သိသိသာသာလျှော့ချမယ့်အရေးယူဆောင်ရွက်မှုတွေချက်ချင်းမလုပ်ဘူးဆိုရင်တော့ မိမိတို့ရည်မှန်းထားတဲ့ အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်လျှော့ချဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ အလှမ်းဝေးသွားမှာပဲ ဖြစ်ပါတယ်လို့ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး အန်ဒါဆန်က ပြောပါတယ်။ ဆယ်နှစ်မြောက်သို့ ဝင်ရောက်လာပြီဖြစ်တဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုကွာဟချက် အစီရင်ခံစာမှာတော့ အစိုးရရဲ့ အရေးယူဆောင်ရွက်မှု ပျက်ကွက်ခြင်းတွေကို ဖော်ပြထားပါတယ်။ သိသာတဲ့ ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေကို ၂၀၁၀ ပြည့်နှစ်လောက်မှာ စတင်ခဲ့ကြပါတယ်။

နိုင်ငံများအကြား အကြံပြုဆွေးနွေးမှုတွေမှာလည်း ကွာခြားလျက်ရှိရာ အဓိကလုပ်ဆောင်ရမယ့်ဟာကတော့ ရှင်းပါတယ်။ အဲဒါကတော့ ကျောက်မီးသွေးအသုံးပြုမှု လုံးဝရုပ်သိမ်းရေး၊ လောင်စာဆီနှင့် ဓာတ်ငွေ့အသုံးပြုမှု လျှော့ချရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်ကို အံ့သြဖွယ်ဖြစ်အောင် အမြန်တည်ဆောက်ရေး စတဲ့ကိစ္စတွေကို လုပ်ဆောင်သွားရမှာပဲဖြစ်ပါတယ်။

### ဒီထက်ပိုဆိုးလာမယ်

ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေကို မလုပ်ဘဲ နှောင့်နှေးကြန့်ကြာနေတဲ့ ဆယ်နှစ်ဆိုတဲ့အချိန်ဟာ ယနေ့ကျွန်တော်တို့ ရာသီဥတုဆိုင်ရာ ဘေးဒုက္ခတွေကို ရင်ဆိုင်နေရတဲ့ အခြေအနေတွေဆီကို တွန်းပို့နေတယ်လို့ အန်ဒါဆန်က ပြောပါတယ်။ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကို အကြီးစားလုပ်နေတဲ့ စက်ရုံလုပ်ငန်းရှင်ကြီးတွေအနေနဲ့လည်း ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက်အတိုင်းသာ လုပ်ဆောင်သင့်တယ်လို့ အဲဒီဓာတ်ငွေ့ထုတ်လွှတ်မှု ကွာဟ ချက် အစီရင်ခံစာမှာဖော်ပြထားပါတယ်။

စက်မှုထိပ်သီးနိုင်ငံ ၂၀ အနေနဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုတွေရဲ့ ၇၈ ရာခိုင်နှုန်းလောက် ထုတ်လုပ်ကြသော်လည်း ဒီအရေးမှာ ဖင့်လေးနေတဲ့သဘောကို တွေ့ရပါတယ်။ စက်မှုထိပ်သီးနိုင်ငံတွေထဲက ၁၅ နိုင်ငံလောက်သာ ပိုလည်းမပို၊ လိုလည်းမလိုဘဲ ပကတိအခြေအနေအတိုင်း ရောက်အောင် ကြိုးစားနေကြပါတယ်။ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှာ သူတို့ရဲ့ဆောင်ရွက်မှုတွေကို တိုးမြှင့်ဖို့လိုလာပြီ ဖြစ်ပါတယ်။ နှစ်တိုးပြောင်းလဲမှုလေး လုပ်ဆောင်နေရုံနဲ့ အလုပ်ဖြစ်မှာမဟုတ်ဘဲ ၁၀ နှစ်အတွင်းမှာ လူ့ဘောင်အဖွဲ့အစည်းကြီးတစ်ခုလုံး ပြောင်းလဲလုပ်ဆောင်ဖို့လိုလာပြီ ဖြစ်တယ်လို့ ရာသီဥတုဆိုင်ရာ ဦးဆောင်စာရေးဆရာ တစ်ဦးဖြစ်တဲ့ ဂျွန်ခရစ်စတင်ဆန်က ပြောပါတယ်။

၂၀၂၀ ပြည့်နှစ်ဟာ ရာသီဥတုဆိုင်ရာ တိုက်ပွဲဖြစ်ပွားမယ့် သမိုင်းဆိုင်ရာပြောင်းလဲမှု နှစ်တစ်နှစ်ဖြစ်လာလိမ့်မယ်လို့ ရာသီဥတုဆိုင်ရာ ဥရောပကွန်ရက် ညွှန်ကြားရေးမှူး ဝမ်ဒယ်ထရိုင်ယိုက ပြောပါတယ်။

လူသန်းပေါင်းများစွာတို့ ရာသီဥတုဆိုင်ရာ လမ်းပေါ်ထွက်ဆန္ဒပြမှုတွေ ပြုလုပ်မှသာလျှင် နိုင်ငံရေးသမားတွေအနေနဲ့ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်တွေရဲ့ ပြောဆိုချက်အတိုင်း လိုက်ပါလုပ်ဆောင်စေလာမယ်ဖြစ်တယ်လို့ ထရိုင်ယိုက ဆက်လက်ပြောပါတယ်။

ဒီအဆိုကို ဂရီတာသွန်းဘာ့ဂ်ျက သက်သေပြသနေသလိုပါပဲ။ အခုဆိုရင် ရာသီဥတုနဲ့ဆိုင်တဲ့ ဆန္ဒပြမှုတွေဟာ ကမ္ဘာတစ်ဝန်းမှာ ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ ဒီအရေးကို မြန်မြန်အဖြေမရှာဘူးဆိုရင် နောင်လာမယ့်နှစ်တွေမှာ ဒီထက် ပိုဆိုးလာဖို့ပဲရှိပါတယ်။

ကိုးကား – အေအက်ဖ်ပီ

**၂၀၁၈ခုနှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ သို့မဟုတ် ၎င်းနဲ့တူတဲ့ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုတွေဟာ ၅၅ ဒသမ ၃ ဘီလီယံတန်အထိ စံချိန်တင်ရောက်ရှိခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၉၅နိုင်ငံက ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘော တူညီချက်ကို လက်မှတ်ရေးထိုးပြီး သုံးနှစ်အကြာမှာ အဲဒီလိုစံချိန်တင် ရောက်ရှိခဲ့**

## နိုင်ငံတကာသတင်းတိုထွာ

### တရုတ် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက် နှစ်ရက်ဆက်တိုက်လျော့နည်းလာ

**ပေကျင်း ဖေဖော်ဝါရီ ၅**

တရုတ်နိုင်ငံပြည်မကြီးတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုလူနာအသစ်အရေအတွက် နှစ်ရက်ဆက်တိုက်လျော့နည်းလာခဲ့ကြောင်း အမျိုးသားကျန်းမာရေး ကော်မရှင်၏ ကိန်းဂဏန်းများအရ သိရသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် တရုတ်နိုင်ငံ အနှံ့အပြားရှိ ပြည်နယ် ၃၁ ခုနှင့် ရှင်ကျန်းဒေသတို့တွင် လူနာသစ် ၃၉၇၁ ဦး လက်ခံရရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၃ ရက်က လူနာသစ် ၅၀၇၂ ဦးနှင့် ဖေဖော်ဝါရီ ၂ ရက်က လူနာသစ် ၅၁၇၃ ဦး ပမာဏများနှင့်နှိုင်းယှဉ်ပါက အရေအတွက်လျော့ကျသွားခဲ့ကြောင်း ကော်မရှင်၏ပြောကြားချက်အရ သိရသည်။

ဆင်ဟွာ

### ကိုရိုနာဗိုင်းရပ်စ် ဖြစ်နေသည့်အခြေအနေတွင် ခွဲခြားဆက်ဆံခြင်းမပြုရန် ကုလအတွင်းရေးမှူးချုပ်ပြော

**ဂျီနီဗာ ဖေဖော်ဝါရီ ၅**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တရုတ်နိုင်ငံ၏ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်မှုတွင် ဆောင်ရွက်သည့် ကြိုးပမ်းအားထုတ်မှုများကို အပြည့်အဝထောက်ခံပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စည်းလုံးညီညွတ်စွာရှိရန်နှင့် ခွဲခြားဆက်ဆံခြင်း မပြုလုပ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

နှစ်စဉ် ကျင်းပပြုလုပ်သော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ နှစ်သစ်သတင်းစာရှင်းလင်းပွဲတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်အား ရင်ဆိုင်ရာတွင် တရုတ်နိုင်ငံအနေဖြင့် ကြီးမားသည့် အရင်းအမြစ်များကို အသုံးပြု၍ ရင်ဆိုင်ဖြေရှင်းခဲ့ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် တရုတ်နိုင်ငံ၏ကြိုးစားအားထုတ်မှုကို အပြည့်အဝထောက်ခံကြောင်း၊ ရောဂါနှိပ်စက်ခံနေရသည့် အခြေအနေတွင် အခြားသူများအား ခွဲခြားဆက်ဆံလိုသည့် စိတ်ထားများ ဖြစ်ပေါ်တတ်ကြောင်း၊ သူတစ်ပါးအခွင့်အရေးကို ချိုးဖောက်ပြီး မိမိတို့အသိုင်းအဝိုင်းအတွက် အပြစ်မဲ့သူများအပေါ် ခွဲခြားဆက်ဆံတတ်ကြောင်း၊ ထိုအပြုအမူမျိုးကို ရှောင်ရှားရန်မှာ လွန်စွာအရေးကြီးကြောင်း ပြောကြားခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် တရုတ်နိုင်ငံနှင့် အခြားဗိုင်းရပ်စ်ပိုးကူးစက်ခံရနိုင်ဖွယ်ရှိသည့် နိုင်ငံများအပေါ် အားကောင်းသည့် ထောက်ခံအားပေးမှုမျိုးဆောင်ရွက်ပြီး အပြစ်မဲ့သည့်လူထုနှင့် ရောဂါပိုးကူးစက်ခံရသူများကို နာမည်ဆိုးတပ်ခြင်းမှ ရှောင်ရှားကြရန် လိုအပ်ကြောင်း ပြောကြားလိုက်သည်။

ဆင်ဟွာ

# ဝိဇယပူရ (ပင်းယ)

## Wizarapura Pinya

Thiha, the Traveller @ သီဟလုလင်

ကျွန်တော် ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်တုန်းက ဇေယျာပူရ (စစ်ကိုင်း)၊ ရတနာပူရ (အင်းဝ)နဲ့ အမရပူရဆိုတဲ့ ပူရအမည်နဲ့ နေပြည်တော်ဟောင်း သုံးမြို့ကို ရေးခဲ့ဖူးပါတယ်။ ကျန်နေသေးတဲ့ ဝိဇယပူရ (ပင်းယ) အကြောင်းကိုတော့ ၂၀၁၉ နှစ်ကုန်ပိုင်းမှ ရေးဖြစ်တယ်ဆိုပါတော့။ အင်းဝကို လူသိများပေမယ့် ပင်းယကိုတော့ တခုတ်တရ လည်ပတ်ကြသူ နည်းပါးပါသေးတယ်။ အင်းဝနဲ့ယှဉ်ရင် ကျန်ရစ်ခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်လည်း နည်းပါးသလို၊ ပြုပြင်မှုတွေလည်းများခဲ့ပြီး လူနေအဆောက်အဦတွေနဲ့ စိုက်ခင်းတွေအကြား ပျောက်ပျက်သွားတာတွေလည်း ရှိနေလို့ပါ။ ပင်းယနဲ့ ပတ်သက်လို့ အထင်ကရတွေကို မန္တလေးသူ/သားတွေပဲ မေးမေး၊ ယခု ပင်းယမြို့ဟောင်း ဝန်းကျင်ဖြစ်နေတဲ့ တံတားဦးဝန်းကျင်ပဲ မေးမေး ရုတ်တရက် မဖြေနိုင်ကြသလို၊ ဆယ်ကျော်သက်နဲ့ အသက် ၂၀ ကျော် လူငယ်တွေလည်း ကောင်းစွာမသိကြတာ များပါတယ်။ မန္တလေး၊ အင်းဝနား ရောက်လက်စနဲ့တော့ ပင်းယပါ တစ်ပါတည်း လေ့လာဘုရားဖူးနိုင်ဖို့အတွက် ရည်ရွယ်ရေးသားလိုက်ပါတယ်။


ပင်းယရွှေစည်းခုံ

### ပင်းယခေတ်ဆိုတာလည်း ရှိခဲ့တယ်

အင်းဝခေတ်မတိုင်ခင်က ပင်းယခေတ်နဲ့ စစ်ကိုင်းခေတ်ဆိုတာ ရှိခဲ့ပါတယ်။ ပုဂံမပျက်သုဉ်းခင်လေးမှာ ပုဂံနဲ့ အပြိုင်လို့ ဆိုပါတယ်။ ပုဂံခေတ်နှောင်းပိုင်း နရသီဟပတေ့ မင်းလက်ထက်မှာ မြင်စိုင်းဒေသက ဗိန္ဒကမင်းမျိုးနွယ် ပျော့ရှမ်းမျိုး သိခ်ဗိုလ်ဟာ သားတော် သုံးဦး (အသင်္ခယာ၊ ရာဇသင်္ကြန်နဲ့ သီဟသူ)တို့ကို နရသီဟပတေ့မင်းထံ အပ်နှံခစားစေခဲ့တယ်။ နရသီဟပတေ့မင်း ကံကုန်ပြီး သားဖြစ်သူ ဒလမြို့စား ကျော်စွာ နန်းတက်လာတဲ့အခါမှာ ရှမ်းညီနောင်သုံးဦးကို အကြီးဆုံးက မြင်စိုင်းမြို့၊ အလတ်က မက္ခရာမြို့နဲ့ အငယ်ဆုံး သီဟသူကို ပင်လယ်မြို့တွေမှာ မြို့စားအဖြစ် ချီးမြှောက်ခဲ့ပါတယ်။ အလတ် ရာဇသင်္ကြန် ကံကုန်ချိန်၊ အငယ်ဆုံး သီဟသူက


ဂူဘုရားအတွင်းရှိ လှေကား

အကြီးဆုံး အသင်္ခယာကို အဆိပ်ကျွေးလုပ်ကြံလို့ အစ်ကိုတွေရဲ့ ပိုင်ဆိုင်မှုတွေကို သိမ်းယူခဲ့တယ်။ ပြီးတော့ အင်းဝကို ပြောင်းရွှေ့ပြီး ယခု အင်းဝမြို့နေရာမှာ ပင်းယမြို့ကို လေးကြိမ် တည်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ နောက်တော့ အင်းဝတောင်ဘက် ငါးမိုင်အကွာ ပန်းလောင်မြစ်အနားမှာ ပင်းယမြို့ကို ခရစ်နှစ် ၁၃၁၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှာ တည်ထောင်ခဲ့တယ် လို့ မှတ်သားရပါတယ်။ ပင်းယနဲ့ စစ်ကိုင်းဟာ သီးခြား မင်းပြိုင်များနဲ့ နန်းပြိုင်အုပ်ချုပ်ခဲ့ကြောင်းလည်း တွေ့ရပါတယ်။

“သေ်တာလ၊ ပင်းယတည်သည့် တစ်စီးရှင်” လို့ အမှတ်အသားပြုခဲ့တဲ့အတိုင်း ပင်းယနန်းတည်နှစ်ဟာ မြန်မာသက္ကရာဇ် အားဖြင့် ၆၇၄ ခုနှစ် ဖြစ်ပါတယ်။ အခုဆိုရင် ပင်းယသက်တမ်းဟာ နှစ်ပေါင်း ၇၀၀ ကျော်သွားပါပြီ။

### ပင်းယကို ဘယ်လို သွားမလဲ

ပင်းယကို မန္တလေးက ကားဆရာတွေ မေးရင်တောင် ရုတ်တရက် တွေဝေသွားပါလိမ့်မယ်။ ဒါကြောင့် သေချာနေရာပြောပြနိုင်ဖို့ လိုပါတယ်။ ပင်းယမြို့ဟောင်းကို အလည်သွားမယ်ဆိုရင် မန္တလေးကနေ တံတားဦး (လေဆိပ်ဝန်းကျင်နေရာတွေဟာ ပင်းယမြို့ဟောင်းထဲ ပါပါတယ်)ကနေ တောင်ဘက် တစ်မိုင်ခန့်အကွာ မန္တလေး - မြင်းခြံ မီးရထားလမ်းနဲ့ စကားအင်းရွာအကြား ပန်းလောင်မြစ်ရဲ့ အနောက်ဘက်ကမ်းမှာ တည်ရှိပါတယ်။ အရှင်းဆုံးပြောရရင်တော့ တံတားဦးစကားအင်းရွာဝန်းကျင်လည်မယ်လို့ ပြောမှ အဆင်ပြေပါမယ်။

### ပင်းယမြို့ဟောင်းလည်စရာ

အင်းဝကျတော့ သိပ်သိသာလှတာ။ ပင်းယကျတော့ ဘာလို့ရယ်မသိ သိပ်မထင်ရှား။ ရှေးဟောင်းအမှတ်သညာ အနီရောင် ငုတ်တိုင်လေး အနည်းစုတော့ တွေ့မိပေမယ့် ဒီလောက်ပါပဲ။ တစ်ခုထူးခြားတာက ပင်းယမြို့ဟောင်းတည်ရှိရာကို သွားရင်း စကားအင်းရွာလေးရောက်တော့ မန္တလေးကနေ အဝေးကြီးသွားလိုက်ရတဲ့ အညာဇမာရွာကြီးတစ်ခုကို ရောက်သွားသလိုပါပဲ။ ရိုးရှင်းနေတာလေး မြင်ရတယ်။ ဘုရားပွဲသိပ်စည်တဲ့ ဒီရွာလေးကို သဘောကျမိတာတော့ အမှန်ပါ။ ကဲ..လည်စရာလေးတွေ ကြည့်လိုက်ရအောင်။

### ပင်းယရွှေစည်းခုံစေတီ

ပင်းယမြို့တည်တဲ့ သီဟသူမင်းကပဲ ပင်းယရွှေစည်းခုံကို တည်ထားခဲ့တာ ဖြစ်ပါတယ်။ စကားအင်းရွာထဲရှိတာပါ။ ဒီဝန်းကျင်မှာပဲ ရှေးဟောင်းအရပ်ဖြစ်ကြောင်း ငုတ်တိုင်လေးတွေကို တွေ့ကြရပါတယ်။ အနော်ရထာမင်းစောလက်ထက်ကတည်းက ကိုးကွယ်ခဲ့တဲ့ ဓာတ်တော်ခုနစ်ဆူအနက်က ငါးဆူကို ဌာပနာထားတဲ့ စေတီလို့ သိရပါတယ်။ မူလတည်ထားတဲ့ သီဟသူမင်းရဲ့ စေတီက ငယ်နေလို့ သားတော် ဥဇ္စနာမင်းက အပြင်ကနေရံပြီး ထပ်ငုံတည်ထားတာလို့ မှတ်ရပါတယ်။


ရှေးဟောင်းဂူဘုရားတစ်ဆူ

ပင်းယခေတ်မှာ ထီးတင်တဲ့ အလေ့ရှိပြီဆိုတာကိုလည်း အပြင်စေတီ သဘာဝဘေးဒဏ်ကြောင့် ပြိုကျရာမှာအတွင်း သီဟသူတည်တဲ့ စေတီမှာ ထီးတင်လျက် အကောင်းအတိုင်း တွေ့ခဲ့ရာကနေ လေ့လာမှတ်သားနိုင်ခဲ့ကြောင်းလည်း သိရပါသေးတယ်။ အခု လက်ရှိမြင်တွေ့နေရတဲ့ စေတီကတော့ စဉ့်ကူးမင်းလက်ထက်က ပြန်လည်ပြင်ဆင်ထားတဲ့ စေတီပဲ ဖြစ်ပါတယ်။

### ပင်းယဂူကြီး သုံးလုံး

ပင်းယကို လာရတဲ့အသက်က ဒီဂူကြီးသုံးလုံးပါ။ အခြားမလည်ပတ်ချင်ရင်တောင် ဂူကြီးသုံးလုံးတော့ မဖြစ်မနေ လည်ပတ်သွားရောက် လေ့လာသင့်ပါတယ်။ စကားအင်းရွာကို သွားတဲ့လမ်းပေါ် တံတားဦး-ကျောက်ဆည် ကားလမ်းအနောက်ဘက်မှာ တည်ရှိပါတယ်။ ဂူကြီးသုံးလုံးဆိုလို့ ဟိုလို သဘာဝဂူကြီးတွေ မဟုတ်ပါဘူးနော်။ ပုဂံဘုရားတွေလို လိုဏ်ဂူတော် တည်ဆောက်ထားတာမျိုးပါ။ ဒီဂူကြီးတွေကို ဘယ်သူတည်တယ်ဆိုတာ အတိအကျ မသိကြသေးပါဘူး။ နှုတ်ပြောနဲ့ပဲ တောင်ဘက်အဆုံးက ဂူကတော့ သီဟသူမင်း တည်တယ်လို့ ဆိုပါတယ်။ ရပ်ထဲ ရွာထဲတော့ ဥစ္စာစောင့်ရှိတယ်လည်း ဆိုကြပြန်တယ်။ ပုဂံခေတ်လက်ရာတွေနဲ့ အလွန်တူပြီး နှစ်ထပ်လိုဏ်ဂူတွေဖြစ်လို့ အပေါ်တက်တဲ့ လှေကားတွေလည်း အတွင်းဘက်မှာ တွေ့ရပြန်တယ်။ ပြိုပျက်နေတာများပြီး တောင်ဘက်တစ်ခုပဲ တော်တော်များများ အကောင်းအတိုင်း ကျန်နေပါတယ်။ ကျောက်စာဂူထဲမှာ ကျောက်စာနှစ်ချပ် တွေ့ရတာကြောင့် ကျောက်စာထဲက စာအရဆိုရင် သီဟသူမင်းရဲ့ သား ဥဇ္စနာမင်းကြီးက ဂူသုံးခု မြေနေရာ လှူဒါန်းတယ် ရေးထိုးထားလို့ ဂူကြီး၊ ဂူပြောက်၊ လတ်ထဂူတို့ကို သူတည်ထားတယ်လို့လည်း ဆိုကြပါသေးတယ်။ ကျောက်စာပါ သက္ကရာဇ်ကြောင့်ပဲ သံသယဖြစ်စရာ ဖြစ်နေဆဲလို့ သိရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*


စကား
အင်းကန်

## အာဆီယံနိုင်ငံများ၏ အမြင့်ဆုံးပိုးသတ်ဆေးဓာတ်ကြွင်းများ တစ်ပြေးညီ သတ်မှတ်ခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများ၏အမြင့်ဆုံးပိုးသတ်ဆေးဓာတ်ကြွင်းများ တစ်ပြေးညီ သတ်မှတ်ခြင်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ လုပ်ငန်းအဖွဲ့ (၂၄)ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က နေပြည်တော် Park Royal Hotel ၌ ကျင်းပရာ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Senior Officer Ms. Sri Dyah Kusumawardhani နှင့် အာဆီယံအဖွဲ့အဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။(ယာပုံ)




အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အာဆီယံစားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်ပစ္စည်းများ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး တိုးတက်စေရန်အတွက် နိုင်ငံတကာတွင် ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ အမြင့်ဆုံး ပိုးသတ်ဆေးဓာတ်ကြွင်းများ သတ်မှတ်ခြင်းကို တစ်ပြေးညီ ဖြစ်စေရန် အာဆီယံနိုင်ငံများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးကြောင်း။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ စစ်ဆေးခြင်းလုပ်ငန်းများကို ထိရောက် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ဓာတ်ခွဲခန်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိပြီး CODEX MRLs အား လက်ခံကျင့်သုံး၍ စိုက်ပျိုးရေးထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ အမြင့်ဆုံး သတ်မှတ်ချက်ထက် မပိုအောင် ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမြင့်ဆုံး ပိုးသတ်ဆေးဓာတ်ကြွင်းများ တစ်ပြေးညီ သတ်မှတ်ခြင်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်များလုပ်ငန်းအဖွဲ့ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့ထိတိုင် ဒေသတွင်း၌ အမြင့်ဆုံးပိုးသတ်ဆေးဓာတ်ကြွင်း သတ်မှတ်ချက်များ ၈၀၀ ကျော်ထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အာဆီယံနိုင်ငံများအကြား အမြင့်ဆုံး ပိုးသတ်ဆေး ဓာတ်ကြွင်းသတ်မှတ်ချက် Maximum Residue Levels–MRLs ကို တစ်ပြေးညီ သတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် သိပ္ပံနည်းကျအခြေခံသော သုတေသန စိုက်ပျိုးရေးစမ်းသပ်ကွက်များ၊ နေ့စဉ်စားသုံးနေကျ အစားအသောက်ပုံစံများအပေါ် အခြေခံပြီး အန္တရာယ်ရှိမှု အလားအလာ တွက်ချက်ခြင်းနှင့် အကဲဖြတ် စိစစ်ခြင်း ပုံစံများပါဝင်မည်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များလုပ်ငန်းအဖွဲ့၏ လေ့လာ စိစစ်ပြီးသော တစ်ပြေးညီသတ်မှတ်ချက်များကို အာဆီယံစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဝန်ကြီးများအဆင့် အစည်းအဝေးတွင် သဘောတူညီချက်ရရှိရန် အဆိုပြုတင်သွင်းသွားမည်ဖြစ်သည်။

အာဆီယံနိုင်ငံများ၏ အမြင့်ဆုံး ပိုးသတ်ဆေးဓာတ်ကြွင်းများ တစ်ပြေးညီသတ်မှတ်ခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များလုပ်ငန်းအဖွဲ့၏ (၂၄)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဖေဖော်ဝါရီ ၈ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ပြည်ထောင်စုနေ့သည် မြန်မာပြည် လွတ်လပ်ရေးရရှိချိန် ကြိုးပမ်းခဲ့မှု သမိုင်းတွင် အရေးပါသော နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်ပုံအကြောင်းကို ရေးဖွဲ့ထားသော ဆရာဝင်းဖေ (အဖျောက်)၏ “ပြည်ထောင်စုနေ့” မျက်နှာဖုံးဓာတ်လမ်း၊ ဝေလငါးမျိုးစိတ်တို့၏ သဘောသဘာဝနှင့် ၎င်းတို့၏ မျိုးစိတ်တချို့မှာ သီချင်းကိုပါ သီဆိုနိုင်ပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် “ဝေလငါးရဲ့ သီချင်းသံ” သုတဆောင်းပါး၊ ဆရာကြီးပြောဆိုသော ဆုံးမစကားများကို ပြန်လည်ကြားယောင်လာကာ လိုက်နာကျင့်သုံးခဲ့သော တပည့်ရွှေပိုး၏ လုပ်ဆောင်ပုံကြောင့် ဆရာကြီးအား ဂုဏ်ယူနိုင်စေခဲ့ပုံအကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် “ရပါတယ်ဆရာကြီး” နှစ်မျက်နှာကာတွန်း၊ အချို့သော ကလေးငယ်များသည် ပိုဂရုစိုက်ခြင်းကို ခံချင်ကြသူများဖြစ်၍ သူတို့အား ဆရာ ဆရာမများအနေဖြင့် မသိနားမလည်သည်များကို သေသေချာချာ ရှင်းပြကာ ပိုမိုဂရုစိုက်ပေးသင့်ကြောင်း ရေးဖွဲ့ထားသည့် “ဒီကလေးမျိုးကို ပိုဂရုစိုက်ပေးပါ” ကလေးဝတ္ထုတိုအပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ရေးဖွဲ့ထားသည့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဖယ်ခုံမြို့နယ် ကုန်းဆုံကျေးရွာအုပ်စုရှိ ပူချယ်အခြေခံပညာမူလတန်းကျောင်းနှင့် ကုန်းဆုံ အခြေခံပညာမူလတန်းလွန်ကျောင်းတို့တွင် ဟောပြောပွဲ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲလုပ်ငန်းများကို ဖေဖော်ဝါရီ ၄ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ ကိုထွေး(ဖယ်ခုံ)

## တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခြင်းကြောင့် မူဆယ်မြို့သို့ ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု လျော့နည်းလာ

**မူဆယ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့သည် တရုတ်နိုင်ငံခရီးသွားများ စိတ်ဝင်စားသည့် မြို့ဖြစ်သည့်အလျောက် တရုတ်နိုင်ငံခရီးသွားဧည့်သည်များနေ့စဉ်လာရောက်လည်ပတ်မှုများပြားလျက်ရှိရာ တရုတ်နိုင်ငံတွင်ဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင် ရောဂါကြောင့် မူဆယ်မြို့သို့ တရုတ်နိုင်ငံခရီးသွားဧည့်သည် လာရောက်လည်ပတ်မှု ယခုရက်ပိုင်းကာလအတွင်း လျော့နည်းလာကြောင်း မူဆယ်မြို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မူဆယ်ရုံးခွဲမှ သိရသည်။

“အရင်နှစ် တရုတ်နိုင်ငံရဲ့ နှစ်သစ်ကူးကာလအတွင်းမှာ ပုံမှန်အားဖြင့် တရုတ်နိုင်ငံခရီးသွားဧည့်သည်တွေဟာ တစ်ရက်မှာ မူဆယ်မြို့ကို ထောင်ချီလာရောက်လည်ပတ်ကြတယ်။ တရုတ်နိုင်ငံမှာဖြစ်ပွားတဲ့ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အခု တရုတ်နှစ်သစ်ကူးကာလမှာ တရုတ်နိုင်ငံဘက်က ခရီးသွားကဏ္ဍကို ယာယီရပ်ဆိုင်းလိုက်တဲ့အတွက် ဒီနှစ် နှစ်သစ်ကူးကာလမှာ နေ့ချင်းပြန် တရုတ်နိုင်ငံ ခရီးသွားဧည့်သည်တွေဟာ မူဆယ်မြို့မှာ ဝင်ရောက်လည်ပတ်မှု လျော့နည်းပါတယ်”ဟု မူဆယ်မြို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မူဆယ်ခရိုင်ရုံးခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ဇော်လင်းက ပြောသည်။

ယခုလသည် တရုတ်နှစ်သစ်ကူးကာလဖြစ်ပြီး မူဆယ်မြို့သို့ တရုတ်နိုင်ငံခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု လျော့နည်းသော်လည်း ခရီးသွားကဏ္ဍကို ထိခိုက်နစ်နာမှုမရှိကြောင်းလည်း သိရသည်။

ခရိုင်အတွင်းရှိ ဟိုတယ်များတွင် လာရောက်တည်းခိုသည့် ဧည့်သည်များအား ကျန်းမာရေး စစ်ဆေးချက်များ လုပ်ဆောင်မှုများကို ဌာနဆိုင်ရာများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၃၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၈၀ | ကျပ် | ၈၇၅/၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၈၉၀ | ကျပ် | ၈၉၀/၉၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၇၈၅ | ကျပ် | ၈၁၀/၈၂၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၀ | ကျပ် | ၉၁၀/၉၄၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၄၉ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၀ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၉၁ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၃ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၉ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၃၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၅၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၁ . ၇၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၇၉၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၁၂၃၆ | ၁၃၉၇၁၅၀၀ |
| MTSH | ၄၁၀၀ | ၄၀၀၀ | ၄၂၉၄ | ၁၇၂၁၇၁၀၀ |
| MCB | ၈၄၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၂၀၀ | ၄၇၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၅၀ | ၅၅၇၀ | ၁၅၈၅၅၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဂျပန်နိုင်ငံ ချိဘာခရိုင်အစိုးရအဖွဲ့မှ Assistant Director General ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဂျပန်နိုင်ငံ ချိဘာခရိုင်အစိုးရအဖွဲ့မှ Assistant Director General ဖြစ်သူ Mr.Eguchi Yo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံ ချိဘာခရိုင်အတွင်း အလုပ်သင်အလုပ်သမားများခေါ်ယူမည့် အစီအစဉ်များ၊ အလုပ်သင်အလုပ်သမားများသင်တန်းတက်ရောက်နေစဉ်ကာလများအတွင်း ငွေကြေးထောက်ပံ့မှု အစီအစဉ်များ၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးအစီအစဉ်များ၊ ဂျပန်နိုင်ငံတွင် နှစ်ရှည်အလုပ်လုပ်ခွင့်ရရှိနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံရှိ ဂျပန်ဘာသာစကား သင်တန်းကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အစီအမံများ၊ မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့အကြား အလုပ်သင် အလုပ်သမားခေါ်ယူရေး နှစ်နိုင်ငံနားလည်မှုစာချွန်လွှာရေးထိုးထားမှု အခြေအနေများ၊ မြန်မာနိုင်ငံမှ ပြည်ပသို့အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံမှ ကျွမ်းကျင်လုပ်သားများစေလွှတ်ရာတွင် လုပ်ငန်းခွင်အဆင်ပြေစေရေး၊ ဝန်ဆောင်ခသက်သာမှုရှိစေရေးနှင့် လုပ်သားများစေလွှတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဂျပန်ဘာသာစကားသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကိစ္စများ၊ ဂျပန်နိုင်ငံ ချိဘာခရိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ လက်ရှိဆောင်ရွက်နေသည့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်သားများခေါ်ယူမည့် အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း မြန်မာနိုင်ငံမှ အလုပ်သင်အလုပ်သမားစေလွှတ်ရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့နှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ လူကူးခုံးကျော်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ကမာရွတ်မြို့နယ် နာနတ်တောလမ်းနှင့် ဘုရင့်နောင်လမ်းဆုံ လူကူးခုံးကျော်တံတားဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၅**
ကမာရွတ်မြို့နယ် နာနတ်တောလမ်းနှင့် ဘုရင့်နောင်လမ်းဆုံ လူကူးခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါတံတားအနီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သော ခုံးကျော်တံတားသည် ရန်ကုန်မြို့အတွက် အဓိကကျသော ခုံးကျော်တံတားတစ်ခုဖြစ်ကြောင်း၊ ယခုနေရာသည် ရန်ကုန်ဆိပ်ကမ်းကို ဆက်သွယ်ထားသော ဘုရင့်နောင်လမ်းမကြီး၏ လမ်းဆုံနေရာတွင် တည်ရှိပါကြောင်း၊ ပြည်သူလူထုအနေဖြင့် လမ်းဖြတ်ကူးသွားလာရာတွင် အလွန်ခက်ခဲသော နေရာတစ်ခုဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လူကူးခုံးကျော်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ အများပြည်သူအတွက် အဆင်ပြေချောမွေ့စေနိုင်မှုများကို အခြေပြုပြီး တံတားကို စနစ်တကျ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေး ဝန်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ လူကူးခုံးကျော်တံတားမှာ တံတားအရှည် ၅၂၆ ပေ၊ တံတားအောက်ပိုင်းကင်းလွတ်အမြင့်မှာ ၁၈ ပေ၊ တံတားကြမ်းခင်းအကျယ် ၁၁ ပေ၊ လူသွားလမ်းအကျယ် ၉ ပေ ၄ လက်မရှိကြောင်း၊ လှေကားလေးစင်းအပြင် စက်လှေကားသုံးစင်းပါဝင်ကြောင်း သိရသည်။ တံတားမှာ Steel Plate Girder တံတားရက်မ အမျိုးအစားဖြစ်ကာ တံတားရက်မအရေအတွက် ငါးခု ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ – ထိန်လင်း

# သတင်းအချက်အလက်များ တိကျလျင်မြန်စွာ ပေးအပ်နိုင်ရေးအတွက် သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်လှစ်သင်ကြား

**နေပြည်တော် ဖေဖော်ဝါရီ ၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူများအတွက် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေးနှင့် သတင်းအချက်အလက်ရရှိမှု ပိုမိုကောင်းမွန်စေရေးအတွက် ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ထမ်းများအား သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာများ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဦးစီးဌာနမှ ဖွင့်လှစ်သည့် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ သင်တန်းကို ဖေဖော်ဝါရီ ၃ ရက်မှစတင် ဖွင့်လှစ်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်တွင် သင်တန်းဆင်းပွဲကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက "ယခုသင်တန်းက ပို့ချခဲ့တဲ့ ပညာရပ်တွေကို သင်တန်းခန်းမထဲမှာပဲ မထားခဲ့ဘဲ လက်တွေ့ရေးသား ထုတ်ပြန်တဲ့အခါမှာလည်း အပြည့်အဝအသုံးချပေးဖို့ လိုအပ်ပါတယ်။ အရင်ကထက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်တွေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ ဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါတယ်။ သင်တန်းက သင်ကြားတတ်မြောက်တဲ့ ပညာရပ်တွေကိုလည်းဌာနက ကျန်ရှိတဲ့ဝန်ထမ်းတွေကို လုပ်ကိုင်ဆောင်ရွက်တတ်စေဖို့ မျှဝေသင်ကြားပေးဖို့လည်း လိုအပ်ပါတယ်။ အခုလို သင်တန်းတွေကြောင့် ဌာနရဲ့လုပ်ငန်းစွမ်းဆောင်ချက်တွေကို ယခင်ကထက် အများပြည်သူတွေ ပိုမိုသိရှိနားလည်လာမယ်လို့ မျှော်လင့်သလို သတင်းမီဒီယာကဏ္ဍကနေ အကျိုးရှိရှိ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

သင်တန်းသို့ ရုံးချုပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ ဝန်ထမ်းစုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာဆရာများ လာရောက်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ပြည်သူလူထုထံသိသင့် သိထိုက်သည့် သတင်းအချက်အလက်များ၊ ဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားမှုများနှင့် ဦးစီးဌာန၏ အဓိက ရည်မှန်းချက်ဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ကျေးလက်နေပြည်သူများနှင့် ဌာနဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်သည့် လုပ်ငန်းစဉ်များအားလုံး အချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန် သတင်းရေးသားထုတ်ပြန်သည့် အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်သည်။

သင်တန်းကာလမှာ သုံးရက်တာကြာမြင့်ပြီး သင်တန်းသားများက ဒေသသို့ ပြန်လည်ရောက်ရှိပါက သတင်းများ ပိုမိုကောင်းမွန်စွာ ထုတ်ပြန်ကြတော့မည် ဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရှိရသည်။ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး ယခုဖွင့်လှစ်သည့် သင်တန်းသည် ဒုတိယအကြိမ်မြောက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



(သင်တန်းသား/သင်တန်းသူများ)

# ကချင်ပြည်နယ်၏ အဓိကလမ်းပိုင်းတစ်ခုဖြစ်သည့် နန့်မြစ်ခတံတားဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၅**
ကချင်ပြည်နယ်၏ အဓိကလမ်းပိုင်းတစ်ခုဖြစ်သည့် မန္တလေး-လားရှိုး-ဗန်းမော်- မြစ်ကြီးနားလမ်းပေါ်မှ နန့်မြစ်ချောင်းကူး နန့်မြစ်ခတံတားကို ယမန်နေ့က ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဇော်ဝင်းမြင့်က တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ တံတားကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်(ခ)ခန်လင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးတူးဂျာ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဦးဝင်းညွန့်၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနော်လီ၊ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်ကျော်နှင့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောဇာနီလုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

နန့်မြစ်ခတံတားသည် ဝိုင်းမော်မြို့နယ် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းအပိုင်း မိုင်တိုင် (၄၈၀/၇-၄၈၁/၀) တွင် တည်ရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန်၊ တံတားအရှည်၃၀၂ပေ၊ ယာဉ်သွားလမ်း ၄၈ ပေနှင့် လူသွားလမ်းတစ်ဖက်သုံးပေရှိ လေးလမ်းသွား သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

မူလနန့်မြစ်ခ တံတားဟောင်းကို ၁၉၉၆ ခုနှစ် တွင် စတင်တည်ဆောက်အသုံးပြုခဲ့ပြီး တံတားခံနိုင်ဝန်အားနည်းလာခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုကြောင့် အများပြည်သူ ဖြတ်သန်းသွားလာရာတွင် နှောင့်နှေးကြန့်ကြာလာခြင်းတို့ကို တွေ့ကြုံလာရ သည့်အတွက် ယနေ့ဖွင့်လှစ်ခဲ့သည့် နန့်မြစ်ခတံတားကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရှင်မင်း

# တနင်္သာရီတိုင်းဒေသကြီး ပဥ္စမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာအပ်နှင်းသဘင် ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၅**
ပဥ္စမအကြိမ်မြောက် စိုက်ပျိုးရေး ဒီပလိုမာအပ်နှင်းသဘင်အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စိုက်ပျိုးရေးသိပ္ပံ(ထားဝယ်)၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က စိုက်ပျိုးရေးသိပ္ပံကို ၁၅-၁၁-၂၀၁၂ တွင် ဖွင့်လှစ်ခဲ့ပြီး ဒီပလိုမာ စိုက်ပျိုးရေးလက်မှတ်ရ ဦးရေ ၃၀၇ ဦး ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း စားသုံးရန် ဆန်လုံလောက်မှုရှိရေးနှင့် ဖူလုံမှုရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စပါးအထွက်နှုန်းမြင့်မားရေးအတွက် စိုက်ပျိုးရေးဆန္ဒရှိသူနည်းပါးပြီး အခြား ဝင်ငွေရရှိသော လုပ်ငန်းများကို လူငယ်များ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော တောင်သူများကို နည်းပညာပေးခြင်းနှင့် အခြားရာသီပေါ် သီးနှံများကို အထွက်နှုန်းမြင့်မားစေရေး၊ တိုင်းဒေသကြီး ဂျီဒီပီတိုးတက်မှုနှင့် လူတစ်ဦးချင်း၏ဝင်ငွေမြင့်မားလာစေရေး အလယ်၊ အလတ် စိုက်ပျိုးရေးပညာရှင်များ၏ အထောက်အကူဖြင့် လူမှုဘဝအဆင့်အတန်းမြင့်မားတိုးတက်လာရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းချပြရန်လိုကြောင်း ပြောကြားသည်။

ခရိုင်(ပြန်/ဆက်)

# မြန်မာ့ အင်ဂျင်နီယာလောကနှင့် မြန်မာအမျိုးသမီး အင်ဂျင်နီယာများ

## သိပ္ပံစာရေးဆရာ ကိုကိုအောင်

**မြန်မာနိုင်ငံတွင် ၁၈၉၅ ခုနှစ်က အစိုးရအင်ဂျင်နီယာပညာသင်ကျောင်း (Government Engineer School)များ ဖွင့်လှစ်ကာ အင်ဂျင်နီယာပညာအခြေခံများကို စတင်သင်ကြားခဲ့သည်။ ၁၈၉၅ ခုနှစ်သည် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အုပ်စိုးမင်းမူနေသည့် ကာလဖြစ်သလို အီတလီလူမျိုးသိပ္ပံပညာရှင် ဂူးဂလီမိုးမာကိုနီက ကမ္ဘာ့ပထမဆုံးသော ရေဒီယိုအချက်ပြမှု (Radio Signal) ကို ထုတ်လွှင့်ခဲ့သည့် ကာလလည်းဖြစ်၍ မည်မျှစောကြောင်း သိရှိနိုင်သည်။**

၁၉၀၈ ခုနှစ်တွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical Hight School – T.H.S) များကို စတင်ဖွင့်လှစ်ခဲ့ပြီး၊ ၁၉၁၂ ခုနှစ်အရောက်တွင်မူ Government Technical Institute (G.T.I) ခေါ် အစိုးရ စက်မှုလက်မှုသိပ္ပံများကို စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၁၂ ခုနှစ်သည် ကမ္ဘာကျော် တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်မှုဖြစ်ပွားသည့် အချိန်ကာလ ဖြစ်သည်။

၁၉၂၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာပညာ မဟာဌာနကိုဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်အဆင့် အင်ဂျင်နီယာပညာများကို စတင်သင်ကြားပေးခဲ့သည်။ ၁၉၂၇ ခုနှစ် အရောက်တွင်မူ အင်ဂျင်နီယာပညာမဟာဌာနသည် ဗြိတိသျှပိုင် Burma Oil Company က မတည်ဖွင့်လှစ်ခဲ့သည့် ဘီအိုစီကောလိပ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံ စက်မှုတက္ကသိုလ် (Burma Institute of Technology – B.I.T) ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် B.I.T သည် ရန်ကုန် စက်မှုတက္ကသိုလ် (Rangoon Institute of Technology – R.I.T) အဖြစ် ပြောင်းလဲသွားခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန် စက်မှုတက္ကသိုလ် (R.I.T) ၏ အင်္ဂလိပ်ဘာသာအခေါ်အဝေါ်ကို Yangon Institute of Technology – Y.I.T ဟု ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၁၉၉၁ ခုနှစ်အရောက်တွင်မူ မန္တလေး စက်မှုတက္ကသိုလ် (Mandalay Institute of Technology – M.I.T) ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဖွဲ့စည်းဖြစ်ပေါ်လာကာ စက်မှုတက္ကသိုလ်များကို အဆိုပါဝန်ကြီး ဌာနအောက်သို့ သွတ်သွင်းခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပြည် စက်မှုတက္ကသိုလ် (Pyay Institute of Technology–P.I.T) ကို ထပ်မံဖွင့်လှစ်ခဲ့ပြီးနောက် ထိုနှစ်အတွင်းမှာပင် စက်မှုတက္ကသိုလ်များအားလုံးကို နည်းပညာတက္ကသိုလ် (Technological University) ဟု အမည်ပြောင်းလဲကာ သတ်မှတ်ခေါ်ဝေါ်ခဲ့သည်။ ၁၉၉၉ ခုနှစ်နောက်ပိုင်းတွင်မူ မြန်မာနိုင်ငံအနှံ့အပြား၌ အင်ဂျင်နီယာပညာရပ်များကို သင်ကြားပေးသည့် နည်းပညာတက္ကသိုလ် အများအပြား ထပ်မံပေါ်ထွက်လာခဲ့သည်။

အင်ဂျင်နီယာပညာဆိုသည်မှာ သင်္ချာ၊ သိပ္ပံ၊ စီးပွားရေးနှင့် လူမှုရေးပညာရပ်များကို လေ့လာသင်ကြား၊ လေ့ကျင့်မှု အတွေ့အကြုံတို့မှ ရရှိလာသော အသိပညာ၊ အတတ်ပညာများကို အခြေခံလျက် သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်တို့အား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု အနည်းဆုံးဖြစ်အောင် အသုံးချကာ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုမည့် အဆောက်အအုံများ၊ စက်ကိရိယာနှင့် ယာဉ်ယန္တရား၊ ဝတ္ထုပစ္စည်းနှင့် စွမ်းအားများ၊ ထုတ်လုပ်မှုနည်းစဉ်များ စသည်တို့ကို ပုံစံထုတ်တွက်ချက်ပြီး တည်ဆောက်ထိန်းသိမ်းပေးနိုင်စွမ်းရှိသော ပညာရပ်ဖြစ်သည်။ တစ်နည်းဆိုရသော် အသိဉာဏ်နှင့် ယှဉ်ကာ အသုံးချဆောင်ရွက်ရသော ပညာရပ်တစ်ခုဖြစ်သည်။

အင်ဂျင်နီယာ အဖွဲ့အစည်းများ၏ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုပါက မြန်မာ့သမိုင်းတွင် အင်ဂျင်နီယာလောကသား အားလုံးတို့အတွက် အားကိုးအားထားပြုစရာ ပထမဆုံးသော အဖွဲ့အစည်းအဖြစ် ၁၉၁၆ ခုနှစ်က မြန်မာနိုင်ငံ အင်ဂျင်နီယာကွန်ဂရက် (The Burma Engineer Congress) စတင်ဖွဲ့စည်း ပေါ်ပေါက်ခဲ့သည်။ ၁၉၂၇ ခုနှစ်အရောက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာများ အသင်း (The Association of Engineers in Burma) ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလဖြစ်သော ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်များအတွင်း၌ မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ပြီး စစ်ကြီးပြီးဆုံးပြီးနောက် ၁၉၄၆ ခုနှစ်ရောက်မှ လှုပ်ရှားမှုများကို ပြန်လည်စတင်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေး အစိုးရတက်လာပြီး ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရ အက်ဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့သဖြင့် အဆိုပါဥပဒေအရ အခြားသော အသင်းအဖွဲ့များနှင့်အတူ မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်းလည်း



ဇန်နဝါရီ ၁၇ ရက်က ကျင်းပခဲ့သော The 1 st Myanmar Women Engineers Summit သို့ တက်ရောက်လာသော အမျိုးသမီး အင်ဂျင်နီယာများ။

ဖျက်သိမ်းခံခဲ့ရသည်။

ထိုကဲ့သို့ ဖျက်သိမ်းခံခဲ့ရပြီးနောက် နှစ်ပေါင်းသုံးဆယ်ကျော်အကြာ ၁၉၉၅ ခုနှစ် အရောက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (Myanmar Engineering Society –M.E.S ) ကို ပြန်လည် ဖွဲ့စည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် အာဆီယံ အင်ဂျင်နီယာအသင်းချုပ်ဖြစ်သော ASEAN Federation of Engineering Organization (AFEO)သို့ နိုင်ငံကိုယ်စားပြု အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ရာမှ အစပြု၍ မြန်မာနိုင်ငံသား အင်ဂျင်နီယာများအား အာဆီယံအဆင့်သို့ မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းစဉ် နှစ်ရပ်ဖြစ်သည့် Mobility of Engineer နှင့် Librealisation of Profession Services Within ASEAN တို့ကို လေ့လာသိရှိခဲ့သည်။ အဆိုပါလုပ်ငန်းစဉ်ကြီးများကို ဆောင်ရွက်နိုင်ရေးအတွက် အင်ဂျင်နီယာများအား ထိန်းချုပ်ကွပ်ကဲနိုင်မည့် စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းရန် လိုအပ်ကြောင်းကိုပါ တစ်ပါတည်း သဘောပေါက် နားလည်ခဲ့ကြသည့်အတွက် ၂၀၀၂ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ဥပဒေကြမ်းတစ်ရပ်ကို စတင်ပြုစုခဲ့ကြသည်။

ထိုမှတစ်ဆင့် ၂၀၀၅ ခုနှစ်တွင် အင်ဂျင်နီယာဝန်ဆောင်မှု လုပ်ငန်းများအတွက် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံ (ASEAN Mutual Recognition Arrangement of Engineering Services –MRA ) ကို နိုင်ငံတော်အဆင့်ဖြင့် လက်မှတ်ရေးထိုးခဲ့သည်။ ထိုအစီအမံသည် အာဆီယံစီးပွားရေး အသိုက်အမြုံ ပေါ်ထွန်းလာရေးအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့များမှ ကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုပေါင်းပါဝင်ကာ ထိုအစီအမံကို ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ အစီအမံအရ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (Professional Engineer ) အဖြစ် စိစစ်အသိအမှတ်ပြုရေး၊ နိုင်ငံခြားသား မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် (Registered Foreign Professional Engineer ) အဖြစ်စိစစ်အသိအမှတ်ပြုရေးနှင့် ပညာရှင်များ ကြီးကြပ်ထိန်းသိမ်းမှု အာဏာပိုင်အဖွဲ့ (Professional Regulatory Authority ) ဖွဲ့စည်းရေးတို့ကို အမျိုးသားအဆင့်ဖြင့် ဆောင်ရွက်ရန် တောင်းဆိုခြင်းခံခဲ့ရသည်။

ထို့ပြင် အဆိုပါအစီအမံအရ အင်ဂျင်နီယာပညာရှင်များအား ထိန်းချုပ်ကွပ်ကဲသည့် ဥပဒေနှင့် နည်းဥပဒေ (Law & Regulations ) ရေးဆွဲရန်၊ အင်ဂျင်နီယာ အချင်းချင်း နီးနွှောဆက်သွယ်သည့် ပညာရှင်အသင်းအဖွဲ့ (Professional Association ) ဖွဲ့စည်းရန်၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဖြစ် အရည်အချင်းပြည့်မီကြောင်း စိစစ်အသိအမှတ်ပြုသည့်စနစ် (Qualifying as a Professional Engineer) ဖော်ဆောင်ရန်နှင့် အင်ဂျင်နီယာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ခွင့် (Setting– up an Engineering Practice) တည်ရှိရန်တို့ကိုလည်း မဖြစ်မနေ လိုအပ်လာခဲ့သည်။

ထိုကဲ့သို့သော လိုအပ်ချက်များအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်တကွ အခြားသော ဝန်ကြီးဌာနများမှ ကျွမ်းကျင်သူများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများက နိုင်ငံတကာရှိ အင်ဂျင်နီယာကောင်စီ ဥပဒေများကို ကိုးကားလျက် ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲပြုစုခဲ့ကြသည်။ အခြားတစ်ဖက်တွင်လည်း အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ နိုင်ငံတော်အစိုးရက ၂၀၀၇ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့ ( Professional Regulatory Authority–PRA ) ကို ဖွဲ့စည်းပေးခဲ့သည်။

ထိုအဖွဲ့က သတ်မှတ်အရည်အချင်းပြည့်မီသော မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များ အနေဖြင့် အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိရေးအတွက် စိစစ်ထောက်ခံတင်ပြခြင်းနှင့် နိုင်ငံခြားသားအင်ဂျင်နီယာများ၏ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ် လျှောက်ထားမှုများကို စိစစ်ကာ မြန်မာနိုင်ငံအတွင်း၌ အင်ဂျင်နီယာပညာရှင်အဖြစ် လုပ်ကိုင်ခွင့်ပြုရေး၊ နိုင်ငံခြားသား မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်များအား ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲရေး၊ အင်ဂျင်နီယာဆိုင်ရာ လက်တွေ့လုပ်ငန်းများ၏ အဆင့်အတန်း မြှင့်တင်ထိန်းသိမ်းရေး၊ ဥပဒေပြဋ္ဌာန်းမှုကို လက်တွေ့ကျင့်သုံးသည့် လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စံနှုန်းများနှင့် ပတ်သက်၍ အာဆီယံနိုင်ငံများမှ အင်ဂျင်နီယာများအကြား ဖလှယ်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ကြီးကြပ်မှုကော်မတီ ( Monitoring Committee – MC )ကို ၂၀၁၁ ခုနှစ် တွင်လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့ (Myanmar Board of Engineer ) ကို ၂၀၁၂ ခုနှစ် တွင်လည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ဖွဲ့စည်းပေးခဲ့သည်။

ထိုကဲ့သို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေခဲ့ကြခြင်း၏ အကျိုးရလဒ်အဖြစ် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပေါ်ထွက်လာခဲ့သည်။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၇ အဖြစ် ပေါ်ထွက်လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေအရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းနိုင်ခဲ့ကာ ယခင်က ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့၊ ကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ စိစစ်ရေးဘုတ်အဖွဲ့တို့၏ တာဝန်နှင့်ဝတ္တရားများကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီက လွှဲပြောင်းလက်ခံရယူခဲ့သည်။

မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များနှင့် အင်ဂျင်နီယာများထဲတွင် အမျိုးသမီးများကလည်း အရေးကြီးသော အခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြသည်။ ပုဂ္ဂလိက အင်ဂျင်နီယာလုပ်ငန်းခွင်များ၊ နိုင်ငံ့အဖွဲ့အစည်းအသီးသီးရှိ အင်ဂျင်နီယာလုပ်ငန်းခွင်များ၊ အင်ဂျင်နီယာပညာသင်ကြားပေးနေသည့် တက္ကသိုလ်များ၊ အင်ဂျင်နီယာလုပ်ငန်းနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများစသည်တို့တွင် မြန်မာအမျိုးသမီး အင်ဂျင်နီယာများသည် နယ်ပယ်အသီးသီး၏ ကျရာကဏ္ဍမှနေ၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

စည်းမျဉ်းကြပ်မတ်ရေး ဥသျှောင်အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်တို့တွင်လည်း ကောင်စီဝင် အမျိုးသမီး အင်ဂျင်နီယာပညာရှင်များ၊ အသင်းဝင် အမျိုးသမီး အင်ဂျင်နီယာပညာရှင်နှင့် အင်ဂျင်နီယာများက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည်။

မြန်မာအမျိုးသမီး အင်ဂျင်နီယာတို့၏ စွမ်းပကားတစ်ရပ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၇ ရက်နေ့က The 1 st Myanmar Women Engineers Summit ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကို တွေ့မြင်ခဲ့ရသည်။ အဆိုပါအခမ်းအနားတွင် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ် (WPEO)၏ ဥက္ကဋ္ဌဟောင်းဖြစ်သည့် အမျိုးသမီး အင်ဂျင်နီယာ ပညာရှင်ကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးအင်ဂျင်နီယာများနှင့် သိပ္ပံပညာရှင်များကွန်ရက် (INWES)၏ ဥက္ကဋ္ဌဖြစ်သူ အမျိုးသမီး အင်ဂျင်နီယာ ပညာရှင်ကလည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ အမျိုးသမီးအင်ဂျင်နီယာ အဖွဲ့ ဥက္ကဋ္ဌဖြစ်သူကလည်းကောင်း မိမိတို့အဖွဲ့အစည်းများ၌ အမျိုးသမီး အင်ဂျင်နီယာပညာရှင်များနှင့် အင်ဂျင်နီယာများ၏ လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

The 1 st Myanmar Women Engineers Summit သည် မြန်မာအမျိုးသမီး အင်ဂျင်နီယာတို့အတွက် ဂုဏ်ယူဖွယ်မှတ်တမ်းတစ်ရပ်ဖြစ်သလို မြန်မာအင်ဂျင်နီယာလောက တစ်ရပ်လုံးအတွက်လည်း ထူးခြားသော သမိုင်းမှတ်တိုင်တစ်ရပ် ဖြစ်ပေသည်။ အချုပ်ဆိုရသော် မြန်မာအမျိုးသမီးအင်ဂျင်နီယာ တို့ကို နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီဖြစ်သော မြန်မာ့အင်ဂျင်နီယာ အဖွဲ့အစည်းအဆက်ဆက်တို့အတွက် အားကိုးအားထားပြုရမည့် စွမ်းအားစုတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်မိပါတော့သည်။ ။

**"မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များနှင့် အင်ဂျင်နီယာများထဲတွင် အမျိုးသမီးများကလည်း အရေးကြီးသော အခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြသည်။ ပုဂ္ဂလိက အင်ဂျင်နီယာလုပ်ငန်းခွင်များ၊ နိုင်ငံ့အဖွဲ့အစည်း အသီးသီးရှိ အင်ဂျင်နီယာလုပ်ငန်းခွင်များ၊ အင်ဂျင်နီယာ ပညာသင်ကြားပေးနေသည့် တက္ကသိုလ်များ၊ အင်ဂျင်နီယာလုပ်ငန်းနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ စသည်တို့တွင် မြန်မာအမျိုးသမီး အင်ဂျင်နီယာများသည် နယ်ပယ်အသီးသီး၏ ကျရာကဏ္ဍမှနေ၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်"**

## ချင်းတွင်းမြစ်ရေနည်းချိန် ရေယာဉ်များသောင်တင်ခြင်းမဖြစ်ရန် သတ်မှတ်ရေကြောင်းများမှ မောင်းနှင်ကြရန် လိုအပ်



ချင်းတွင်းမြစ်ကြောင်းအတွင်း ခုတ်မောင်းပြေးဆွဲနေသည့် ကုန်တင်ရေယာဉ်များ။

**မုံရွာ ဖေဖော်ဝါရီ ၅**

ချင်းတွင်းမြစ်တွင် ရေနည်းနေသည့်ကာလအတွင်း ကုန်တင်ရေယာဉ်များနှင့် လူစီး အမြန်ရေယာဉ်များအတွက် ရေစူး သတိပေးချက်များ ထုတ်ပြန်ထားရာ ယင်းကာလတွင် ရေယာဉ်များအနေဖြင့် ရေကြောင်းပြ အမှတ်အသားများ ပြသထားသည့် ရေလမ်းကြောင်းများအတိုင်း စနစ်တကျမောင်းနှင်ကြရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ သိရသည်။

"နွေရာသီ မြစ်ရေနည်းပါးချိန်ဆိုရင် မော်လိုက်မြို့နယ် အောက်ဘက်ရိုးလာရေလမ်းကြောင်းက အမြဲလိုလိုပဲ ရေကြောင်းကျပ်ပါတယ်။ နောက်ပြီး ဟုမ္မလင်းမြို့အောက်ဘက် ခြမ်းက ကက်သာဆင်း ရေကြောင်းလည်း ကျပ်ပါတယ်။ ကျန်တဲ့နေရာတွေကတော့ ရေလမ်းကြောင်းပေါက်တာအပေါ် မူတည်ပြီး ရေကြောင်းကျပ်တာတွေဖြစ်တာပါ။ ရေကြောင်းကျဉ်းလာရင် ပိုပြီး ပျက်စီးတယ်။ ရေကြောင်းကျပ်တဲ့ နေရာတွေမှာ ရေကြောင်းပြ အမှတ်အသားတွေထားရှိပါတယ်။ နွေရာသီ မြစ်ရေနည်းချိန်မှာ သတ်မှတ်ပေးထားတဲ့ ရေလမ်းကြောင်းအတိုင်း မောင်းမယ်ဆိုရင် ရေလမ်းကြောင်း ရေရှည်ခိုင်မယ်။ ဒါကြောင့် သတ်မှတ်ပေးထားတဲ့ ရေလမ်းကြောင်းက မောင်းနှင်ကြဖို့ လိုအပ်ပါတယ်"ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းက ပြောသည်။

ရေနည်းကာလတွင် လူစီး အမြန်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များ ရေကြောင်းတစ်လျှောက်၌ မတော်တဆမှုများ ဖြစ်ပွားခြင်း မရှိစေရန်၊ ရေလမ်းကြောင်း မပျက်စီးစေရန်နှင့် ရေယာဉ်များ ရေကြောင်းအန္တရာယ်ကင်းရှင်းစေရန်အတွက် ရေလမ်းကြောင်း အသုံးပြုသူများအနေဖြင့် မိမိရေယာဉ်၏ ဝန်တင်ရေစူးကို ရေလမ်းကြောင်း အခြေအနေအပေါ် မူတည်ပြီး သတ်မှတ်ပေးထားသော ရေစူး ကန့်သတ်ချက်များနှင့်အညီ တင်ဆောင်မောင်းနှင်နိုင်ရန် သတိပေးချက်များ ထုတ်ပြန်ထားသည်။ ချင်းတွင်းမြစ်အတွင်း မောင်းနှင်သွားလာနေကြသော ရေယာဉ်များအတွက် ရေနည်းကာလအဖြစ် နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အထိ ခြောက်လတာကာလကို သတ်မှတ်ထားကြောင်း သိရသည်။

**ဝင်းဦး(ဗေဒါတိုင်း)**

---

## ယခုနှစ် တရုတ်နှစ်သစ်ကူးကာလတွင် ဆန်နှင့်ဆန်ကွဲဈေးနှုန်းအတက်ဈေးဘက်သို့ ဦးတည်နေ

**မန္တလေး ဖေဖော်ဝါရီ ၅**

တရုတ်နှစ်သစ်ကူးကာလတွင် ဆန်နှင့် ဆန်ကွဲဈေးနှုန်းများကျမည်ဟု ခန့်မှန်းထားသော်လည်း အတက်ဈေးဘက်သို့ ဦးတည်နေကြောင်း မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်များအသင်းမှ သိရသည်။

“ ပုံမှန်နှစ်တွေဆိုရင် တရုတ်နှစ်သစ်ကူးကာလမှာ ဆန်ဈေးကျမယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားတယ်။ ယခုနှစ်မှာ တရုတ်က ကိုရိုနာဗိုင်းရပ်စ်ဖြစ်တဲ့အတွက် တရုတ်ကုန်သည်တွေကလည်း ဆန်တွေ ဝယ်စုတယ်။ ပြီးတော့ ပင်လယ်ရေကြောင်းကရောင်းတဲ့ ကုန်သည်ကြီးတွေကလည်း စာချုပ်ချုပ်ထားတဲ့အတွက် ဆန်တွေ အလုအယက်ဝယ်နေကြတယ်။ ပြောင်းပြန်အချိုးဖြစ်သွားတာပေါ့”ဟု တိုင်းဒေသကြီး ဆန်စပါးကုန်သည် များအသင်း အထွေထွေအတွင်းရေးမှူး ဦးစိုင်းကျော်က ပြောသည်။

ဇန်နဝါရီလအတွင်း ဆန်တစ်အိတ်လျှင် ငွေကျပ်၂၀၀၀ ဈေးတက်ကြောင်း၊ ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ အထိ ဈေးနှုန်းများတက်ကြောင်းနှင့် တရုတ်နှင့် မြန်မာနိုင်ငံ ဆန်တင်ပို့ရောင်းချခွင့်ရရှိသည့် ကုမ္ပဏီမှာ ၁၁ ခု ရှိကြောင်း တိုင်းဒေသကြီး ဆန်စပါးကုန်သည်များအသင်းမှ သိရသည်။

“ ဆန်ရောင်းထားတဲ့အခြေအနေကလည်း များတယ်။ ပြီးတော့ တရုတ်ကလည်း ဝယ်ပြီဆိုတဲ့အချိန်ဆိုရင် အင်တိုက်အားတိုက် ဝယ်မယ်လို့ ခန့်မှန်းမိတယ်။ နွေစပါးပေါ်လာရင်လည်း ရောင်းထားတဲ့အင်အားနဲ့ စပါးပေါ်မယ့်အင်အားနဲ့က ရောင်းထားတာက ပိုများချင်တောင်များနေမယ်ပေါ့။ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ဆုံးရှုံးနစ်နာမှု အများကြီးမရှိနိုင်ပါဘူး။ အစိုးရက ထုတ်ပြန်ထားတဲ့ စပါးဈေး ငွေကျပ် ငါးသိန်း၊ ကြမ်းခင်းဈေးဆိုတာကလည်း ဒီနှစ်ထဲမှာ ရောက်စရာတော့ မရှိတော့ဘူး ” ဟု ဦးစိုင်းကျော်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် နွေစပါး၊ သီးထပ်နွေစပါး၊ မိုးကြိုစပါးနှင့် မိုးစပါး စသည်ဖြင့် စိုက်ပျိုးကြပြီး မိုးစပါးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ နွေစပါးကို ဒုတိယအများဆုံးစိုက်ပျိုးကြပြီး မိုးကြိုစပါးကို နေရာဒေသ နည်းနည်းတွင်သာ စိုက်ပျိုးကြကြောင်းနှင့် တရုတ်နိုင်ငံကို ပေါ်ဆန်းမွှေး၊ မဂျမ်းတော၊ ဧရာမင်း စသည့် ပြည်တွင်းစားသုံးနေသည့် ဆန်များမှလွဲ၍ ကျန်ဆန်အမျိုးအစား အားလုံးနီးပါးနှင့် ဆန်ကွဲများလည်း တင်ပို့ရကြောင်း သိရသည်။

**တင်ဇာလှိုင်**

---

## ရေတာရှည်မြို့နယ်၌ ဆွာဆည်တာမံမှရေဖြင့် နွေစပါးများအောင်မြင်စွာ စိုက်ပျိုးနေ

**ရေတာရှည် ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာဆည်တာမံမှ ရေပေးဝေမှုဖြင့် နွေစပါးများအောင်မြင်စွာ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရပြီး လျာထားကေပေါင်း ၈၀၀၀ ဖြစ်သော်လည်း ပိုလျှံရေဖြင့် ယခုထက်ပိုမို စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဒေသခံတောင်သူများက သုံးသပ်ပြောကြားသည်။

၂၀၁၉ - ၂၀၂၀ နွေစပါးစိုက်ပျိုးရာသီတွင် ဆွာဆည်တာမံ DY-၂ နှင့် ဆက်စပ်ရေပေးမြောင်းများမှ တစ်ဆင့် ကျေးရွာအုပ်စု ရှစ်အုပ်စုအတွင်းရှိ တောင်သူများအား ရေပေးဝေမည့် အစီအစဉ်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလင်းက ကြိုတင်အသိပေး အကြောင်းကြားခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်မှ စတင်ကာ စိုက်ပျိုးရေများ စတင်ပေးဝေခဲ့ခြင်းဖြစ်သည်။ နွေစပါးများ စိုက်ပျိုးရာတွင် ရက်ကိုးဆယ် ထိုင်းကောက်၊ ခေတ်သစ်ရော၊ ရတနာတိုးအစရှိသည့် စပါးမျိုးများကို စိုက်ပျိုးကြပြီး ရေပေးစနစ်များ အဆင့်မြှင့်ထားနိုင်ပြီဖြစ်၍ တောင်သူများအတွက် စိုက်ပျိုးရေ အဆင်ပြေလျက်ရှိသည်။ တစ်ဧကလျှင် တင်း ၉၁ မှ တင်း ၁၀၀ ကျော်အထိ ထွက်ရှိနိုင်ကြောင်း တောင်သူများက ကြိုတင်ခန့်မှန်းတွက်ချက်မှုများ ရှိနေသည်။

**သန်းလွင်**



နွေစပါးများ အောင်မြင်ဖြစ်ထွန်းရေး ဆွာဆည်တာမံမှ ရေပေးဝေနေမှုကို တွေ့ရစဉ်။

---

# အမြို့မြို့အနယ်နယ်၌ ကျင်းပမည့်ပွဲများ

## နေပြည်တော်၌ ပဥ္စမအကြိမ်မြောက် အထူးတရားပွဲ

စိုးမိုးသူ လူမှုကူညီရေးအဖွဲ့ (နေပြည်တော်)မှ ဦးစီးကျင်းပမည့် ပဥ္စမအကြိမ်မြောက် အထူးတရားပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ အထက(၈)ကျောင်းရှေ့တွင် ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၈ ရက်တွင် ဒေါက်တာ အရှင်ဆေကိန္ဒ၊ ဖေဖော်ဝါရီ ၉ ရက်တွင် မေတ္တာဂုဏ်ရည် အရှင်သုမင်္ဂလ၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရာဘိဝံသတို့က ညစဉ် ၇ နာရီခွဲ၌ အထူးတရားပွဲကြီး ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ ပွဲတော်ကြီးအတွက် တရားချစ်ခင်ဓမ္မမိတ်ဆွေများအနေဖြင့် လာရောက်၍ တရားတော်နာယူနိုင်ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

---

## မော်လမြိုင်၌ မွန်အမျိုးသားနေ့(ဗဟို) အခမ်းအနား

(၇၃)ကြိမ်မြောက်မွန်အမျိုးသားနေ့(ဗဟို) ကို မွန်ပြည်နယ်လွှတ်တော်ရုံးဘေးရှိ မြေနေရာမော်လမြိုင်မြို့၌ ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီအတွင်းရေးမှူး မင်းကရိုင်းထံမှ သိရသည်။

အဆိုပါ အခမ်းအနားကို ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းပြီး ဆပ်ကော်မတီ ၁၃ ခုဖွဲ့စည်းကာ လုပ်ငန်းများ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ငွေကျပ်သိန်း ၅၀၊ မွန်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၄၅၀၊ အလှူရှင်များ လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ကျော် ရရှိထားပြီးဖြစ်ကြောင်း ကျင်းပရေး ကော်မတီဒုတိယဥက္ကဋ္ဌ (၁) နိုင်ရာဇာက ပြောသည်။

မွန်အမျိုးသားနေ့မတိုင်မီ စာပေပြိုင်ပွဲ၊ မာရသွန်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ကြိုတင်ကျင်းပထားပြီး ရှေးကျသော မွန်ယဉ်ကျေးမှုပြခန်းနှင့် မွန်ပြည် နယ် ၁၀ မြို့နယ်မှ ရိုးရာဓလေ့အမှတ်တရပစ္စည်းအရောင်းဆိုင်၊ စားသောက်ဖွယ်ရာဆိုင်ခန်း ၈၂ ခန်း ဖွင့်လှစ်ရောင်းချသွားမည်ကြောင်း သိရသည်။

**မုဒုံမောင်မောင်**

---

## မန္တလေးနည်းပညာတက္ကသိုလ် စာဖတ်စွမ်းရည်ပြိုင်ပွဲ

မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်/ကောလိပ်များမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်မည့် စာဖတ်စွမ်းရည်ပြိုင်ပွဲကြီးကို ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ် (MTU) ကျောင်းသားများ သမဂ္ဂမှ ဦးဆောင်၍ ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌကိုကျော်တိုးတိုးဟန်ထံမှ သိရသည်။

ပြိုင်ပွဲတွင် စာအုပ်ပေါင်း ၃၀ အတွင်းမှ မိမိကြိုက်နှစ်သက်ရာ စာအုပ် ၁၀ အုပ်ကို ကြိုတင်လေ့ လာဖတ်ရှုပြီး ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဒိုင်အဖြစ် ဆရာမင်းတင်ထွဏ်း၊ ဆရာစိုးဘားဒိုင်၊ ဆရာမောင်ကိုကို (အမရပူရ)၊ ဆရာမ စံပယ်ဖြူနု၊ မန္တလေးနည်းပညာတက္ကသိုလ် မြန်မာစာဌာနမှူး ဆရာမ ဒေါက်တာ သင်းသင်းညွန့်တို့က ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်/ ကောလိပ်ပေါင်းခုနစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်ကိုကို**

---

## မိတ္ထီလာမြို့၌ စာအုပ် စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာနတွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ကလေးများအတွက် ပျော်ပွဲရွှင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အခြားပျော်ပွဲရွှင်ပွဲနှင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

---

စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်ပွဲ ပြုလုပ်

**မြောင်းမြ**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ်တွင်အလှူရှင်များလှူဒါန်းမှုဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရေကျော်ကုန်းကျေးရွာနှင့် ပျဉ်းကတိုးကုန်းကျေးရွာတို့ရှိ အဆိုပါ အဆောက်အအုံများရှေ့၌ ကျင်းပသည်။

ရေကျော်ကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်၊ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ဆေးခန်းအဆောက်အအုံအလှူရှင် ဦးဘာဘာချို၊ ဒေါ်ရီရီဝေတို့က လည်းကောင်း၊ ပျဉ်းကတိုးကုန်းကျေးရွာ ကျေးလက်ဆေးပေးခန်းအား အလှူရှင် ဂျာမနီနိုင်ငံမှ Mr.Dieter Schlatter နှင့် Mrs.Mijam Schlatter တို့က လည်းကောင်း ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**အောင်မင်း(မြောင်းမြ)**

**မိုင်းဖြတ်**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် Book Clubအဖွဲ့တို့မှ ပူးပေါင်းစီစဉ်ကျင်းပသည့် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မူလတန်းအဆင့် ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

**ဂန့်ဂေါ**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျောင်းကော်မတီဖလား ဖူဆယ်ဘောလုံး ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အလက မြောက်ကုန်းကျောင်း အားကစားကွင်း၌ ပြုလုပ်ရာ ဂန့်ဂေါခရိုင်အားကစားနှင့် ကာယပညာဦးစီးမှူး ဦးဇော်ဝင်းကိုက ကျောင်းကော်မတီဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များဖြင့် အဖွင့်အမှာစကားပြောကြားခဲ့သည်။

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကျောင်းကော်မတီဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးပြိုင်ပွဲဝင်အသင်း ငါးသင်းစီဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း၊ တစ်နေ့ လေးပွဲနှုန်းဖြင့် ဖေဖော်ဝါရီ ၁၀ ရက်ထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။

**ထင်အောင်နိုင်(ပြန်/ဆက်)**

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမက(၂)မူလွန်ကျောင်းမှ ကျောင်းသား/ သူများအား ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အင်္ဂလိပ်စာလုံးဆက်ပြိုင်ပွဲကို ကျင်းပပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းနယ်စပ်ဂိတ်မှ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ စစ်ဆေးပြီးပြန်လည်လက်ခံ

**ကော့သောင်း ဖေဖော်ဝါရီ ၅**

ထိုင်းနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံ ဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ပြန်လည် လွှဲပြောင်းပေးသည့် မြန်မာရွှေ့ပြောင်း အလုပ်သမား အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ရှစ်ဦး အပါအဝင် စုစုပေါင်း အလုပ်သမား ၆၄ ဦး ကို ယမန်နေ့ မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနတာဝန်ရှိသူများက ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် လာရောက် ပြန်လည်လွှဲပြောင်းပေးအပ်ရာ ကော့သောင်းမြို့နယ် ကျန်းမာရေးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများက ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးစစ်ဆေးပြီး ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။



ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်သည့် ရွှေ့ပြောင်းအလုပ်သမားများ ကျန်းမာရေးစစ်ဆေးနေစဉ်

အဆိုပါ အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ လူကုန်ကူးမှု တိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများကကြိုဆို လက်ခံကြကာ ပြည်သူ့ကျန်းမာရေး ဌာနမှ ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ရှိမရှိ လက်ကိုင်အဖျားတိုင်း ကိရိယာဖြင့် စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ တစ်ဦးချင်းစီသို့ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ ထိုသို့လာရောက်လွှဲပြောင်းပေးအပ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများတွင် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါကူးစက်ခံရသည့်သံသယဖြစ်သူများ ပါဝင်လာခြင်းမရှိကြောင်း ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## နမ့်ဆန်၌ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**နမ့်ဆန် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်၍ ယမန်နေ့ကစပြီး မူဆယ်မှ ပြန်လာသည့် ခရီးသည်များ၊ တရုတ်ပြည်မှ ဝင်ရောက်လာသည့် ခရီးသည်များကို ကိုယ်အပူချိန်များ တိုင်းတာခြင်း၊ အသိပညာပေး စာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထက်ဖြိုးဝေနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထန်းရွှီနှင့် မင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မူဆယ်မြို့မှ ပြန်လာသည့် ခရီးသည်များ၊ လားရှိုးမြို့မှ ပြန်လာသည့် ခရီးသည်များနှင့် တရုတ်ပြည်မှ ပြန်လာသည့် ခရီးသည်များအားလုံးကို မြို့နယ်ပြည်သူ့ဆေးရုံတွင် ကိုယ်အပူချိန်များစစ်ဆေးခြင်း၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ရှိမရှိ ကျန်းမာရေး စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေးပြီး ခရီးသည်များထံမှ ရောဂါလက္ခဏာများ ထူးခြားမှုတစ်စုံတစ်ရာ မတွေ့ရှိကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

**အောင်မိုး (ပြန်/ဆက်)**




GRAND PRIZE
UPG
25th ANNIVERSARY
1995 - 2020
GRAND PRIZE
UPG ကုမ္ပဏီ၏ ၂၀၂၀ ပြည့်နှစ်တွင်ကျရောက်သည့် (၂၅)နှစ်ပြည့်
“ငွေရတု”အထိမ်းအမှတ် ကျေးဇူးတုန့်ပြန်မည့် ကံစမ်းမဲအစီအစဉ်
ဆုကြီးများကံထူးရန်အတွက် အချိန်နီးကပ်လာပါပြီ...
နေအိမ်လေးလည်းလှ ဆုမဲကြီးများလည်းရမှာဆိုတော့
ဝယ်ယူအားပေးထားသူများမှ ကံစမ်းမဲလက်မှတ်များကို ၁၀.၂.၂၀၂၀ ရက်နေ့
ည (၁၂)နာရီ နောက်ဆုံး Register လုပ်ဖို့ မမေ့ကြနဲ့နော် !!!
၁၅.၂.၂၀၂၀ ရက်နေ့တွင် ကံထူးရှင်များကို Park Royal Hotel နံနက် (၁၀)နာရီအချိန်မှာ
SKY NET Up to Date Channel နှင့် Facebook Page,
UPG Paint & Coating Facebook Page တို့တွင် Live လွှင့်၍ကံစမ်းပေးမှာဖြစ်ပါတယ်။
ကံစမ်းမဲကျင်းပရာပွဲသို့ တက်ရောက်လိုသည့်ဝယ်ယူအားပေးထားသူများသည်
upgrewards.com တွင် Register ပြုလုပ်နိုင်ကြောင်းအသိပေးအပ်ပါသည်၊
တက်ရောက်သူဦးရေ (၁၀၀) လက်ခံပါမည်။
တက်ရောက်သူဦးရေ အကန့်အသတ်ရှိပါသဖြင့် အချိန်မီ မှတ်ပုံတင်ရန် မေတ္တာရပ်ခံအပ်ပါသည်၊
အသေးစိတ်ကို Hotline 01 2399900 နှင့် Facebook.com/upgpaint တွင်စုံစမ်းသိရှိနိုင်ပါသည်။
Star Phone App *1995
www.upgpaint.com

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ကျောက်မျက်ရတနာပြပွဲများကျင်းပပြုလုပ်ရာတွင် အဆင်ပြေစေရန်အတွက် X-Ray Machine (၂)လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၆-၂-၂၀၂၀ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၃-၂၀၂၀ရက် ၁၆:၃၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံကို ဝန်ကြီးဌာနWebsite (www.mining.gov.mm)တွင် Downloadရယူနိုင်ပြီး အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ဖုန်း-၀၆၇-၄၁၄၉၀၄၊ ၀၆၇-၄၁၄၈၆၉တို့သို့ ရုံးချိန်အတွင်း လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံးအတွက် အောက်ဖော်ပြပါရုံးသုံး ပရိဘောဂနှင့် စက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Meeting Chair (ဆုံလည်ကုလားထိုင်) | (၃၀)လုံး |
| (ခ) | Aluminium ဘီဒို(6'x3'x1.4') | (၁၀၀)လုံး |
| (ဂ) | လေအေးပေးစက်(2HP Split Type) | (၉)လုံး |
| (ဃ) | ရေခဲသေတ္တာ(2 Door) | (၉)လုံး |
| (င) | Television (32'') | (၁၁)လုံး |
| (စ) | Generator(25)KVA | (၁)လုံး |
| (ဆ) | Digital Multifunction Copier (A3) | (၁၁)လုံး |
| (ဇ) | Colour Multifunction Copier (A3) | (၁)လုံး |
| (ဈ) | Desktop Computer i7 & UPS | (၄၅)လုံး |
| (ည) | Laser Printer A4 | (၅၀)လုံး |
| (ဋ) | Fax (Plain Paper Fascimile) | (၁၀)လုံး |
| (ဌ) | Colour Printer (All-in-one) | (၈)လုံး |
| (ဍ) | Projector | (၁)လုံး |
| (ဎ) | Scanner | (၅)လုံး |
| (ဏ) | Calculator | (၆)လုံး |

၂။(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၂-၂၀၂၀ရက်မှ ၄-၃-၂၀၂၀ရက်နေ့ အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၅-၃-၂၀၂၀ရက် ညနေ (၄:၀၀)နာရီအထိ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၃-၂၀၂၀ရက် နံနက် (၁၀:၃၀)နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူ/အိတ်ဖွင့် တင်ဒါတင်သွင်းရမည့်နေရာ** - Cluster(3), Building(7)၊ အားကစားလေ့ကျင့်ရေးစခန်း၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာန၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး(နေပြည်တော်)

၃။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းလာသည့် တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံး(နေပြည်တော်)၊ ညွှန်ကြားရေးမှူး၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာန၊ ဖုန်း-၀၆၇-၈၁၀၃၄၁၅၊ ၈၁၀၃၄၁၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## (ဒုတိယအကြိမ်)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် အမရပူရမြို့နယ်၊ တောင်အင်း မြောက်အင်း အမှိုက်ကျင်းအနီးတွင် ဆောင်ရွက်မည့် RDF(Refuse Derived Fuel) ထုတ်လုပ်ခြင်း အပါအဝင်ဖြစ်သည့် Sorting Machine ဝယ်ယူရန် (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အမရပူရမြို့နယ်၊ တောင်အင်းမြောက်အင်း အမှိုက်ကျင်း အနီးတွင် ဆောင်ရွက်မည့် RDF (Refuse Derived Fuel)ထုတ် လုပ်ခြင်း အပါအဝင်ဖြစ်သည့် Sorting Machineကို (ဒုတိယအကြိမ်)အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့)

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** - ၁၀-၃-၂၀၂၀(အင်္ဂါနေ့) ၉:၃၀နာရီမှ ၁၃:၃၀နာရီထိ

(ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် ရက်/အချိန်** - ၁၁-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ** - မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၅၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်းသန့်ရှင်းရေးဌာန (နန်းရှေ့ဈေးအပေါ်ထပ်) တွင် ဝယ်ယူနိုင်ပါသည်။ (အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၂-၄၀၇၂၀၀၃ သို့ စုံစမ်းနိုင်ပါသည်။)

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သာစည်မြို့နယ်အသင်း(ရန်ကုန်) အကြိမ်(၂၀)မြောက် သင်းလုံးကျွတ်၊ နှစ်ပတ်လည် အစည်းအဝေး ဖိတ်ကြားခြင်း

သာစည်မြို့နယ်အသင်း(ရန်ကုန်) အကြိမ်(၂၀)မြောက်၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်ဖြစ်ပါသဖြင့် သာစည်မြို့နယ်သူ/သားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သော မိမိတို့၏ သား/သမီး အမည်စာရင်းများကို အောက်ဖော်ပြပါဖုန်းနံပါတ်များနှင့် ဆက်သွယ်ပြီး အကြောင်းကြားပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ။ ။ ၁၂-၂-၂၀၂၀ရက် (ပြည်ထောင်စုနေ့)
**အချိန်** ။ ။ မွန်းလွဲ ၁နာရီ
**နေရာ** ။ ။ အောင်ချမ်းသာကျောင်းတိုက်၊ ကံဘဲ့ဘုတာရုံလမ်း၊ ရန်ကင်းမြို့နယ်

ဦးညွန့်ဦး(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၄၂၀၂၉
ဦးမောင်ငွေ(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၃၇၇၄၆

## အစည်းအဝေးဖိတ်ကြားခြင်း

မန္တလေးမြို့၊ အမှတ်(၆၆)၊ ၈၂လမ်း၊ ၁၄x၁၅လမ်းကြားရှိ "အမြတ်မဏိ ကုမ္ပဏီ" ၏ မှတ်တမ်းများ၊ အစုရှယ်ယာများနှင့် သက်ဆိုင်သော အထူးအစည်းအဝေးကို (၅-၂-၂၀၂၀)ရက်တွင် ကျင်းပရန် ဖိတ်ခေါ်ထားသည်ကို သက်ဆိုင်ရာဒါရိုက်တာအပြည့်အစုံ မတက်ရောက်ပါသဖြင့် (၁၃-၂-၂၀၂၀)ရက် (ကြာသပတေးနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင် ဒါရိုက်တာများအားလုံး မပျက်မကွက် တက်ရောက်ပေးပါရန် ဒုတိယအကြိမ် ဖိတ်ကြားအပ်ပါသည်။

**အမြတ်မဏိ ကုမ္ပဏီ ဒါရိုက်တာအဖွဲ့**

## တစ်ချက်တည်းကျင်းဝင် (ရွှေဖြူရတနာဂေါက်ကလပ်၊ သံဖြူဇရပ်မြို့)

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ရက် ညနေ ၄ နာရီတွင် သံဖြူဇရပ်မြို့၊ ရွှေဖြူရတနာ ဂေါက်ကွင်း၌ ဦးကျင်သိန်းသည် ကစားဖော်များဖြစ်သော ဦးဝေလင်းအောင်၊ ဦးကိုကိုအောင်၊ ဦးဝင်းဇော်ဦး၊ ကိုမျိုးမင်းစိုးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို (၁၄၃)ကိုက်အကွာမှ Srixon(3) ဘောလုံးအား Titleist တုတ်နံပါတ်(၉)ဖြင့် ရိုက်လိုက်ရာ တစ်ချက် တည်းဖြင့် ကျင်းဝင်သွားသည့်အတွက် ရွှေဖြူရတနာ ဂေါက်ကလပ်မှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း တင်ဒါပိတ်ရက်အားပြင်ဆင်ခြင်း

၉-၁-၂၀၂၀ရက်နှင့် ၁၀-၁-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်ပါရှိသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ Tender No.82(Re)& 83(Re)/EPGE/2019-2020 ပါတင်ဒါပိတ်ရက် ၈-၂-၂၀၂၀ရက်အစား ၁၉-၂-၂၀၂၀ရက်ဟု ပြင်ဆင်သတ်မှတ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | (၆၀၀၀၀၀)ဂါလန် |
| (ခ) | ပရီမီယံဒီဇယ်ဆီ | (၅၀၀၀၀)ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၆-၂-၂၀၂၀ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၉-၂-၂၀၂၀ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။အသေး စိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ရန်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မြမဥ္ဇူလမ်း၊ အိမ်အမှတ်-၅၀/၅၊ မြေတိုင်းအမှတ်-400A၊ မြေကွက်အမှတ်-63-A၊ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးရဲသီဟမြင့် (ခ)ဦးရဲဖြိုး အောင်မှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ပြီး အရှုပ်အရှင်းကင်းဖွင့်ဟ ဝန်ခံ၍ အပြီးအပိုင်ရောင်းချသဖြင့် အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းအောင်နှင့် ဒေါ်နွယ်နွယ်ဝင်းတို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းနှင့် အိမ်တန်ဖိုးပေးချေခြင်းများကို ၁၁-၂-၂၀၂၀ရက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာကြိုင်** | **ဒေါ်ဖြိုးဝေကြိုင်** |
| **(LL.B,D.BL)** | **LL.B,D.B.L,D.M.L.D.J.** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၆၂)** | **L,B.D.S** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၀၁၇၈)** |
| | **ဖုန်း-၀၉-၂၆၀၀၁၀၇၅၅** |

## ရှရီရာ(မ်)ဂျာနီကီးဘုရားကျောင်း သူဌေးကုန်းကျေးရွာ၊ ကျောက်တံခါးမြို့နယ် ရှရီရှရီမတ်သ်ဘာဂ်ဝသ် မဟာကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဟာရီးကျေးရွာအုပ်စု၊ သူဌေးကုန်းကျေးရွာရှိ ရှရီရာ(မ်) ဂျာနကီးဘုရားရှိခိုးကျောင်း၌ ဟိန္ဒူဘာသာဝင်များစုပေါင်း၍ နှစ်တစ်ရာပြည့်အထိမ်းအမှတ်ရှရီရှရီမဒ်ဘာဂ်ဝ(သ်) မဟာကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲတော်ကြီးကို အိန္ဒိယနိုင်ငံမှ ကြွရောက်လာသော ဟိန္ဒူဘာသာ တရားဟောဆရာလေး Devi Chitralekha Ji ဒေဝီကျီသရာလေခမှ ၃-၂-၂၀၂၀ရက်မှ ၁၀-၂-၂၀၂၀ရက်အထိ နေ့စဉ် ညနေ ၆ နာရီမှ ည၉နာရီအထိ မဟာကျမ်းမြတ်များကိုရွတ်ဖတ်ပူဇော်မည်ဖြစ်ပါ သောကြောင့် အနယ်နယ်အရပ်ရပ်မှ သူတော်စင်အပေါင်းတို့အား တရားတော်များလာရောက်နာယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| **အတွင်းရေးမှူး** | **ဥက္ကဋ္ဌ** |
| **ဦးရာဂျ်ကူမာရ်** | **ဦးဟေမန်(သ်)ကူမာရ်** |




## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂) တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၌ ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် ၅၂ နှင့် ဆက်နွယ်သည့် ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ် ၂

| | | |
|---|---|---|
| ဒေါ်နီနီမာ | **နှင့်** | ဒေါ်ညွန့်တင် |
| **တရားနိုင်** | | **တရားရှုံး** |

တရားရှုံး(ယခုနေရပ်လိပ်စာ) အမှတ် -၁၁၃၇/က၊ အောင်တံခွန်လမ်း၊ (၅၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ သိစေရမည်။

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် ၅၂တွင် တရားနိုင်ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ၊ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၈၁ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) နံနက် ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေပင်သူ)**
**ဒု-မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(၁) မန္တလေးခရိုင်တရားရုံးတော် ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၄၅၈

| | | |
|---|---|---|
| ဒေါ်ဝါဝါနွယ် | **နှင့်** | ၁။ ဦးဇော်ဇော် |
| | | ၂။ ဒေါ်ယုယုထွေး |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မိကျောင်းတက်ကျေးရွာအုပ်စု၊ မိကျောင်းတက်ကျေးရွာ၊ ဦးပိုင်(၁၂၈)၊ ကွင်းအမှတ်-၅၈၃နေ ၁။ တရားပြိုင် ဦးဇော်ဇော်(ဘ) ဦးတင်ဆန်း၊ ၂။ တရားပြိုင်ဒေါ်ယုယုထွေး(ဘ)ဦးတင်ဆန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ဝါဝါနွယ်က တရားလိုလက်ရှိဖြစ်သည့်မြေအား လက်လွှတ်သွားမှုအပေါ် လက်ရောက်ရလိုမှု(သို့မဟုတ်) သီးခြားသက်သာခွင့် ဥပဒေပုဒ်မ-၉ အရစွဲဆိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်ကအမည်ပါသူ တရားလို၏အဆိုကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန္တာရှင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(RA-IV / ကွက်ပြင်)၊ ဦးပိုင်အမှတ်(၅၄-က)၊ မြေကွက်အမှတ်-(19/334)၊ ဧရိယာ (၀ဒသမ၉၅)ဧကရှိ မြေကွက်အား အမည်ပြောင်းရန်နှင့် သက်တမ်းတိုးဂရန်လျှောက်ထားရန် (၁) ဦးအောင်မော်သိန်း ၁၂/မရက(နိုင်)၀၄၄၈၃၃၊ (၂) ဒေါက်တာမိုးမြတ်ဝင်း ၁၂/မရက(နိုင်) ၀၄၄၈၃၄၊ (၃) ဦးအောင်ဇင်မိုး(ခ)Alvin Aung Zin ၁၂/မရက(နိုင်) ၁၄၈၀၃၆တို့(၃)ဦးက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် /မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့၊ အေလာစွမ်းရည်တိုးကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေသက်မော်၏ဖခင် ဦးမိုးဟာမက်ယူနစ် ၉/လဝန(နိုင်)၀၇၇၄၆၈နှင့် ဦးမောင်မောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(ခွဲ) ဝက်ချုပ်နဝမတန်းမှ မမြင့်မြင့်ခင်နှင့် မောင်မျိုးကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဝင်း ၈/ရနခ (နိုင်) ၀၇၁၃၉၈ ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဝင်း**

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အမှတ်(၄၅/ဘီ)နေ ဦးမိုင်ဆန်ဖုန်၏ သမီး ဒေါ်မိုင်ဆန်ချန် ၁/နမန(နိုင်) ၀၀၂၂၆၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၁-၁၉၆၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ မေခဝန်ထမ်းအိမ်ရာနေ (ဘ)ဦးမနား ဖုန်၏သမီး ဒေါ်မနားနင်ရမ် ၁/ပတအ(နိုင်)၀၃၆၉၃၅၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁၀-၁၉၈၁ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ မေခဝန်ထမ်းအိမ်ရာနေ (ဘ)ဦးဘန်းငူခင်တို့၏သမီး ဒေါ်ဘန်းငူခေါ်ရမ် ၁/ပတအ(နိုင်)၀၃၄၉၀၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၁၉၈၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ဃ/၈၅၄၄၁ WON JAN 110(M/C) ယာဉ်လက်ဝယ်ရှိသူ ဦးစောအဲလမို ၁၄/ပသန(နိုင်)၀၉၂၈၅၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၇/ဘိုးတော်ဘုရားရပ်)၊ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ ၀ဒသမ၀၆၉ဧကရှိမြေကွက်ကို ဦးမိုးကျော်အောင်(ဘ)ဦးစိန်မြ ၉/တကန(နိုင်)၀၁၂၀၉၁မှ တရားရုံးကျမ်းကျိန်လွှာ အမှတ်(၅၂၄/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အရောင်းအဝယ်စာချုပ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီးအဆောက်အအုံဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံဓာတ်ငွေ့ရည်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

